# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှုပြု**

ပန်းစုပန်းပုံအတွင်းမှ များစွာသော ပန်းကုံးတို့ကို သီကုံးပြုလုပ်ရာသကဲ့သို့ ဖြစ်ပေါ်လာသော သတ္တဝါသည် ဥစ္စာသဒ္ဓါတည်းဟူသော အစုအပုံအတွင်းမှ မြောက်မြားစွာသော ကုသိုလ်ကောင်းမှုကို ပြုရာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၅၁)


၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၁၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၅)၊ အမှတ် (၂၂၅)


# အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် မိမိတို့ မည်သည်ကို လိုချင်သည်ဟူသော တောင်းဆိုမှုထက် မိမိတို့ဘက်က မည်သည်ကို ပေးနိုင်သည်ဟူသော ကမ်းလှမ်းချက်ကို အခြေခံ၍ အဓိကထားဆွေးနွေးကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြား



**အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre-NRPC) ဖွဲ့စည်းရေးနှင့် နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံ အကြိုပြင်ဆင်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်** (သတင်းစဉ်)

**နေပြည်တော်　မေ　၁၆**

အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် အဓိကအချက်မှာ ပါဝင်သူအားလုံးအနေဖြင့် မိမိတို့ မည်သည်ကို လိုချင်သည်ဟူသော တောင်းဆိုမှုထက် မိမိတို့ဘက်က မည်သည်ကို ပေးနိုင်သည် ဟူသော ကမ်းလှမ်းချက်ကို အခြေခံ၍ ဆွေးနွေးကြရန်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre-NRPC) ဖွဲ့စည်းရေးနှင့် နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံ အကြိုပြင်ဆင်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❐

# လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိ

**နေပြည်တော်　မေ　၁၆**

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း၊ သီရိလင်္ကာနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော မန်နာပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပြီး မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

*စာမျက်နှာ ၅ ကော်လံ ၄* ◆




**ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများ**

၁၆-၅-၂၀၁၆

| | | |
|---|---|---|
| နေပြည်တော် | ၉ | ဒသမ ၂ |
| ရန်ကုန် | ၁၀ | ဒသမ ၈ |
| မန္တလေး | ၈ | ဒသမ ၀ |


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# မိမိတို့ခေတ်၏ သမိုင်းပေးတာဝန်

ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဖော်ဆောင်မည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမိုင်းဝင်သဘောတူစာချုပ် (သို့မဟုတ်) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ယမန်နှစ်အောက်တိုဘာလ ၁၅ ရက်တွင် ထိုစဉ်က နိုင်ငံတော်အကြီးအကဲများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့မှ ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါသဘောတူစာချုပ်တွင် အခန်း (၇) ခန်းနှင့် အပိုဒ်ပေါင်း (၃၃) ပိုဒ် ပါရှိသည်။ စာချုပ်၏အနှစ်ချုပ်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်သွားရေး၊ လက်နက်ကိုင်တိုက်ပွဲများကိုစွန့်လွှတ်ပြီး နိုင်ငံရေးနည်းလမ်းများဖြင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပူးပေါင်းဖော်ဆောင်သွားရေးတို့ဖြစ်သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သည် ထိုစဉ်က အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် ပြည်သူတို့ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အစည်းအဝေးပေါင်းမြောက်မြားစွာ ကျင်းပခဲ့ရသည်။ စာချုပ်ပါ အပိုဒ် (၃၃) ပိုဒ်အတွက် တစ်ချက်ချင်းကို အကျေအလည် ဆွေးနွေးခဲ့ရာတွင် လပေါင်း ၂၂ လ( နှစ်နှစ်နီးပါးခန့်) ကြာအောင် ဆွေးနွေးခဲ့ရခြင်းဖြစ်သည်။

အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre-NRPC) ဖွဲ့စည်းရေးနှင့် ၂၁ ရာစု ပင်လုံညီလာခံ အကြိုပြင်ဆင်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နိုင်ငံတော်သမ္မတအိမ်တော်၌ ယမန်နေ့က ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဆွေးနွေးညှိနှိုင်းရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် NCA ကိုအခြေခံ၍ ပြောင်းလွယ်ပြင်လွယ် ဆွေးနွေးကြရန်" မှာကြားခဲ့သည်။ ဤသည်မှာ အစိုးရသစ်လက်ထက်တွင် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို သမိုင်းပေးတာဝန်များအဖြစ် ဆက်လက်ထမ်းဆောင်ရန် ပြင်ဆင်ခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

ပြည်တွင်းငြိမ်းချမ်းရေးတွင် တပ်မတော်အနေဖြင့်လည်း "ထာဝရငြိမ်းချမ်းရေးမှတစ်ဆင့် All Inclusives အားလုံးပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဆီသို့ဆိုသည့်မူဝါဒ မူလရည်မှန်းချက်အတိုင်း နိုင်ငံတော်အစိုးရ၊ လွှတ်တော်တို့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မီဒီယာများတွေ့ဆုံမေးမြန်းမှုကိုဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း "သမ္မတကြီး ဦးထင်ကျော်ခေါင်းဆောင်သည့် အစိုးရသစ်လက်ထက်မှာလည်း သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ ပြည်သူလူထုပေါင်းစပ်ပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်" ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထာဝရငြိမ်းချမ်းရေးဆီသို့ ဆက်လက်လျှောက်လှမ်းရဦးမည့် ခရီးတာမှာ ရှည်လျားသည်။ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းဆောင်တာများကလည်း ကြီးမားများပြားလှသည်နှင့်အမျှ အချိန်ကာလအတိုင်းအတာတစ်ရပ်ကို ဖြတ်သန်းကြရဦးမည်။ လက်နက်ကိုင်ပဋိပက္ခများအကြား နေ့စဉ် ရှင်သန်နေကြရသည့် တိုင်းရင်းသားပြည်သူများအဖို့မူ တစ်နေ့တာသည်ပင် ခက်ခဲပင်ပန်းလှစွာ ရင်ဆိုင်ဖြတ်သန်းနေကြရခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးသည် အဆိုပါတိုင်းရင်းသားပြည်သူတို့အတွက် အလိုချင်ဆုံးသော မျှော်လင့်ချက်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံကြီးပေါ်ပေါက်လာရေးသည် မိမိတို့ခေတ်၏ သမိုင်းပေးတာဝန်တစ်ရပ်ပင် ဖြစ်ပါကြောင်း။ ။





# ကမ္ဘာ့ဘဏ်မှ အတိုးမဲ့ချေးငွေဖြင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် မေ ၁၆**

ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် The World Bank မှ Mr.Dejan R.Ostojic နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ အတိုးမဲ့ချေးငွေဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်ရေးနှင့် လျှပ်စစ်မီးသွယ်တန်းရေးတို့အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးစီမံချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ

ထူးခြားသည့်နေ့အပူချိန်များမှာ မြင်းခြံမြို့ ပျဉ်းမနားမြို့ ချောက်မြို့ မကွေးမြို့ တောင်တွင်းကြီးမြို့ တောင်ငူမြို့ သာယာဝတီမြို့နှင့် ဘော်လခဲမြို့တို့၌ ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ မုံရွာမြို့ ရမည်းသင်းမြို့ နေပြည်တော်(ရေဆင်း)၊ နေပြည်တော်လေဆိပ်(ဇလော)၊ မင်းဘူးမြို့ ညောင်လေးပင်မြို့နှင့် ဖြူးမြို့တို့၌ ၄၃ ဒီဂရီစင်တီဂရိတ်စီ၊ မန္တလေးမြို့ မိတ္ထီလာမြို့ ညောင်ဦးမြို့ ကျောက်ဆည်မြို့ တပ်ကုန်းမြို့ အောင်လံမြို့ ဂန့်ဂေါမြို့ ဆင်ဖြူကျွန်းမြို့ ဇောင်းတူမြို့ ရွှေကျင်မြို့ ကြို့ပင်ကောက်မြို့ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

# ထရန်စဖော်မာအနီး အမှိုက်ပုံရှင်းလင်းရန် လိုအပ်

မြန်မာနိုင်ငံ၌ ပြင်းထန်သည့်အယ်နီညို ရာသီဥတုကိုခံစားနေကြရသဖြင့် အဆိုပါ အပူရှိန်ကြောင့် နေပြည်တော်ရှိ အချို့နေရာများတွင် ခြောက်သွေ့လောင်စာများနှင့် ယှဉ်တွဲလျက် နိုင်ငံပိုင်ပစ္စည်းများကိုတွေ့မြင်ရသည်။ နိုင်ငံဘဏ္ဍာများ ပျက်စီးဆုံးရှုံးနိုင်ပြီး မီးဘေးအန္တရာယ်ဖြစ်ပွားနိုင်မည့် ကြီးမားသည့်အန္တရာယ်လည်း ဖြစ်သည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ကုံကော်အိမ်ရာ၊ ရင်သွေးရတနာမူကြိုကျောင်းနောက်ဘက်မှ ထရန်စဖော်မာနှင့် ခြောက်သွေ့လောင်စာများ အတူတကွ ယှဉ်တွဲလျက်ရှိနေခြင်းသည် ကြီးမားသည့်ဘေးအန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ အန္တရာယ်ရှိနိုင်သည့်အနေအထားဖြစ်သောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးဖယ်ရှားရှင်းလင်းသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မောင်မင်း**



# မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေး

**နေပြည်တော် မေ ၁၆**

နေပြည်တော်ရှိ တောင်သူလယ်သမားများအား နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးကာလတွင် စပါးသီးနှံ တစ်ဧက ၁၅၀၀၀၀ နှုန်းဖြင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းနှင့် ပုဗ္ဗသီရိမြို့နယ် ဘဏ်ခွဲများမှ မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ၂၃၆၁၀ ဒသမ ၀၀ သိန်း ထုတ်ချေးပေးရန် လျာထားရာ မေ ၁၆ ရက်တွင် ကျေးရွာအုပ်စု ခြောက်အုပ်စုမှ တောင်သူ ၂၃၇ ဦးသို့ မိုးစပါးစိုက်ဧက ၈၂၈ ဧကအတွက် ချေးငွေကျပ် ၁၂၄၂ သိန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ မိုးစပါးစိုက်ပျိုးစရိတ် ထုတ်ပေးရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပုဗ္ဗသီရိမြို့နယ်ဘဏ်ခွဲမှ အောင်သုခကျေးရွာအုပ်စုနှင့် သက်နှင်းအင်းကျေးရွာအုပ်စုရှိ တောင်သူလယ်သမား ၉၇ ဦးသို့ စပါးစိုက်ဧက ၄၀၄ ဧကအတွက် ချေးငွေပေါင်း ၆၀၆ သိန်းအားလည်းကောင်း၊ ပျဉ်းမနားမြို့ဘဏ်ခွဲမှ သနပ္ပင်ကျေးရွာအုပ်စုနှင့် ပြန်ကပြေးကျေးရွာအုပ်စုရှိ တောင်သူလယ်သမား ၁၁၉ ဦးသို့ စပါးစိုက်ဧက ၃၄၆ ဧကအတွက် ချေးငွေပေါင်း ၅၁၉ သိန်းအား လည်းကောင်း၊ လယ်ဝေးမြို့နယ်ဘဏ်ခွဲမှ ရွှေအင်ကြင်းကျေးရွာအုပ်စုနှင့် အမှတ်(၇)ရပ်ကွက်ရှိ တောင်သူလယ်သမား ၂၁ ဦးသို့ စပါးစိုက်ဧက ၇၈ ဧကအတွက် ချေးငွေပေါင်း ၁၁၇ သိန်းအားလည်းကောင်း မေ ၁၆ ရက်က စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၆-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၆၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၀.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၀.၂၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၉.၁၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# ဆိုင်ကယ်တွေကို ကိုင်တွယ်ကြပါတော့

**ကျော်ရင်မြင့်**

'ဓေ' ကိုမင်းကိုနိုင်က သူတွေ့ခဲ့တာကို ယခုလို ပြန်ပြောပြတယ်။

"မော်တော်ဆိုင်ကယ်ကိုသုံးယောက်စီးတယ်။ ရဲက တားတယ်။ တားတော့ဆိုင်ကယ်မောင်းတဲ့သူက မေးတယ်။ ဘာလို့လဲတဲ့ဆိုတော့ ဆိုင်ကယ်သုံးယောက်စီးလို့တဲ့၊ နောက်က ခါးဖက်ထားတာ ဘယ်သူလဲ၊ မျက်နှာကို သေသေချာချာ ကြည့်လိုက်ဦးဆိုတော့ ရဲလေးက တော်တော်ကြောက်သွားတယ်။ အဲတော့..မသိလို့ပါကွာ၊ အဘတူတွေလားလို့မေးတော့ မဟုတ်ပါဘူးတဲ့။ သေချာကြည့်ထား၊ မှတ်ထားကွတဲ့၊ မော်တော်ဆိုင်ကယ်ပိုင်ရှင်ကွ။ ဆိုင်ကယ်ပိုင်ရှင်က သဘောတူလို့ သုံးယောက်စီးလာတာ၊ မင်းနဲ့ ဘာဆိုင်လဲတဲ့။"

ဒီအဖြစ်အပျက်လေးက ရယ်မောဖို့ကောင်းတယ်။ ရယ်ရတယ်၊ မောရတယ်။

ဇာတ်လမ်းအစပိုင်းမှာ အဘရဲ့တူတွေအထင်နဲ့ ရဲလေးက တော်တော်ကြောက်သွားတယ်ဆိုတော့ ကျားလည်းကြောက်ရ ကျားချေးလည်းကြောက်ရတဲ့ဝန်ထမ်းတို့ဘဝကို စာနာနားလည်ခံစားနိုင်ကြပါတယ်။ ဥပဒေအထက်မှာ တူ၊ တူမ၊ ယောက်ဖ၊ ခယ်မ တစ်ဆွေလုံးတစ်မျိုးလုံး စံပယ်ဖူးခဲ့ကြတာ အားလုံးအသိပါပဲ။ ပြည်သူက ရွေးချယ်တာဝန်ပေးထားတဲ့ အစိုးရလက်ထက်မှာတော့ ပြည်သူလူထုအပေါ်မှာ မင်းမူတဲ့စရိုက်ဆိုးတွေ တဖြည်းဖြည်းလျော့ကျသွားမယ်လို့ မျှော်လင့်ချက်ထားနိုင်ပါတယ်။

ဝမ်းမသာနိုင်စရာကောင်းတာက ဇာတ်လမ်းရဲ့ ဒုတိယပိုင်းပါ၊ မော်တော်ဆိုင်ကယ်ပိုင်ရှင်က ခွင့်ပြုလို့ သုံးယောက်စီးလာတာတဲ့။ ဆိုင်ကယ်မောင်းသူဟာ မော်တော်ယာဉ်ဥပဒေအရ ဆိုင်ကယ်ကို သုံးယောက်စီးခွင့်မရှိဘူးဆိုတာကို မသိဘဲ ဆိုင်ကယ်မောင်းနှင်နေတာပါ။

ဆိုင်ကယ်မောင်းသူမှာ ယာဉ်မောင်းလိုင်စင်ရှိချင်မှရှိမယ်။ ရှိချင်လည်းရှိမယ်။ မော်တော်ယာဉ်ဥပဒေကိုပင် မသိတဲ့သူ ယာဉ်မောင်းလိုင်စင်ရှိနေရင်တော့ အဲဒါပြဿနာပါပဲ။ စီမံချက်ဆိုပြီး အလွယ်တကူထုတ်ယူရရှိထားတာလား။ အကြံအဖန်နည်းနဲ့ မမှန်မကန် လိုင်စင်ရရှိခဲ့တာလား။ ဘယ်လိုပဲဖြစ်ဖြစ် ယာဉ်စည်းကမ်းနားမလည်တဲ့သူ ယာဉ်မောင်းနေတယ်ဆိုရင်တော့ အန္တရာယ်ကြီးလှပါပြီ။ ယာဉ်မောင်းသူအတွက်လည်း အန္တရာယ်ရှိတယ်။ သူမောင်းတဲ့ယာဉ်ကို စီးနင်းလာသူအတွက်လည်း အန္တရာယ်ရှိတယ်။ သူဝင်တိုက်လို့ အချောက်တိုက် ဒုက္ခရောက်ရမယ့်သူတွေအတွက်လည်း အန္တရာယ်အကြီးကြီး ရှိနေပါတယ်။

မြန်မာနိုင်ငံမှာ ယာဉ်မတော်တဆမှုကြောင့် ပျမ်းမျှခြင်းအားဖြင့် တစ်ရက်ကို လူ ၁၁ ယောက်သေဆုံးပြီး လူ ၁၇ ယောက် ထိခိုက်ဒဏ်ရာရနေတယ်။ ယာဉ်မတော်တဆမှုတွေကြောင့် သေဆုံးဒဏ်ရာရသူတွေအတွက် နိုင်ငံတော်ကျန်းမာရေး ဘတ်ဂျက်ရဲ့လေးပုံတစ်ပုံကို သုံးစွဲနေရတယ်လို့ မှတ်တမ်းတွေကဆိုတယ်။ ဒီနှုန်းဟာ မြန်မာနိုင်ငံထက် လူဦးရေရော ယာဉ်စီးရေပါပိုများတဲ့ ဗြိတိန်နိုင်ငံရဲ့နှစ်ဆဖြစ်နေတယ်။

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ ထိုင်းနိုင်ငံပြီးရင် ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးမှုနှုန်း အမြင့်ဆုံးနိုင်ငံဖြစ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်တယ်။ မြန်မာနိုင်ငံမှာ ဆိုင်ကယ်စီးသူတွေရဲ့တစ်ဝက်ကသာ အန္တရာယ်ကင်းဦးထုပ်ကို ဆောင်းတယ်။ မြန်မာနိုင်ငံကို တင်သွင်းလာတဲ့ ဆိုင်ကယ်တွေကို ဘေးကင်းလုံခြုံမှုပြည့်စုံခြင်းရှိ မရှိ စမ်းသပ်စစ်ဆေးခွင့်ပြုတာမျိုးမရှိဘူး၊ ယာဉ်မောင်းသူတွေ ယာဉ်မောင်းရင်း ဖုန်းပြောတာကို ထိရောက်တဲ့အရေးယူတာမရှိဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သုံးသပ်ထားပါတယ်။

ယာဉ်မတော်တဆမှုကြောင့် သေကျေဒဏ်ရာရနှုန်းက တစ်နှစ်ထက်တစ်နှစ် မြင့်တက်နေတယ်။ အများဆုံးဖြစ်ကြရတာ မော်တော်ဆိုင်ကယ်တွေကြောင့်လို့ သုတေသနရလဒ်က အဖြေထုတ်တယ်။ ဒီအခြေကို အခြေခံပြီး ယာဉ်မတော်တဆမှုတွေ ဖြစ်စေတဲ့အကြောင်းရင်းတွေကို မဖြေရှင်းဘဲ ဆက်လက်မျက်ကွယ်ပြုနေကြရင်တော့ မကြာမီမှာ မြန်မာဟာ ကမ္ဘာမှာ ယာဉ်မတော်တဆမှုနဲ့ အသက်ဆုံးရှုံးရတာ ထိပ်ဆုံးစာရင်းဝင်မှာ သေချာပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံသားတွေရဲ့အသက်တွေကို တန်ဖိုးထားတဲ့အနေနဲ့ ယာဉ်မတော်တဆမှုတွေ လျော့ကျအောင် ဦးစွာပထမ ဆိုင်ကယ်တွေကိုစပြီး ကြပ်မတ်ကြပါစို့။

ဆိုင်ကယ်မောင်းနှင်သူတွေ တကယ်ကျွမ်းကျင်ပြီး ယာဉ်စည်းကမ်းကို နားလည်မှ ယာဉ်မောင်းလိုင်စင်ထုတ်ပေးကြဖို့ လိုအပ်ပါတယ်။ ယာဉ်မောင်းလိုင်စင်မရှိဘဲ ဆိုင်ကယ်မောင်းသူတွေမရှိအောင် ယာဉ်ထိန်းရဲတွေက လုပ်ဆောင်ဖို့ တာဝန်ရှိတယ်။

**မြန်မာနိုင်ငံသားတွေရဲ့ အသက်တွေကို တန်ဖိုးထားတဲ့အနေနဲ့ ယာဉ်မတော်တဆမှုတွေလျော့ကျအောင် ဦးစွာပထမ ဆိုင်ကယ်တွေကိုစပြီး ကြပ်မတ်ကြပါစို့ ဆိုင်ကယ်မောင်းနှင်သူတွေ တကယ်ကျွမ်းကျင်ပြီး ယာဉ်စည်းကမ်းကို နားလည်မှ ယာဉ်မောင်းလိုင်စင်ထုတ်ပေးကြဖို့ လိုအပ်**

ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ဒဏ်ကြေးငွေ တနင့်တပိုးသတ်မှတ်ပြီး အရေးယူနေတာပဲ၊ ဒါကိုပဲ လူတွေက ဂရုမစိုက်ကြဘူးဆိုရင် ဒီကိစ္စမှာ ယိုပေါက်တွေ ဘာလဲဆိုတာကို ရှာဖွေပြုပြင်ဖို့လိုတယ်။ ဒဏ်ငွေအရိုက်ခံ၊ ရုံးရောက် ဂတ်ရောက် ဖြေရှင်းမယ့်အစား ဖမ်းတဲ့ရဲရဲ့ဘောင်းဘီအိတ်ထဲကို ငွေစက္ကူထိုးထည့်တဲ့နည်းနဲ့ လွတ်မြောက်နေတာရှိသလား လေ့လာရမယ်။ တာဝန်ရှိသူက ဥပဒေကို အလွဲသုံးစားလုပ်တာမျိုးရှိခဲ့ရင် သူ့ကို ပိုပြီးထိရောက်ပြင်းထန်စွာ အရေးယူမှသာ ဥပဒေဘက်တော်သားတွေ ပျက်စီးနေတာ အဖတ်ဆယ်နိုင်မယ်။ ဥပဒေလည်း သက်ရောက်မှုရှိလာပါမယ်။

ဆိုင်ကယ်စီးသူတိုင်း အသက်ကယ်ဦးထုပ်ဆောင်းဖို့ အရေးကိုလည်း အထူးအလေးပေးလိုက်နာစေဖို့ ဆောင်ရွက်ရမယ်။ ဆိုင်ကယ်စီးဦးထုပ်ကို ယာဉ်ထိန်းရဲမဖမ်းအောင် ဆောင်းတာမျိုးက ပိုများတယ်။ ယာဉ်ထိန်းရဲရှိတဲ့နေရာ လမ်းဆုံလမ်းခွရောက်မှ ဆိုင်ကယ်စီးသူက ခေါင်းပေါ်ဦးထုပ်ကို ကောက်တင်တာမျိုးမဖြစ်ရအောင် ပညာပေးဖို့လိုတယ်။ အချို့က ဆိုင်ကယ်စီးဦးထုပ်ကို ခေါင်းပေါ်တင်ထားပေမယ့် မေးသိုင်းကြိုးမတပ်ဘူး။ အချို့ဆိုင်ကယ်စီးဦးထုပ်တွေက မည်ကာမတ္တ၊ အဖြစ်လုပ်ထားတာ။ ဒါကြောင့် အရည်အသွေးမမီတဲ့ဆိုင်ကယ်စီးဦးထုပ်ရောင်းတဲ့ဆိုင်တွေကိုလည်း စိစစ်အရေးယူပေးဖို့ သင့်တယ်။

မြန်မာနိုင်ငံက ဆိုင်ကယ်စီးသူတစ်ဝက်လောက်ဟာ ဆိုင်ကယ်စီးဦးထုပ်မဆောင်းကြဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထောက်ပြထားတယ်။ မိဘအုပ်ထိန်းသူတွေကလည်း ကိုယ့်သားသမီးတွေကို၊ ဆရာ ဆရာမတွေကလည်းလည်း ကိုယ့်တပည့်တွေကို ဆိုင်ကယ်စီးရင် အသက်ကယ်ဦးထုပ်ဆောင်းဖို့ သွန်သင်စေချင်တယ်။ အမှန်တကယ်ကတော့ လူ့ဦးခေါင်းခွံအရိုးက ပါးပါးလေးပါ။ ဆိုင်ကယ်လဲကျလို့ ခေါင်းကပလက်ဖောင်းဇောင်း၊ ကျောက်တုံးနဲ့ ခိုက်မိရင် တစ်ချက်တည်းနဲ့ ဦးခေါင်းခွံကွဲပြီး သေနိုင်တယ်။ အသက်ကယ်ဦးထုပ်က ဒါကိုကာကွယ်ပေးဖို့ ဆောင်းရတာပါ။

လူအချို့က ဆိုင်ကယ်ပေါ်ခွမိရင် နတ်မြင်းပျံစီးရသလို စိတ်ကြီးဝင်တတ်တယ်။ ဒါကြောင့် စတန့်မင်းသားတွေလို ဆိုင်ကယ်ကို လေဟုန်ခွင်းပြီး အပြင်းမောင်းတယ်။ ငါးရှဉ့်လူးသလို လိမ်ဖယ်ဖယ်စီးတယ်။ ပတတ်ရပ်ပြီး စီးတယ်။ မီးပွိုင့်ကို မလေးမစားဖြတ်တယ်။ ဖုန်းပြောတယ်။ အန္တရာယ်ကို နည်းအမျိုးမျိုးနဲ့ လက်ကမ်းခေါ်ကြတယ်။

အချို့က အိတ်ဇောကိုပြုပြင်ပြီး ပတ်ဝန်းကျင်စိတ်ညစ်အောင် ဆူညံစေတယ်။ အချို့က တရားဝင်လိုင်စင်မရှိတဲ့ ဝစ်သောက်ကို စီးတယ်။ အချို့က တရားဝင်လိုင်စင်နံပါတ်ပြားရဲ့နံပါတ်ကို ဖတ်မရအောင် ဆေးရောင်နဲ့ဖုံးတာ၊ သတ္တုနံပါတ်ပြားကို ခေါက်ထားတာလုပ်ကြတယ်။ အားလုံးမှာ မသမာတဲ့ ရည်ရွယ်ချက်ရှိကြတယ်။

တာဝန်ရှိသူတွေက တာဝန်သိသိနဲ့ ဆိုင်ကယ်တွေကို ဖိဖိစီးစီးကြပ်မတ်ပေးရင် ဆိုင်ကယ်အသုံးပြုသူတွေကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လေးစားလိုက်နာတဲ့အပြင် လူယဉ်ကျေးယာဉ်မောင်းသူတွေထားရှိရတဲ့ ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းကြမယ်ဆိုရင်တော့ ယာဉ်ကြောင့် သေကျေဒဏ်ရာရကြတဲ့အရေးအတွက် သိသိသာသာ လျော့ကျမှာ သေချာပါတယ်။ ။

# သစ်တောသယံဇာတ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၁၆**

သစ်တောသယံဇာတရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၄ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အနောက်ကြို့ကုန်း မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) အတွင်းရှိ တော်ဝင်ခန်းမ၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ သစ်အခြေပြုစီးပွားရေးလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် သဘာဝသယံဇာတများကို နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထုတ်ယူသုံးစွဲရာတွင် ဆိုးကျိုးသက်ရောက်မှုနည်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးစီမံခန့်ခွဲ၍ နောင်သားစဉ်မြေးဆက်ကောင်းမွန်စွာ လက်ဆင့်ကမ်းအမွေပေးနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နည်းလမ်းမျိုးစုံဖြင့် သစ်တောသယံဇာတများကို ထိန်းသိမ်းထားသော်လည်း တရားမဝင်ထုတ်လုပ်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပေါ် မသမာမှုများရှိသဖြင့် မြန်မာနိုင်ငံသည် သစ်တောပြုန်းတီးမှုတတိယအဆိုးရွားဆုံးနိုင်ငံဖြစ်နေပါကြောင်း၊ သို့ဖြစ်၍ တရားမဝင်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးထုတ်မှုမပြုလုပ်စေရန်ရည်ရွယ်၍ သစ်တောသယံဇာတရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ မြန်မာနိုင်ငံ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုသမိုင်းကြောင်းနှင့် သစ်တောသယံဇာတအခြေအနေ သုံးသပ်တင်ပြခြင်း၊ သစ်တောသယံဇာတရေရှည်တည်တံ့ရေးကိုမထိခိုက်စေဘဲ သစ်ထုတ်လုပ်မှုဆောင်ရွက်ခြင်းစာတမ်းများကိုဖတ်ကြားပြီး တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။ ကြိမ်နှင့် ဝါးတန်ဖိုးမြှင့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင် ကုန်သွယ်လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် အရေးယူဆောင်ရွက်ချက်များနှင့် ဆက်လက်ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လေ့ကျင့်ရေးနည်းစနစ်များတိုးတက်ကောင်းမွန်ရန် အစီရင်ခံစာထုတ်ပြန်ရေးဆွေးနွေး

**နေပြည်တော် မေ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့လေ့ကျင့်ရေးဆိုင်ရာ နည်းစနစ်များ တိုးတက်ကောင်းမွန်ရန်အတွက် အစီရင်ခံစာထုတ်ပြန်နိုင်ရေး သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ Mr. Troels Vester၊ UNODC Regional Representative for Southeast Asia and the Pacific မှ Mr. Jeremy Douglas၊ ကနေဒါနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ရုရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် ကောင်စစ်ဝန်များ၊ သံရုံးမှ တာဝန်ရှိသူများ၊ UNDP၊ UNICEF၊ UNFPA၊ USIP၊ ဥရောပသမဂ္ဂ(EU) အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(အောက်ဝဲပုံ)**

အခမ်းအနားတွင် Mr. Troels Vester က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ Mr. Jeremy Douglas က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရှိ ရဲလေ့ကျင့်ရေးကျောင်းများသို့ သွားရောက်လေ့လာစဉ် တွေ့ရှိချက်များအပေါ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ လေ့ကျင့်ရေးဆိုင်ရာ နည်းစနစ်များ တိုးတက်ကောင်းမွန်ရေးအတွက် သုံးသပ်အကြံပြုချက် အစီရင်ခံစာကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် Mr. Jeremy Douglas တင်ပြသည့် သုံးသပ်အကြံပြုချက်အစီရင်ခံစာအပေါ် မေးမြန်းဖြေကြားခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**






လှိုင်လင်မြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဌေးအောင်၊ ယာဉ်ထိန်းတပ်ဖွဲ့စု(၁၁၅) မှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မေ ၁၅ ရက်က မြို့မဈေးကြီးရှေ့ နာရီစင်အနီး၌ ဆောင်ရွက်ကြစဉ်
မိုးလွင်ဦး(လှိုင်လင်)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**သထုံ မေ ၁၆**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်(သထုံ)မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို မေလဒုတိယပတ်က မြို့နယ်မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ ခရိုင်ဦးစီးမှူး ဒေါ်လှလှကြူက လုပ်ငန်းဆောင်ရွက်မှုများပြောကြားပြီး ဦးမြင့်ခိုင် (စစ်ဆေးရေးမှူး-၃) က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**(သထုံ ပြန်/ဆက်)**

# မြန်မာငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC)အား အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (National Reconciliation and Peace Centre-NRPC) အဖြစ် ပြောင်းလဲဖွဲ့စည်းရာတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအောက်တွင် အစိုးရအဖွဲ့အစည်းတစ်ရပ်အနေဖြင့် ထားရှိသွားမည်

❒ ရှေ့ဖုံးမှ

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆွေးနွေးညှိနှိုင်းရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် NCA ကို အခြေခံ၍ ပြောင်းလွယ်ပြင်လွယ် ဆွေးနွေးကြရန် ဖြစ်ကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲမှုဘောင်များကို ပြန်လည်သုံးသပ်၍ ဆွေးနွေးပွဲအာဂျင်ဒါများ ပြန်လည်သတ်မှတ်ပေးရန် အရေးကြီးကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC)အား အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre-NRPC) အဖြစ် ပြောင်းလဲဖွဲ့စည်းရာတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနအောက်တွင် အစိုးရ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ထားရှိသွားမည်ဖြစ်ကြောင်း၊ အစိုးရဌာန အဖွဲ့အစည်းတစ်ရပ် ဖြစ်လာမည်ဖြစ်၍ ဘတ်ဂျက်သုံးစွဲမှု စည်းမျဉ်းစည်းကမ်း၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရုံးချုပ်ကို နေပြည်တော်တွင် တည်ထောင်ဖွဲ့စည်းမည်ဖြစ်ပြီး လက်ရှိ ရန်ကုန် MPC ရုံးကို NRPC ၏ ရန်ကုန်ရုံးခွဲအဖြစ် ပြောင်းလဲဖွဲ့စည်းမည် ဖြစ်ကြောင်း၊ နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံ ကျင်းပရန်အတွက် သင့်လျော်သည့် ညီလာခံခန်းမနေရာ ရွေးချယ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ NRPC ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှုလုပ်ငန်းစဉ်များကို ဦးကျော်တင့်ဆွေက ဦးစီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံ ကျင်းပနိုင်ရေး အကြိုပြင်ဆင်ရေး ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် NCA လက်မှတ်ရေးထိုးထားပြီး ဖြစ်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းရေး လုပ်ငန်းတာဝန်များကို ဆပ်ကော်မတီတစ်ရပ်ဖြင့် ဆောင်ရွက်ရန်၊ လက်မှတ်ရေးထိုးခြင်း မပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းများကို နောက်ထပ်ဆပ်ကော်မတီတစ်ရပ်ဖွဲ့စည်း၍ တာဝန်ယူဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အချိန်ကန့်သတ်ချက်ရှိ၍ ယင်းဆပ်ကော်မတီနှစ်ရပ်အနေဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း သီးခြားစီ ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ကော်မတီနှင့် ဆပ်ကော်မတီများကို ယခုသီတင်းပတ်အတွင်း ဖွဲ့စည်းပြီး မိမိတို့၏လုပ်ငန်းတာဝန်များကို အရှိန်မြှင့်တင်လုပ်ကိုင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က အရပ်ဘက်လူမှုအဖွဲ့အစည်း Civil Society Organization များ ခိုင်ခိုင်မာမာ ပါဝင်နိုင်ရေးအတွက် CSO Forum တစ်ခု ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကို နိုင်ငံရေးဆွေးနွေးပွဲများနှင့် အပြိုင် သီးခြားဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ CSO Forum ကို ၎င်းတို့ CSO များ ကိုယ်တိုင်ရွေးချယ် ဆောင်ရွက်စေမည်ဖြစ်ပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများကို NRPC မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ CSO Forum မှ ထွက်ပေါ်လာသောအကြံပြုတင်ပြချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လူအများကြီး မဖောင်းပွစေဘဲ သိပ်သည်းကျစ်လျစ်သော ဆွေးနွေးပွဲသဘောကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

NRPC ဖွဲ့စည်းမှု၊ နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံကျင်းပနိုင်ရေး အကြိုပြင်ဆင်မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC နှင့် တွေ့ဆုံရှင်းလင်းပြီး UPDJC ပြင်ဆင်ဖွဲ့စည်းမှုများကို အမြန်ဆုံးဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တစ်ဦးချင်း ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဆွေးနွေး အဆုံးအဖြတ်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးသို့ စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ ဒေါက်တာတင်မျိုးဝင်း၊ အစိုးရကိုယ်စားလှယ် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် အမည်စာရင်း တင်သွင်းခြင်းခံရသူ ဦးကျော်တင့်ဆွေ၊ တပ်မတော်ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာနမှ ဦးမြင့်စိုး၊ ဦးခင်ဇော်ဦး၊ ဦးလှမောင်ရွှေနှင့် ဒေါက်တာမင်းဇော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဦးမိုးဇော်ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ UPDJC အစည်းအဝေးကို လာမည့်သီတင်းပတ်အတွင်း နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဆရာ ဆရာမများအနေဖြင့် နိုင်ငံအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ကျောင်းသား ကျောင်းသူများကို စဉ်ဆက်မပြတ် သင်ကြားပေးနေရမည်

**နေပြည်တော် မေ ၁၆**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူပြည်သားများ၏ စွမ်းအင်များ၊ အရည်အချင်းများ မြှင့်တင်ပေးနိုင်ရန်အတွက် တန်ဖိုးမြင့်မားသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးရမည်ဖြစ်ကြောင်း ယနေ့ နံနက် ၉ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၆)ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမတို့အနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ကျောင်းသား ကျောင်းသူများကို စဉ်ဆက်မပြတ် ပြုစုပျိုးထောင် သင်ကြားလေ့ကျင့်ပေးနေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံး အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရန်အတွက် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ပြည်သူလူထုကို တင်ပြခဲ့သည့် ပညာရေးမူဝါဒအပေါ် အခြေခံပြီး ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေးစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သလို နိုင်ငံသူ နိုင်ငံသားအားလုံး အနည်းဆုံး မူလတန်းပညာကို တတ်မြောက်ပြီး ဆက်လက်ပညာသင်ကြားနိုင်ရေးအတွက် အဆင့်ဆင့်တိုးမြှင့်သင်ယူခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပညာသင်ယူရန်အခက်အခဲရှိသည့် ကာယ၊ ဉာဏစွမ်းရည် အားနည်းသော ကလေးများနှင့် ဆင်းရဲနွမ်းပါးသောကလေးများ၊ ခက်ခဲဝေးလံသည့် ဒေသများမှကလေးများအတွက် အလေးထားသည့်ပညာရေးအစီစဉ်များကို ဦးစားပေး ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။



တိုင်းရင်းသားများ၏ မိခင်စာပေ ဘာသာစကားများကို မူလတန်းအဆင့်တွင် သင်ကြားပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်နှင့် ဆောင်ရွက်နိုင်အောင် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံပညာ အလယ်တန်းအဆင့်နှင့် အခြေခံပညာ အထက်တန်းအဆင့် ပညာရေးကို လူတိုင်းသင်ယူနိုင်မည့် အခွင့်အလမ်း ရရှိအောင် ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများကို ဦးစားပေးပြီး ကျောင်းအဆင့်များ တိုးမြှင့်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း။

သင်ကြားပေးသူ ဆရာ ဆရာမများနှင့် သင်ယူသူ ကျောင်းသား ကျောင်းသူ အချိုးမျှတအောင် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ KG+12 အတန်းစဉ်မှာ အကျုံးဝင်မည့် KG ခေါ် သူငယ်တန်းကို ၂၀၁၆ ခုနှစ် ဇွန်လ ပညာသင်နှစ်တွင် စတင်သင်ကြားပေးမည်ဖြစ်ကြောင်း၊ ကျောင်းအဆင့်အလိုက် ကျောင်းသူ ကျောင်းသား ဦးရေအပေါ်မူတည်ပြီး ကျောင်းထောက်ပံ့ကြေးများကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ပြီး ပေးအပ်လျက်ရှိကြောင်း၊ ကျောင်းသားမိဘများနှင့် ရပ်ကွက်ကျေးရွာမှာရှိသည့် မိဘပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ထိရောက်သည့်ပညာရေးဝန်ဆောင်မှု ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ အခမ်းအနားသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၄၉၃ ဦး တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရွှေ့လျားကျောင်း ကွန်ပျူတာသင်တန်းဖွင့်

**ပေါက်ခေါင်း မေ ၁၆**

ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ပါ Mobile School Computer သင်တန်းကို မေလဒုတိယပတ်က ပေါက်ခေါင်းမြို့ အမှတ်(၄)ရပ်ကွက်ရှိ အမေ့အိမ်ပညာဒါန ကျောင်း၌ ဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်းဇော်က သင်တန်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အဆိုပါသင်တန်းတွင် ရပ်သစ်၊ ဝက်တိုး၊ ရွာပု၊ ဘန့်ပြင်၊ ဗောဓိကုန်း၊ သဖန်းချို နှင့် မြောက်မကွေ့ကျေးရွာတို့မှ သင်တန်းသား ၃၆ ဦးအား ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်း နည်းပြဆရာများက Mobile School Computer ကွန်ပျူတာဘာသာရပ်များကို သင်တန်းကာလ တစ်လကြာ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ပညာရေးဝန်ကြီးဌာန

# အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ (၂၀၁၆-၂၀၁၇ ပညာသင်နှစ်)

**အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်အတွက် အခမဲ့ထောက်ပံ့မှုများ**

■ သူငယ်တန်း (KG) အတွက် ကျောင်းဝတ်စုံ (၁) စုံ **(အခမဲ့)**
■ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံ (၁) စုံ၊ ဗလာစာအုပ် (၆) အုပ်နှင့် ကျောင်းသုံး ပြဋ္ဌာန်းစာအုပ် (၁) စုံ **(အခမဲ့)**
■ အလယ်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် (၁) စုံ **(အခမဲ့)**
(ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေးကင်းလွတ်ခွင့်)
■ အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် (၁)စုံ **(အခမဲ့)**
(ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေးကင်းလွတ်ခွင့်)

**ပညာရေးဝန်ထမ်းများအားလုံး သိရှိလိုက်နာရမည့် အချက်များ**

❍ ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူအားလုံးကို မည်သည့် **အခကြေးငွေ**မှ ကောက်ခံခြင်းမပြုရ။
❍ ကျောင်းအပ်နှံခြင်းအတွက် **ငွေကြေး/လက်ဆောင်**ပစ္စည်း တစ်စုံတစ်ရာလက်ခံခြင်းမပြုရ။
❍ ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်**များ ရောင်းချခြင်းမပြုရ။
❍ အခြားမည်သည့် ပစ္စည်းကိုမှ ရောင်းချခြင်းမပြုရ။

**မိဘများသို့ မေတ္တာရပ်ခံချက်**

➢ မိမိတို့သက်ဆိုင်ရာ နယ်မြေများတွင်သာ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံကြပါရန်။
➢ ကျောင်းအပ်နှံခြင်းအတွက် မိဘပြည်သူများက **ငွေကြေးနှင့်လက်ဆောင်** ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများကို ပေးအပ်ခြင်းမပြုရန်။
➢ ထပ်ကျော့ကျောင်းအပ်နှံခြင်းကြောင့်လည်းကောင်း၊ ကျောင်းအပ်နှံနှုန်း မြင့်မားလာခြင်းကြောင့်လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ကို မျှဝေခြင်းအစီအစဉ်နှင့်လည်း ပူးပေါင်းပြီး လုံလောက်စွာဖြန့်ဝေပေးလိုပါသဖြင့် သတ်မှတ်မြို့နယ်အလိုက် ကျောင်းဝင်ခွင့်လျှောက်ထားမှုနှင့် ပတ်သက်၍ ပိုမိုချောမွေ့အဆင်ပြေစေမည့် နည်းလမ်းများကို အကြံပြုကြပါရန်။

**ပညာရေးဝန်ကြီးဌာန**

# ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများကို ခုံအဖွဲ့ဖွဲ့စည်းပြီး တရားခွင်လေးခုဖြင့် ဆက်လက်စစ်ဆေးလျက်ရှိ

**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉(က)(၂) အရ ရွေးကောက်ပွဲ ခုံအဖွဲ့လေးဖွဲ့ကို ဖွဲ့စည်းပြီး တရားခွင်လေးခုဖြင့် ဧပြီ ၂၅ ရက်မှစ၍ စစ်ဆေးရန်ကျန်ရှိသည့် ကန့်ကွက်လွှာအမှု ၄၀ ကို ရုံးထိုင်စစ်ဆေးလျက်ရှိသည်။ **(ယာပုံ)**



မေ ၁၂ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၁)ဥက္ကဋ္ဌ ဦးအောင်မြင့် ဦးဆောင်သည့်ခုံအဖွဲ့က ကန့်ကွက်လွှာအမှုအမှတ်(၁)ကို ဆက်လက်စစ်ဆေးခဲ့ရာ လျှောက်ထားသူ (၂) ဒေါ်နန်းထွေးမှုံက ကန့်ကွက်လွှာ ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားချက်အပေါ် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေပုဒ်မ ၉၆(က) နှင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၃ ၊ နည်း(၁)အရ ကန့်ကွက်လွှာကို ရုပ်သိမ်းခွင့်ပြုပြီး ရွေးကောက်ပွဲနည်း ဥပဒေ ၉၆(င)(၁)အရ လျှောက်ထားသူ(၂) ဒေါ်နန်းထွေးမှုံက လျှောက်ထားခံရသူ ဦးညီစိန်နှင့် လျှောက်ထားသူ(၁) ဦးစိုင်းဆာလူတို့အား ရုံးကုန်ကျစရိတ် ၅၀၀၀၀ စီပေးစေရန် အမိန့်ချခဲ့ပြီး ဦးစိုင်းဆာလူ၏ ကန့်ကွက်လွှာအမှုကို ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရွေးကောက်ပွဲခုံအဖွဲ့(၁) ဥက္ကဋ္ဌ ဦးအောင်မြင့် ဦးဆောင်သည့် ခုံအဖွဲ့က ကန့်ကွက်လွှာ အမှုအမှတ်(၈) လျှောက်ထားသူ ဦးခိုင်ညီညီကျော် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) နှင့် လျှောက်ထားခံရသူ ဦးအောင်ကျော်ညွှန့်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) အမှုကို ဆက်လက်စစ်ဆေးရာ ဗထူးတပ်နယ်မဲရုံအမှတ်(၁)နှင့် (၂)တို့တွင် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ ရရှိခဲ့သည့် မဲရလဒ်များကို ပယ်ဖျက်လိုက်လျှင် လျှောက်ထားသူ ရရှိသည့် ခိုင်လုံမဲစုစုပေါင်းမှာ ၁၈၇၁၇ မဲဖြစ်ပြီး လျှောက်ထားခံရသူရရှိသည့် ခိုင်လုံမဲစုစုပေါင်းမှာ ၁၅၂၁၁ မဲဖြစ်၍ လျှောက်ထားသူက လျှောက်ထားခံရသူထက် ခိုင်လုံမဲ ၃၅၀၆ မဲ ပိုမိုရရှိသဖြင့် လျှောက်ထားခံရသူအား ရှမ်းပြည်နယ်လွှတ်တော်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ဆုံးဖြတ်၍ လျှောက်ထားသူသည်သာ ခိုင်လုံမဲအများဆုံးရရှိပြီး ရှမ်းပြည်နယ်လွှတ်တော်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာစေပြီး အနိုင်ဒီဂရီကို စရိတ်နှင့်တကွ ချမှတ်ပေးကြောင်း သိရသည်။

ရွေးကောက်ပွဲခုံအဖွဲ့(၄) ဥက္ကဋ္ဌ ဦးလှတင့် ဦးဆောင်သည့် ခုံအဖွဲ့သည် ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ်(၄၂)မှ လျှောက်ထားသူ ဦးစိုးစိုး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)နှင့် လျှောက်ထားခံရသူ ဦးမောင်မောင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ အမှုအမှတ်(၄၄)မှ လျှောက်ထားသူ ဦးစန်းမောင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)နှင့် လျှောက်ထားခံရသူ ဦးသိန်းဟန်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)တို့ကို စစ်ဆေးရာ ကန့်ကွက်လွှာ အမှုအမှတ်(၄၂)နှင့်(၄၄) တို့မှ လျှောက်ထားသူများနှင့် ၎င်းတို့၏ ရှေ့နေများ ရုံးတော်သို့ လာရောက်ခြင်းမရှိဘဲ လျှောက်ထားခံရသူများနှင့် ၎င်းတို့၏ ရှေ့နေများသာရုံးတော်သို့ လာရောက်ပြီး ဒုတိယအချိန် အမှုခေါ်ရာတွင် လျှောက်ထားသူများဘက်မှ လာရောက်ခြင်းမရှိသဖြင့် လျှောက်ထားခံရသူများ၏ ရှေ့နေများက တရားမကျင့်ထုံး ဥပဒေ အမိန့် (၉)၊ နည်းဥပဒေ ၈ အရ အမှုအား ပလပ်ပေးရန် လျှောက်ထားသဖြင့် ခုံအဖွဲ့က အမှုမှာ လျှောက်ထားသူပြသက်သေများစစ်ရန် ချိန်းဆိုထားသော်လည်း လာရောက်ရန် ပျက်ကွက်ကြောင်း၊ လျှောက်ထားခံရသူများမှ ကန့်ကွက်လွှာနှင့်ပတ်သက်၍ ဝန်ခံထားခြင်းမရှိသဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်းဥပဒေ ၈ အရ အမှုများအား ပလပ်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပင်လယ်ပြင်၌ မုန်တိုင်းဖြစ်ပေါ်မှုမရှိသေး အချို့ဒေသများတွင် မုတ်သုံအကြို လေပြင်းတိုက်ခတ်ခြင်းသာဖြစ်

**ရန်ကုန် မေ ၁၆**

လာမည့်ရက်အနည်းငယ်အတွင်း မြန်မာနိုင်ငံသို့ မုန်တိုင်းဝင်ရောက်နိုင်သည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။ ယင်းမုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နိုင်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း သတင်းများထွက်ပေါ်နေရာ မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်အား ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့သည်။


"ပင်လယ်ပြင်မှာ မုန်တိုင်းမဖြစ်ပေါ်သေးပါဘူး။ လာမယ့် ၂၄ နာရီအတွင်းမှာလည်း မုန်တိုင်းဖြစ်ပေါ်ဖို့ ရာခိုင်နှုန်း ၃၀ လောက်ပဲ ရှိပါတယ်။ တကယ်လို့ မုန်တိုင်းဖြစ်ပေါ်ခဲ့ရင်တောင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ရောက်ရှိဖို့ မသေချာပါဘူး။ ကျွန်တော်တို့အချိန်နဲ့အမျှ စောင့်ကြည့် လေ့လာနေပါတယ်" ဟု ဒေါက်တာထွန်းလွင်က ပြောသည်။

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားကောင်းသည့်အနေအထားသို့ ရောက်ရှိနေသော်လည်း မုန်တိုင်းဖြစ်ပေါ်ပါက မုန်တိုင်းငယ်အဖြစ်သာဖြစ်နိုင်ကြောင်း ၎င်းကပြောသည်။

"မုန်တိုင်းဖြတ်ကျော်မယ့်အချိန်မှာ အားပျော့တဲ့ မုန်တိုင်းငယ်အဖြစ်လောက်နဲ့ပဲ ဖြတ်ကျော်ပါလိမ့်မယ်။ လေဖိအားနည်းရပ်ဝန်း အရှိန်လောက်နဲ့ပဲပေါ့။ ကမ်းခြေမှာတော့ မိုးသက်လေပြင်းလောက် ကျရောက်နိုင်ပါတယ်" ဟု ဒေါက်တာထွန်းလွင်က ပြောသည်။

လက်ရှိအနေအထားတွင် မုံရွာမြို့နှင့် အနီးဝန်းကျင်ဒေသများ၌ လေပြင်းများတိုက်ခတ်နေမှုနှင့်ပတ်သက်၍လည်း မုတ်သုံ၏ ရှေ့ပြေးအနေဖြင့် လေပြင်းတိုက်ခတ်ခြင်းဖြစ်ပြီး မုန်တိုင်းနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ လက်ရှိရာသီဥတုအနေအထားအရ မုတ်သုံသည် တနင်္သာရီတိုင်းဒေသကြီးတွင် မေ ၂၀ ရက်နှင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် မေ ၂၂ ရက်ခန့်တွင် မုတ်သုံဝင်ရောက်နိုင်ကြောင်း ဒေါက်တာထွန်းလွင်က ပြောသည်။ လောလောဆယ်မုန်တိုင်းသတင်းနှင့် ပတ်သက်ပြီး ကောလာဟလများမယုံရန်နှင့် မိုးလေဝသဌာနမှ ထုတ်ပြန်သောသတင်းများကိုသာ အလေးထားဂရုပြုကြရန်ဖြစ်ပြီး မိမိသည်လည်းစောင့်ကြည့်သိရှိရသမျှ ထုတ်ပြန်ပြောကြားပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**သတင်း-မောင်မောင်မြင့်ဆွေ(မြန်မာ့အလင်း)**



မိုးလေဝသဂြိုဟ်တုမှ ဖမ်းယူရရှိသော ဂြိုဟ်တုဓာတ်ပုံ

◆ *ရှေ့ဖုံးမှ*

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ မိုးရွာနိုင်မှုအခြေအနေမှာ ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ဧရာဝတီ၊ ရန်ကုန်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မေ ၁၆**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးမိတ်မြို့၌ ၁ ဒသမ ၆၁ လက်မ၊ မချမ်းဘောမြို့၌ ၀ ဒသမ ၇၉ လက်မ၊ မိုးကုတ်မြို့၌ ၀ ဒသမ ၇၄ လက်မ၊ တမူးမြို့၌ ၀ ဒသမ ၅၁ လက်မ၊ ပူတာအိုမြို့၌ ၀ ဒသမ ၄၈ လက်မ၊ ကန့်ဘလူမြို့၌ ၀ ဒသမ ၃၅ လက်မ၊ လွိုင်လင်မြို့၌ ၀ ဒသမ ၃၂ လက်မနှင့် ဆောမြို့၌ ၀ ဒသမ ၃၁ လက်မတို့ဖြစ်ကြသည်။

(မိုး/ဇလ)

# လုပ်ခလစာပေးရန်အတွက် သုံးကြိမ်တိုင်ရွှေ့ဆိုင်းခဲ့ပြီး ချိန်းဆိုသောရက်ကို ညအိပ်စောင့်ခဲ့သော အထည်ချုပ်လုပ်သားများ လခများရရှိ

**ရန်ကုန် မေ ၁၆**

ရရန်ရှိသော လုပ်ခလစာကို မေ ၁၄ ရက်အထိ အပြည့် မပေးချေသဖြင့် စက်ရုံရှေ့တွင် မေ ၁၄ ရက်ညပိုင်းက ညအိပ်စောင့်ဆိုင်းခဲ့သော ရွှေလင်ပန်းစက်မှုဇုန် လဝန်းထက်သာ အထည်ချုပ်စက်ရုံမှ လုပ်သားများ၏ လစာကို မေ ၁၅ ရက်က ရရှိခဲ့ကြောင်းနှင့် လခရရှိသော်လည်း အခက်အခဲများ မပြေလည်သေးဘဲ ကျန်ရှိနေသေးကြောင်း သိရသည်။

ရွှေလင်ပန်းစက်မှုဇုန် လဝန်းထက်သာအထည်ချုပ်စက်ရုံမှ အလုပ်သမားများ အနေဖြင့် ရရန်ရှိသော လုပ်ခလစာကို အလုပ်ရှင်က သုံးကြိမ်မြောက်ချိန်းဆိုသော မေ ၁၄ ရက်အထိ အပြည့်မထုတ်ပေးသေးဘဲ မေ ၁၅ ရက် ထပ်မံချိန်းဆိုသည့်အတွက် အလုပ်သမားများနှင့် အလုပ်သမားမိဘများက စက်ရုံရှေ့၌ မေ ၁၄ ရက်က ညအိပ်စောင့်ဆိုင်းခဲ့ခြင်းဖြစ်သည်။ လုပ်ခလစာရရှိရန် စက်ရုံရှေ့တွင် စောင့်ဆိုင်းခဲ့ကြပြီး တာဝန်ရှိသူများ လာရောက်ဖြေရှင်းသည့်တိုင် ပြေလည်မှုမရရှိခဲ့ဘဲ မေ ၁၅ ရက် မွန်းလွဲပိုင်းတွင်မှ ပေးရန်ကျန်သော လုပ်ခလစာများကို ထုတ်ယူနိုင်ခဲ့၍ ကြွေးမြီပေးရန်ရှိသော အလုပ်သမားများအတွက် အဆင်ပြေခဲ့ကြကြောင်း သိရသည်။

"ဒီနေ့ မွန်းလွဲပိုင်းမှာ အလုပ်သမား ၂၀၀ ကျော်ရဲ့ ကျန်တဲ့လစာတွေကို ထုတ်ပေးတယ်။ မနေ့ညက စက်ရုံအပြင်မှာ အလုပ်သမားတွေ ညအိပ်ပြီး စောင့်ခဲ့တာပါ။ မေ ၅ ရက်က စကာ ၁၄ ရက်အထိ ရက်ချိန်းပေးပြီး လစာအပြည့် မထုတ်ပေးနိုင်ခဲ့ဘူး။ ဒါကြောင့် မေ ၁၅ ရက်မှာ ၁၅ ရက်စာ အလုပ်ဆင်းထားတဲ့ လစာပေးမလား၊ မပေးဘူးလားမေးမယ်။ ဒီစက်ရုံမှာလည်း ဆက်ပြီးမလုပ်နိုင်တော့ဘူး" ဟု ယင်းစက်ရုံမှ အလုပ်သမားတစ်ဦးဖြစ်သူ မဖြူဖြူထွေးက ပြောသည်။

ကျန်ရှိသော လစာငွေများကို ရှင်းပေးပြီးသော်လည်း အလုပ်ရှင်နှင့် အလုပ်သမားများကြား အဆင်မပြေမှုများ ရှိနေသေးကြောင်း သိရသည်။ မေ ၁၅ ရက် နောက်ပိုင်းတွင် အလုပ်သမားများအား ကြို/ပို့ လုပ်ဆောင်နေသော ဖယ်ရီကားကို တစ်ပတ်ရပ်နားထားမည်ဖြစ်၍ ရွှေပြည်သာ၊ မှော်ဘီ၊ ထန်းတပင် မြို့နယ်များမှ စက်ရုံဆင်းသည့် အလုပ်သမားများ သွားလာရေးခက်ခဲသည့်အတွက် ကားခကို စက်ရုံမှ ညနေပိုင်းစက်ရုံဆင်းချိန်တွင် ပြန်ပေးရန် အလုပ်သမားကိုယ်စားလှယ်ခုနစ်ဦးက စက်ရုံနှင့်ညှိနှိုင်းသော်လည်း မအောင်မြင်သည့်အတွက် အလုပ်ဆက်ဆင်းရန် အလုပ်သမားများ အခက်အခဲဖြစ်နေသောကြောင့် အလုပ်ပြောင်းရွှေ့လုပ်ကိုင်ရန် အလုပ်သမားများ စီစဉ်နေကြကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ လုပ်သားအင်အားအများဆုံးတည်ရှိရာ လှိုင်သာယာစက်မှုဇုန်တွင် အလုပ်ရှင်၊ အလုပ်သမားမပြေလည်မှုများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ရုရှား-အာဆီယံထိပ်သီးအစည်းအဝေး မြန်မာသာမက အာဆီယံဒေသအတွက်ပါ အရေးပါ

**ကျော်ထိုက်စိုး**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံတောင်ပိုင်း ပင်လယ်နက်ဒေသအပန်းဖြေစခန်းမြို့တစ်မြို့ဖြစ်သော ဆိုချီမြို့၌ မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပမည့် ဒုတိယအကြိမ် ရုရှား-အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။ အဆိုပါ ထိပ်သီးအစည်းအဝေးသည် နိုင်ငံတော်သမ္မတဦးထင်ကျော်အတွက် မကြာသေးမီကသွားရောက်ခဲ့သော အိမ်နီးချင်းလည်းဖြစ် အာဆီယံဥက္ကဋ္ဌလည်းဖြစ်သည့် လာအို နိုင်ငံချစ်ကြည်ရေးခရီးပြီးနောက် ဒုတိယမြောက် ပြည်ပခရီးစဉ်တစ်ခုဖြစ်သည်။**

လာအိုချစ်ကြည်ရေးခရီးအလွန် နိုင်ငံတော်သမ္မတ၏ ရုရှားခရီးစဉ်ကို နိုင်ငံတကာအသိုင်းအဝိုင်းက စိတ်ဝင်တစား သေချာပေါက်စောင့်ကြည့်နေမည် ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့လာသော မြန်မာ အစိုးရသစ်အတွက် အဆိုပါထိပ်သီးအစည်းအဝေးက အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ရုရှားကဲ့သို့သော စီးပွားရေးအင်အားကြီးနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်နိုင်မည့် အခွင့်အရေးတစ်ခုလည်းဖြစ်သည်။ ဒေသတွင်း လုံခြုံရေးကိစ္စရပ်များကို အဓိကထားဖြေရှင်းမည့် ယင်းထိပ်သီးအစည်းအဝေးတွင် အကြမ်းဖက်ဝါဒ၊ အစွန်းရောက်ဝါဒနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး တို့ကို ထည့်သွင်းဆွေးနွေးဖွယ်ရှိပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု နယ်ပယ်များအပြင် လုံခြုံရေးကဏ္ဍတွင် ရုရှား-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းဆောင်ရွက်မှုစီမံချက်အတွက် ကြေညာချက်တစ်ရပ်ချမှတ်မည်ဟု မျှော်မှန်းရသည်။

ရုရှားနှင့်အာဆီယံကြား ဆွေးနွေးမှုမိတ်ဖက်တည်ထောင်ခြင်း နှစ် (၂၀) ပြည့် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် ကျင်းပမည့် ယင်းထိပ်သီးဆွေးနွေးပွဲမှာ အာဆီယံနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)ကြား လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ရေးအတွက်လည်း အရေးပါကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားထားသည်။ ပထမအကြိမ် ရုရှား-အာဆီယံထိပ်သီးအစည်းအဝေးကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအတွင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်၌ ကျင်းပခဲ့ပြီး ရုရှားနိုင်ငံသည် ၁၉၉၆ ခုနှစ် ဇူလိုင်လက အာဆီယံ၏ဆွေးနွေးမှုမိတ်ဖက်နိုင်ငံဖြစ်ခဲ့သည်။ ဂျီဒီပီတန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံခန့်ရှိသော အာဆီယံဒေသသည် ယနေ့ အချိန်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရာနေရာတစ်ခုဖြစ်လာခဲ့သည်။

အာဆီယံနှင့်ရုရှားနိုင်ငံကြား ကုန်သွယ်မှုမှာ ၂၀၁၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉ ဘီလီယံရှိပြီး ၂၀၁၄ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅ ဘီလီယံထိရှိသည်။ ၂၀၁၄ ခုနှစ်အတွင်း ရုရှားနိုင်ငံသို့တင်ပို့သော အာဆီယံ နိုင်ငံများ၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံရှိပြီး ရုရှားနိုင်ငံမှ အာဆီယံနိုင်ငံများသို့တင်သွင်းသော သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၇ ဒသမ ၁ ဘီလီယံရှိသည်။ ၂၀၁၄ ခုနှစ်အတွင်း အာဆီယံနိုင်ငံများအတွင်း ရုရှားနိုင်ငံ၏ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၉၈ သန်းမျှရှိခဲ့ပြီး အာဆီယံဒေသသို့သွားရောက်သော ရုရှားခရီးသွား အရေအတွက်မှာ ၂ ဒသမ ၃၇ သန်းထိရှိခဲ့သည်။ ရုရှားနိုင်ငံမှာ အာဆီယံဒေသ၏ အဋ္ဌမမြောက် အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်ပြီး အာဆီယံဒေသတွင် ရုရှားနိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်သည်။ ၂၀၁၅ ခုနှစ် အတွင်း နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံရှိသည်။

မြန်မာနှင့်ရုရှားနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က တည်ထောင်ခဲ့သောကြောင့် နှစ်နိုင်ငံဆက်ဆံရေးတည်ဆောက်ခဲ့သည်မှာ နှစ် ၇၀ ခန့်ရှိပြီဖြစ်သည်။ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့်စစ်ဘက်ဆိုင်ရာသင်တန်းများအပါအဝင် နယ်ပယ်ကဏ္ဍအစုံ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှာ သမိုင်းတစ်လျှောက်အထူး ကောင်းမွန်ခဲ့သည်။ နှစ်နိုင်ငံပညာရေးဝန်ကြီးဌာနများ၏ တိုက်ရိုက်တာဝန်ယူမှုဖြင့် စတင်ဆောင်ရွက်ခဲ့သော ပညာတော်သင် ကျောင်းသားများ ဖလှယ်ရေးအစီအစဉ်ဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် မြန်မာကျောင်းသား ၁၂ ဦးကို မော်စကိုတက္ကသိုလ်သို့ စေလွှတ်ခဲ့သလို ရုရှားကျောင်းသား ခြောက်ဦးမှာ ရန်ကုန်တက္ကသိုလ်သို့ လာရောက်ပညာသင်ကြားခဲ့သည်။

**အနောက်အုပ်စု အမေရိကန်ပြည်ထောင်စုတို့နှင့် ဆက်ဆံရေးအေးစက်နေသော ရုရှားနိုင်ငံက အာဆီယံနိုင်ငံများနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးအပါအဝင် နယ်ပယ်ကဏ္ဍအစုံတွင် ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်လုပ်ဆောင်ရန်ကြိုးပမ်းမည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်**

ရန်ကုန်နည်းပညာတက္ကသိုလ်နှင့်မန္တလေးနည်းပညာတက္ကသိုလ်အတွင်းရှိ ပင်မစာကြည့်တိုက်တို့ကို ရုရှားအစိုးရ၏ဘဏ္ဍာရေးအကူအညီဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယနေ့ထိ မြန်မာပညာတော်သင် ၄၀၀၀ ကျော် ရုရှားတက္ကသိုလ်အသီးသီးမှ မဟာဘွဲ့၊ ဒေါက်တာဘွဲ့များရရှိခဲ့သလို လက်ရှိအချိန်တွင် မြန်မာကျောင်းသား ၂၀၀၀ ဝန်းကျင်မှာ ရုရှားနိုင်ငံ၌ ပညာသင်ကြားလျက်ရှိသည်။ ရုရှားပညာတော်သင် ၃၀ ကို အစိုးရနည်းပညာတက္ကသိုလ်များ ပညာသင်ကြားရန် စေလွှတ်ခဲ့သလို ရုရှားဘာသာစကားဌာနကို ရန်ကုန်နှင့်မန္တလေးမြို့များရှိ နိုင်ငံခြားဘာသာသင်တက္ကသိုလ်များ၌ ဖွင့်လှစ်ထားသည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့လာရောက်ခဲ့သော ရုရှားဝန်ကြီးချုပ် ဒီမီထရီမတ်ဗီဒက်ဗ်၏ ခရီးစဉ်အတွင်း သဘောတူညီချက်များအရ နှစ်နိုင်ငံကြား ဆရာ ဆရာမများ ဖလှယ်ရေး အစီအစဉ်တစ်ရပ်ကို ယခုနှစ်အတွင်း စတင်မည်ဟု မျှော်မှန်းထားသည်။

ယူကရိန်းပြဿနာနှင့်ပတ်သက်၍ ရုရှားနိုင်ငံနှင့် အနောက်နိုင်ငံများ အကြား ဆက်ဆံရေး တဖြည်းဖြည်းဆိုးရွားလာသောအချိန်တွင် ဖွံ့ဖြိုးဆဲအာရှနိုင်ငံများနှင့် စီးပွားရေးနှင့်သံတမန်ဆက်ဆံရေး တည်ဆောက်ရန် ရုရှားနိုင်ငံကကြိုးပမ်းနေသည်။ မြန်မာနှင့်ရုရှားနိုင်ငံတို့ကြား ကုန်သွယ်မှုပမာဏမှာ လက်ရှိအချိန်၌ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၁၄ သန်းခန့်သာ ရှိသေးသည်။ မြန်မာနိုင်ငံသို့ တင်ပို့သော ရုရှားပို့ကုန်များ၏ ၈၀ ရာခိုင်နှုန်းမှာ ယန္တရားများနှင့် သယ်ယူပို့ဆောင်ရေးပစ္စည်းကိရိယာများဖြစ်ပြီး ရုရှားနိုင်ငံသို့တင်ပို့သော မြန်မာနိုင်ငံ၏ ပို့ကုန်အများစုမှာ ရေထွက်ပစ္စည်းများဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်မှုကို ၂၀၁၇ ခုနှစ်မတိုင်မီ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၅၀၀ ထိတိုးမြှင့်သွားရန် နှစ်နိုင်ငံစလုံးက ရည်မှန်းချက်တစ်ရပ်ထား၍ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်း၌ ရုရှားစွမ်းအင်ကုမ္ပဏီများ အဓိကရင်းနှီးမြှုပ်နှံထားသလို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် ရုရှားနိုင်ငံက စိတ်ဝင်စားနေသည်။

၂၀၀၈ ခုနှစ် မေလအစောပိုင်းက မြန်မာ့သမိုင်း၌ အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် လူပေါင်း ၁၄၀၀၀၀ ခန့်သေဆုံးခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားပြီးနောက် မြန်မာအစိုးရ၏ တရားဝင်အကူအညီတောင်းခံမှုကြောင့် ရုရှားအစိုးရက မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာနှစ်သန်းတန်ကြေးရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အကူအညီများ ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်အချက်ပေးစနစ်တစ်ရပ်တည်ဆောက်ရန် ရုရှားနိုင်ငံက အကူအညီပေးခဲ့သည့်အပြင် ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးနီးပါး ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် အိုးအိမ်များ ပျက်စီးခဲ့ရသော ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာ၊ စောင်၊ ရွက်ဖျင်တဲ များနှင့် အသက်ကယ်လှေများ အပါအဝင် တန်ချိန် ၄၀ ရှိ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီထောက်ပံ့ပေးခဲ့သည်။

အချုပ်အားဖြင့်ဆိုသော် ရုရှား-အာဆီယံထိပ်သီးအစည်းအဝေးမှာ မြန်မာနိုင်ငံအတွက်သာမက အာဆီယံဒေသအတွက်ပါ အရေးပါသော အစည်းအဝေးတစ်ခုဖြစ်သည်။ နှစ်ဖက်စလုံးအတွက် ဆွေးနွေးမှုမိတ်ဖက်အဆင့်မှ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးမှုမိတ်ဖက်အဆင့်ထိ တိုးမြှင့်နိုင်မည့် အခွင့်အလမ်းလည်းဖြစ်သည်။ အနောက်အုပ်စု အမေရိကန်ပြည်ထောင်စုတို့နှင့် ဆက်ဆံရေးအေးစက်နေသော ရုရှားနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးအပါအဝင် နယ်ပယ်ကဏ္ဍအစုံတွင် ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်လုပ်ဆောင်ရန်ကြိုးပမ်းမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ထို့အတူ သက်တမ်းရက် ၅၀ ကျော်သာရှိသေးသည့်အစိုးရသစ်က ယင်းအစည်းအဝေးအတွင်း မြန်မာနှင့်ရုရှားနှစ်နိုင်ငံကြား ခိုင်မြဲသောဆက်ဆံရေးကို ပိုမိုတိုးမြှင့်ကာ မြန်မာပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့်အရာများ ဆောင်ကြဉ်းပေးနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားစရာပင်ဖြစ်သည်။

ကိုးကား - www.asean.org
- https://en.wikipdia.org
- sputniknews.com

# အလုံမြို့နယ်ရဲတပ်ဖွဲ့ဝင်များ သောက်သုံးရေသွားရောက်လှူဒါန်း



**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေ၏ ဦးဆောင်မှု၊ အလုံမြို့မရဲစခန်းမှူး ဒုရဲမှူးတင်လှ၏ ကြီးကြပ်မှုဖြင့် ဒုစခန်းမှူးရဲအုပ်သိန်းသန်း၊ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဌေးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် မတ် ၁၅ ရက်က တွံတေးမြို့နယ် ဂျောင်ဝိုင်းကြီးကျေးရွာသို့ အိမ်တိုင်ရာရောက် သောက်သုံးရေ ၂၀ လီတာဝင်ဘူးကြီး ၆၀၀ သွားရောက်လှူဒါန်းသည်။

ထိုသို့ ရေလှူဒါန်းမှုကို ကျေးရွာရှိ ရပ်မိရပ်ဖများနှင့် ပြည်သူများက ကြိုဆိုကြကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

# ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့၏ ပူးပေါင်းကူညီမှုဖြင့် မိတ္ထီလာတွင် စွန့်ဦးတီထွင် သင်တန်းဖွင့်လှစ်

**မိတ္ထီလာ မေ ၁၆**

ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ ( UNIDO )၏ ပူးပေါင်းကူညီမှုဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကြီးကြပ်ဖွင့်လှစ်သည့် စွန့်ဦးတီထွင်သင်တန်းဖွင့်ပွဲကို မေ ၁၆ ရက် နံနက် ၉ နာရီခွဲ ခန့်က မိတ္ထီလာမြို့ ပန်းလေပြေ (ဝန်ဇင်း ) ဟိုတယ်ခန်းမတွင် ကျင်းပကြောင်း သိရသည်။

"စွန့်ဦးတီထွင်သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သတ်၍ လက်ရှိစီးပွားရေးလုပ်ငန်းလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေအပြင် အမျိုးသား၊အမျိုးသမီးလူငယ်တွေကို အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နေရာကနေ ပိုမိုအောင်မြင်တိုးတက်စေလိုတဲ့ ရည်ရွယ်ချက်နဲ့စွန့်ဦးတီထွင် သင်တန်းကို ဖွင့်လှစ်တာဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးမျိုးထွဋ်ဆွေက ပြောသည်။

စွန့်ဦးတီထွင်သင်တန်းကို မေ ၁၆ ရက် မှ ၁၉ ရက်အထိ ၄ ရက်တာ ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ် အမျိုးသားအမျိုးသမီးများ စုစုပေါင်းသင်တန်းသား ၄၀ တက်ရောက်ကြသည်။ သင်တန်းတွင် SME အဓိပ္ပာယ်နှင့် ဥပဒေ ၊နည်းဥပဒေများ ၊ ဈေးကွက်စီမံခန့်ခွဲမှု ၊ အခြေခံဈေးကွက်စီမံချက်ရေးဆွဲနည်းများ ၊ စီးပွားရေးလုပ်ငန်းစီမံချက်များ စသည့် ဘာသာရပ်များအား ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့မှ Mr.Ryan Russell နှင့် စီးပွားရေးပညာရှင်များက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

**ချမ်းသာ (မိတ္ထီလာ )**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# သက်ဆိုင်ရာကျေးရွာပြည်သူလူထု သဘောတူခွင့်ပြုမှသာ စိစစ်ပြီး ဓာတ်သတ္တုထုတ်လုပ်ရန်ခွင့်ပြုမိန့်များ လုပ်ကိုင်ခွင့်ချထားပေး

**နေပြည်တော် မေ ၁၆**

**ထိန်းသိမ်းပြုပြင်ရန် နောက်ကျလျက်ရှိသဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသော မကွေးတိုင်းဒေသကြီး မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကြီးအုံကြီးဝတမံ ပျက်စီးမှုများနှင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် နယ်စပ်၊ ရာဇဂြိုဟ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်တို့အတွက် ယခုလာမည့် မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း**အဆိုကို ပြည်သူ့လွှတ်တော်က မှတ်တမ်းအဖြစ်သာထားရှိ၍ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး ၂၇ ရက်မြောက်နေ့၌ လွှတ်တော်ကိုယ်စားလှယ် လေးဦးတို့က ထောက်ခံဆွေးနွေးခဲ့ကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းနှင့် အဆိုရှင် ဒေါ်ခင်စန်းလှိုင်တို့က လွှတ်တော်တွင် မှတ်တမ်းထား၍ စောင့်ကြည့်သင့်ကြောင်း တင်ပြခဲ့ကြသည်။

ထို့ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် အဆိုကို လွှတ်တော်က မှတ်တမ်းတင် စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြန်လည်ရှင်းလင်းရာတွင် ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်ထောင်စုငွေလုံးငွေရင်း မူလရန်ပုံငွေတွင် မုန်းချောင်းရေပိုလွှဲအတွက် ငွေကျပ်သန်း ၁၅၀၀၊ ကြီးအုံကြီးဝရေပိုလွှဲအတွက် ငွေကျပ်သန်း ၃၅၀၀ ရရှိပြီးဖြစ်၍ ဆောင်ရွက်ရန်ရှိသည်များကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မုန်းချောင်းရေလှောင်တမံ၌ အကျယ် ပေ ၂၂၀ ရှိသော အကူရေပိုလွှဲ ဖြည့်စွက်တည်ဆောက်ခြင်း၊ ကြီးအုံကြီးဝရေလှောင်တမံ၌ အကူရေပိုလွှဲအား အကျယ် ပေ ၄၅၀ အထိ တိုးချဲ့တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို ယခုနှစ်မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများအတွက် ထပ်မံလိုအပ်ငွေကို တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်အခြေခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။


မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းစဉ်

တွီလွီချောင်းဖျားဒေသ၌ မြေစာများဖြင့်ပိတ်ဆို့ပြီး သဘာဝမြေပြိုကန်ဖြစ်ပေါ်ခဲ့ကြောင်း၊ ကန်ကိုယ်ထည်၏ အနေအထားအရ လက်ရှိကာလတွင် ကျိုးပေါက်ရန် မဖြစ်နိုင်သော်လည်း မိုးရာသီတွင် စီးဝင်ရေများ ထပ်မံဝင်ရောက်ပြီး ရေကျော်ကျခြင်း၊ ရေတိုက်စားခြင်းများကြောင့် ကန်ကိုယ်ထည်ကျိုးပေါက်မှုဖြစ်ပေါ်လာနိုင်ပါကြောင်း၊ မြေပြိုကန် ကျိုးပေါက်လာပါက ရောက်ရှိလာမည့် ရေထုထည်ပမာဏအား ရာဇဂြိုဟ်ရေပိုလွှဲမှ ကောင်းမွန်နိုင်နင်းစွာနှင့် ဘေးအန္တရာယ်ကင်းစွာ စီးထွက်စေနိုင်ပါကြောင်း။

အဆိုပါ မြေပြိုကန်မှာ ဆက်စပ်ပတ်သက်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်၍ ဆောင်ရွက်သွားမည့် လုပ်ငန်းဖြစ်ပါကြောင်း။

သို့ဖြစ်၍ မကွေးတိုင်းဒေသကြီး မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကြီးအုံကြီးဝတမံတို့၏ ရေပိုလွှဲများ ပျက်စီးမှုများနှင့်ပတ်သက်၍ မိုးမကျမီ အချိန်မီပြီးစီးနိုင်ရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နယ်စပ် ရာဇဂြိုဟ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ယခုလာမည့် မိုးရာသီမတိုင်မီပြီးစီးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် အဆိုအား မှတ်တမ်းတင်ထားသင့်ကြောင်း ထည့်သွင်းတင်ပြသည်။

ထို့ပြင် အစည်းအဝေး၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **ရှမ်းပြည်နယ် မြောက်ပိုင်း မိုင်းရယ်မြို့နယ် မန်ပုံကျေးရွာအုပ်စုအတွင်းရှိ နောင်ယကျေးရွာအနီးတွင် ငွေရည်ပုလဲကုမ္ပဏီလီမိတက်က ကျောက်မီးသွေးများတူးဖော်လျက်ရှိရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျောက်မီးသွေး၊ သတ္တုတူးဖော်ထုတ်လုပ်ခွင့်ပြုခဲ့ခြင်း ရှိ၊ မရှိ၊ သက်ဆိုင်ရာကျေးရွာပြည်သူလူထုနှင့် မည်ကဲ့သို့သဘောတူညီချက် ရယူထားသနည်း၊ ငွေရည်ပုလဲကုမ္ပဏီလီမိတက်က လုပ်ကိုင်လျက်ရှိသော ကျောက်မီးသွေးတူးဖော်နေခြင်းအား ချက်ချင်းရပ်ဆိုင်းပေးရန်နှင့် ဒေသတွင်း သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးခြင်းအတွက် ထိုက်သင့်သော လျော်ကြေးများ ပြန်လည်ပေးအပ်ရန်** တင်ပြတိုင်ကြားစာနှင့်စပ်လျဉ်း၍


ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် မေးမြန်းစဉ်

**သက်ဆိုင်ရာမှ မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးမြန်းချက်အပေါ် ငွေရည်ပုလဲ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သို့ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ထုတ်ပေးပြီးသော ကျောက်မီးသွေးလုပ်ကွက်(၁) မြေဧရိယာ ၂၁၉ ဧက လုပ်ကွက်အား ထုတ်လုပ်မှုကူးပြောင်း၍ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ထုတ်ပေးရေးကိစ္စအား ရပ်ဆိုင်းထားပြီးဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်၊ ဓာတ်သတ္တုအကြီးစား/ အသေးစားတူးဖော်ထုတ်လုပ်ရန်ခွင့်ပြုမိန့်များ တင်ပြလျှောက်ထားလာသည့် ပြည်တွင်းပြည်ပမှ ကုမ္ပဏီများ၏ လုပ်ကွက်လျှောက်ထားမှုများ စိစစ်လက်ခံ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ သဘောထားမှတ်ချက်နှင့် မြေစာရင်းပုံစံ (၁၀၅) ရေးကူးခွင့်များ တောင်းခံခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာပြည်သူလူထုက သဘောတူထောက်ခံခွင့်ပြုမှသာလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်၊ ဓာတ်သတ္တုအကြီးစား/ အသေးစား ထုတ်လုပ်ရန်ခွင့်ပြုမိန့်များထုတ်ပေး၍ လုပ်ကိုင်ခွင့် ချထားပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်ရှိ တောင်သူ ၄၂ ဦးပိုင်ဆိုင်လုပ်ကိုင်လျက်ရှိသောပုံစံ(၇)ကျပြီး ယာမြေများအား သိမ်းဆည်း၍ တရားစွဲဆိုထားခြင်းအား ရုပ်သိမ်းပေးရန်နှင့် တောင်သူများအားမြေများ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးမြန်းချက်အပေါ် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကွင်းအမှတ်(၂၅၂၈/၂၅၇၈) ဦးပိုင်အမှတ်(၁၂/၁၉) ကုတ္တက်အုပ်စု ဂုဏ်ကျွန်းကျေးရွာ တောင်သူ ၄၂ ဦး လုပ်ကိုင်လျက်ရှိသော ပုံစံ(၇)ကျပြီး ယာမြေ ဧက ၇၀၀ သည် သစ်တောမြေအတွင်း ကျရောက်ခြင်းမရှိပါကြောင်းနှင့် အတင်းအဓမ္မ သိမ်းဆည်းခြင်း မရှိပါကြောင်း။

ခင်ဦးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ကျေးရွာသုံးထင်းစိုက်ခင်း တည်ထောင်ရန် ခိုထောင်ကြိုးဝိုင်းအတွင်း ၂၅ ဧကနှင့် ပျဉ်းထောင်ကြိုးပြင်ကာကွယ်တောအတွင်း ၂၅ ဧကကို ရွေးချယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ကျေးရွာသုံးထင်းစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် စိုက်ခင်းမြေနေရာများအတွင်း ကျူးကျော်လုပ်ကိုင်ခဲ့သည့် တောင်သူများဖြစ်သော ဦးအောင်ချို(သင်ပေါင်းရွာ)၊ ဦးတင်ထွန်း(လယ်သစ်တောရွာ)၊ ဦးမိုးနှင်း(ရွာစဉ်ရွာ) တို့အပေါ် သစ်တောဥပဒေပုဒ်မ ၄၂ (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူတရားစွဲဆိုခြင်းသာဖြစ်ပြီး ကျူးကျော်မြေအား ပြန်လည်ပေးအပ်ရန်မရှိပါကြောင်းနှင့် တရားစွဲဆိုခြင်းကိုလည်း ပြန်လည်ရုပ်သိမ်းရန်မရှိကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဟက်ပီးဇုန်ကစားကွင်းဖြစ်စဉ်နှင့်ပတ်သက်၍ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်မှ စိစစ်ပြီး အုပ်ချုပ်ရေးလမ်းကြောင်းမှ အရေးယူခဲ့

**နေပြည်တော် မေ ၁၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၀)ပါ ဟက်ပီးဇုန်ကစားကွင်းတွင် မိန်းကလေးများ အပါအဝင် ဂိမ်းကစားသူများ အောင်မြင်ပါက အမျိုးသားအင်္ဂါပစ္စည်းအတု လက်ဆောင်ပေးခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်မှစိစစ်ပြီး ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူခြင်းမပြုဘဲ အုပ်ချုပ်ရေးလမ်းကြောင်းမှ အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖြစ်စဉ်နှင့်ပတ်သက်၍ လူမှုကွန်ရက်တွင် သတင်းဖြစ်ပေါ်မှုကို စိစစ်အရေးယူနိုင်ရန် ဒဂုံမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လက်ထောက်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့်အဖွဲ့က ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ည ၇ နာရီတွင် ဟက်ပီးဇုန်ကစားကွင်းသို့ ရောက်ရှိစစ်ဆေးခဲ့ပါကြောင်း၊ ကစားကွင်းမန်နေဂျာ ဦးမြတ်ထွဋ်စံနှင့်တွေ့ဆုံပြီး ဖြစ်စဉ်အကြောင်းအရာ စိစစ်ခဲ့ရာ ကစားကွင်းဆိုင်၌ ရောင်းချသည့် ကလေးကစားစရာ ပစ္စည်းများကို ထိုင်းနိုင်ငံမှ ဝယ်ယူတင်သွင်းရာတွင် ကစားစရာ ပစ္စည်းများနှင့်အတူ ဆပ်ပြာဖြင့် ပြုလုပ်ထားသည့် ပန်းပွင့်ပုံ၊ သဘော်သီးပုံ၊ အုန်းသီးပုံ အပါအဝင် ဆပ်ပြာခဲ ၃၀၀ ပါရှိပြီး ယင်းတို့အနက် အမျိုးသားအင်္ဂါတု ပုံစံဆပ်ပြာခဲ ၁၀ ခုပါရှိကြောင်း။

ထိုပုံစံဆပ်ပြာခဲများကို ကစားကွင်း မှန်ဗီရို၌ထားရှိပြီး ကစားကွင်း၌ လာရောက် ဂိမ်းကစားသူများ အနိုင်ရရှိပါက အပျော်သဘော လက်ဆောင်ပေးခဲ့ပါကြောင်း၊ သွားရောက်စစ်ဆေးချိန်တွင် ယင်းပစ္စည်းများကို ရောင်းချခြင်း၊ လက်ဆောင်ပေးခြင်းမရှိဘဲ ဆိုင်အစီအစဉ်ဖြင့် ဖျက်ဆီးခဲ့သည့်အတွက် သိမ်းဆည်းရရှိခဲ့ခြင်း မရှိပါကြောင်း၊ စစ်ဆေးရေးအဖွဲ့ သွားရောက်စစ်ဆေးရာ၌ ဆိုင်မန်နေဂျာဖြစ်သူက လူမှုကွန်ရက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ယင်းပစ္စည်းများ လက်ဆောင်ပေးခဲ့သည်မှာ မှန်ကန်ကြောင်း ဝန်ခံခဲ့သော်လည်း လက်ရှိတွင် ဆက်လက်ထားရှိခြင်း၊ လက်ဆောင်ပေးခြင်း၊ သိမ်းဆည်းရမိခြင်းများ မရှိဘဲ ဆိုင်မှတာဝန်ရှိသူများက လူမှုကွန်ရက်၌ သတင်းဖြစ်ပေါ်မှု သိရှိချိန် တွင် ၎င်းတို့အစီအစဉ်ဖြင့် သိမ်းဆည်း ဖျက်ဆီးထားသည်ကို တွေ့ရှိရပါကြောင်း။


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦး မေးမြန်းစဉ်

မြေပြင်၌စစ်ဆေးစဉ် ခိုင်မာသည့် သက်သေ အထောက်အထား တစ်စုံတစ်ရာ သိမ်းဆည်းရမိမှုမရှိခြင်း၊ ပတ်ဝန်းကျင် မျက်မြင်သက်သေ ထွက်ဆိုချက် ရယူနိုင်မှု မရှိခြင်းတို့ကြောင့် သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းအနေဖြင့် ပြစ်မှုကြောင်းအရ အရေးယူခြင်းမပြုဘဲ အုပ်ချုပ်ရေးနည်းလမ်းအရ ဆိုင်မန်နေဂျာဖြစ်သူကို သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ခေါ်ယူ၍ ဝန်ခံကတိပြုသတိပေးမှတ်တမ်းတင် လက်မှတ်ရေးထိုးစေခဲ့ပါကြောင်း၊ ထို့ပြင် မြေငှားရမ်းပေးခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပန်းဥယျာဉ်နှင့် အားကစား


ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုး ဖြေကြားစဉ်

ဌာနအနေဖြင့် နောင်တွင်ဤကဲ့သို့ မလိုလားအပ်သော ဖြစ်စဉ်များထပ်မံမဖြစ်ပွားရေးအတွက် ကစားကွင်းပိုင်ရှင်ဖြစ်သူကို နောက်ဆုံးအကြိမ် သတိပေးခြင်း၊ ဝန်ခံကတိပြုလက်မှတ်ရေးထိုး မှတ်တမ်းတင်ခြင်းများရယူ၍ အရေးယူဆောင်ရွက်ခဲ့ပြီး ဌာန၏ စိစစ်ညွှန်ကြားမှုအပေါ် လိုက်နာမှုမရှိဘဲ ထပ်မံဖြစ်ပေါ်ပါက စာချုပ်ချုပ်ဆို ငှားရမ်းထားရှိမှုအား အပြီးသတ် ပိတ်သိမ်းဖယ်ရှားသည်အထိ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ တင်ပြချက်အရ သိရှိရပါကြောင်း ဖြေကြားသည်။

ထို့နောက် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ကျိန်ငိုက်မန်က ရှင်းလင်းတင်ပြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေး၂၅ ရက်မြောက်နေ့ကို မေ ၁၈ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပေါက်မြို့၌ တပ်မတော်နယ်လှည့် ဆေးကုသရေးကွင်းဆင်း

**ပေါက် မေ ၁၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့၌ ဗိုလ်ကြီးမြတ်သူကျော်(ဆေးမှူး) ဦးဆောင်သော တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းကို မေ ၁၆ ရက်က မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ပြုလုပ်သည်။ ဆေးကုသအဖွဲ့သည် ရာသီဥတုအပူဒဏ်ကြောင့် ချွေးထွက်များပြီး အားအင်ကုန်ဆုံးခြင်းများကို ပြန်လည်အားပြည့်လာစေရန်အတွက် ဓာတ်ဆားရည်များ လက်တွေ့ဖျော်တိုက်ပေးခြင်းနှင့် အထွေထွေရောဂါသည် ၅၀ ခန့်ကို နေ့ချင်းပြီး ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဉာဏ်တိုး(ပေါက်)

# ရပ်/ကျေးအုပ်ချုပ်ရေးမှူးကို မူလတန်းအဆင့်နှင့်ညီမျှသော ပညာအရည်အချင်းအောင်မြင်ပြီးသူဟု ပြင်ဆင်ရန် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်း

**နေပြည်တော် မေ ၁၆**

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို အခြေခံ၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များ ပြန်လည်ကြားနာပြီး ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ၌ အကြံပြုထားသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအား တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်ကျိုနိုင်ကိုက်မန်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့တွင် ဖတ်ကြားရှင်းလင်းခဲ့သည်။

အဆိုပါ အစီရင်ခံစာ၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)ကို အနိမ့်ဆုံး အခြေခံပညာအလယ်တန်းအဆင့် ပညာအရည်အချင်းရှိသူဖြစ်ခြင်း ဆိုသည့် စကားရပ်အစား ဥပဒေကြမ်းကော်မတီက အခြေခံပညာမူလတန်းအဆင့်နှင့် ညီမျှသော ပညာအရည်အချင်းအောင်မြင်ပြီးသူဖြစ်ခြင်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန် အကြံပြုထားသည်။

ထို့ပြင် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဝ)ကို အများပြည်သူအကျိုးနှင့် ဒေသခံများ၏ အကျိုးကို လတ်တလောထိခိုက်စေမည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ် အခြေအနေပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းကို ချက်ချင်းဆောင်ရွက်ခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်းဆိုသည့် စကားရပ်အစား ဥပဒေကြမ်းကော်မတီက အများပြည်သူအကျိုးနှင့် ဒေသခံများ၏ အကျိုးကို လတ်တလောထိခိုက်စေမည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေ ပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းကို ချက်ချင်းဆောင်ရွက်ခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံးတင်ပြခြင်းဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန် အကြံပြုထားသည်။

၎င်းအပြင် ဥပဒေကြမ်းကော်မတီ အစည်းအဝေး၌ ကော်မတီဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေး၏ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များအရ ဥပဒေကြမ်းပါ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၁၇ နှင့် ပုဒ်မ ၃၃ တို့၏ ပြင်ဆင်ချက်အား မူလအတိုင်းထားရှိသင့်ကြောင်း အကြံပြုတင်ပြချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ ဆောင်ရွက်သင့်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက မေ ၁၉ ရက်နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

**သူရဇော်**



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်ကျိုနိုင်ကိုက်မန်

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးရေး လွှတ်တော်၌ အတည်ပြုဆွေးနွေးမည်

**နေပြည်တော် မေ ၁၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို မေ ၁၇ ရက် နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ အဆိုပြုတင်ပြသော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်း (သို့မဟုတ်) ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆို တင်သွင်းခြင်းနှင့် ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၁၉၆၉ ခုနှစ်၊ ဆီ (ရေနံ) ယိုဖိတ်မှုကြောင့် ပင်လယ်ပြင်ညစ်ညမ်းမှုဖြစ်စဉ်များမှတစ်ဆင့် ထိခိုက်နစ်နာသူများနှင့် ဆုံးရှုံးမှုများကို လျော်ကြေးရရှိရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းအား ပြင်ဆင်သည့် ၁၉၉၂ ခုနှစ် နောက်ဆက်တွဲသဘောတူစာချုပ် (CLC Protocol 1992) အား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးရန်ရှိက ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# ပထမရက် ၁၀၀ လုပ်ငန်းစဉ်အဖြစ် ကညနမှ Chip ပါသည့် စမတ်ကတ်လိုင်စင်များ လဲလှယ်ပေးလျက်ရှိ

**ရန်ကုန် မေ ၁၆**

ယာဉ်မောင်းသူများ ယနေ့ ကိုင်ဆောင်လျက်ရှိနေသော PVC ယာဉ်မောင်းလိုင်စင်များအစား Chip ပါသည့် စမတ်ကတ် ယာဉ်မောင်းလိုင်စင်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန)မှ ပြောင်းလဲထုတ်ပေးနေကြောင်း သိရသည်။

ကညနမှ ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူး ဦးဆန်းယုဝေက "ဟုတ်ပါတယ်။ ပိုပြီးလုံခြုံစိတ်ချရတဲ့ Chip ပါတဲ့ စမတ်ကတ် ယာဉ်မောင်းလိုင်စင်တွေကို နေပြည်တော်မှာ အခု ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်က စတင်ထုတ်ပေးနေပါတယ်။ ရန်ကုန်အပါအဝင် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ် ကညနရုံးတွေမှာ ဧပြီ ၁ ရက်က စတင်ထုတ်ပေးနေပါတယ်" ဟု ဆိုခဲ့သည်။



မထသ(ဗဟို) ယာဉ်လုပ်သားများ အခြေခံသင်တန်း၌ သင်မောင်းလိုင်စင်များ ထုတ်ပေးစဉ်

Chip ပါသည့် စမတ်ကတ် ယာဉ်မောင်းလိုင်စင်များကို ပြောင်းလဲထုတ်ပေးခြင်းအားဖြင့် ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူတစ်ဦးစီ၏ အချက်အလက်များကို လုံခြုံစိတ်ချစွာ ထိန်းသိမ်းပေးနိုင်ခြင်း၊ လိုင်စင်မှန်ကန်မှုရှိ/မရှိ စစ်ဆေးနေသည့်နေရာတွင် ချက်ချင်းအတည်ပြုပေးနိုင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများအား အမှတ်ပေးစနစ် Demerit Point System အရ ပြစ်မှုကျူးလွန်သော ယာဉ်မောင်းများအား အမှတ်ပေး၍ အပြစ်ပေးအရေးယူဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သူများအား ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်မည့်အပြင် ယာဉ်မောင်းလိုင်စင်အတုကိုင်ဆောင်ထားသူများကို အလွယ်တကူ စစ်ဆေးဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ ထုတ်ပေးသော Chip ပါသည့် စမတ်ကတ် ယာဉ်မောင်းလိုင်စင်များသည် မြန်မာတစ်နိုင်ငံလုံးသာမက ကုန်းလမ်းပို့ဆောင်ရေး သဘောတူစာချုပ်များ ချုပ်ဆိုထားသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဟာမဲခေါင်ဒေသခွဲ နိုင်ငံများနှင့် နောင်အနာဂတ်တွင် ချုပ်ဆိုရန်ရှိသည့် စာချုပ်ဝင်နိုင်ငံများတွင်ပါ မောင်းနှင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

Chip ပါသည့် စမတ်ကတ် ယာဉ်မောင်းလိုင်စင်၏ Chip ထဲတွင် အမည်၊ လိုင်စင်အမှတ်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ သက်တမ်းကုန်ဆုံးမည့်ရက်၊ ထုတ်ပေးသည့်ရုံးတို့ပါရှိပြီး ယင်းအချက်အလက်များကို NFC Technology Version ပါသည့် Android Mobile Phone [ Android Version 5.0 နှင့်အထက်] ဖြင့် စစ်ဆေးကြည့်ရှုနိုင်သည်ဟု သိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပထမရက် ၁၀၀ လုပ်ငန်းစဉ်အရ Chip ပါသည့် စမတ်ကတ် ယာဉ်မောင်းလိုင်စင်များကို လဲလှယ်နေသည့်အပြင် ပြည်သူအများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အထူးကိစ္စရပ်အဖြစ် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများကို တစိုက်မတ်မတ် ဆောင်ရွက်လာသည်ကို တွေ့ရသည်။

ထို့အပြင် ယင်းကဲ့သို့ သင်တန်းများ၊ ဟောပြောပွဲများ၌ ယာဉ်မောင်းလိုင်စင် ပြုလုပ်လိုသူများအတွက်ပါ စာရင်းကောက်ယူ၍ ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့ရသည်။

**သတင်း - တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ - ကိုကြီးတင်**

# မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာ ကားပြင်အလုပ်ရုံ ဂိုဒေါင်အတွင်း ဆီသယ်ယာဉ်များ မီးလောင်၊ မီးသတ်တပ်ဖွဲ့ဝင် ၆၀၀ ခန့်ဖြင့် ငြှိမ်းသတ်

**မင်္ဂလာဒုံ မေ ၁၆**

မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာ ပတ္တမြားလမ်းနှင့် မေတ္တာလမ်းထောင့်၌ ပေ (၄၀ × ၁၀၀) ခြံဝင်းအတွင်းရှိ ကားပြင်အလုပ်ရုံ ဂိုဒေါင်အတွင်း မေ ၁၆ ရက် နံနက် ၉ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**



မီးလောင်မှုဖြစ်ရခြင်းမှာ ကားရေဆေးသည့် ပန့်ရှိအင်ဂျင်စက်ကို နှိုးရာ ချောင်နေသော ပလပ်ခေါင်းမှ မီးပွားများ ထွက်ရှိလာပြီး အနီးရှိ အလုပ်လုပ်ထားရာမှ ကျန်ရှိနေသော ဆီအကြွင်းအကျန်များပေါ်သို့ ကျသွားကာ ယင်းမှတစ်ဆင့် ဆီသယ်ယာဉ်များဆီသို့ ကူးစက်လောင်ရခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောသည်။ ဆီသယ်ယာဉ်များ လောင်ခဲ့ခြင်းကြောင့် လောင်အားအရှိန်ကောင်းခဲ့သော မီးကို နံနက် ၁၀ နာရီတွင် ဝိုင်းဝန်းထိန်းနိုင်ခဲ့ကြပြီး နံနက် ၁၀ နာရီကျော်တွင် မီးငြိမ်းခဲ့သည်ဟု သိရသည်။ မီးသတ်အရာရှိတစ်ဦးက "စဖြစ်ဖြစ်ချင်းမှာ သူတို့အလုပ်သမားတွေက ဂိုဒေါင်မှာရှိတဲ့ DCP-3 Kg မီးသတ်ဆေးဘူး ၁၀ ဘူးနဲ့ အရင်ငြှိမ်းသတ်ကြတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဆီသယ်ယာဉ်တွေ ဖြစ်တာကြောင့် မီးလောင်အားများခဲ့ရပါတယ်" ဟု ဆိုသည်။

မီးလောင်မှုကြောင့် ဂိုဒေါင်အတွင်းရှိ ဂါလန် ၃၂၀၀ ဆံ့ ဆီမပါ YGN -O/--- နစ်ဆန်း(အပြာရောင်) ဆီသယ်ယာဉ်မှာ တာယာများနှင့် YGN 1B/---အီဇူဇူး ဂါလန် ၃၂၀၀ ဆံ့မှ 92 ဆီဂါလန် ၁၅၀၀ ပါ ဆီသယ်ယာဉ်တစ်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်သော အုပ်ချုပ်မှုယာဉ် ခုနစ်စီးနှင့်အတူ မြို့နယ်စုံမှ မီးငြှိမ်းသတ်ရေးယာဉ် ၄၅ စီး၊ အထောက်အကူပြုယာဉ် လေးစီးတို့နှင့်အတူ သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၆၀၀ ခန့်တို့က အမြှုပ်မီးသတ်ဆေးရည် ဂါလန် ၂၀၀ ကျော်၊ ရေဂါလန် ၂၀၀၀၀ ကျော်ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ပေးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ယာဉ်နောက်လိုက် သက်ထွန်းနိုင် (၂၈ နှစ်)ကို ထောက်ကြန့်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်း - ကိုကြီးတင်၊ ဓာတ်ပုံ - မင်္ဂလာဒုံမီးသတ်တပ်ဖွဲ့**

# နေပြည်တော်အစပ် ငန်းစပ်ကျေးရွာက ရေအခက်အခဲ

**သုတေသီလူသား**

ယခုနှစ်နွေရာသီ အပူဒဏ်ပြင်းထန်မှုကြောင့် မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် သောက်ရေသုံးရေပြတ်လပ်၍ အခက်အခဲများရင်ဆိုင်နေရသည်ကို သတင်းမီဒီယာမျိုးစုံမှ ကြားနေရသည်။ သည်မြေ၊ သည်ရေ၊ သည်တစ်မိုးအောက်တွင် တည်ရှိသောနိုင်ငံ၏ မြို့တော် နေပြည်တော်တစ်ခွင်သည်လည်း အခြားဒေသများကဲ့သို့ပင် အပူရှိန်ပြင်းထန်မှုကို ခံစားနေရသည်။ သို့သော် သောက်ရေသုံးရေနှင့်ပတ်သက်၍ အခက်အခဲ ကြီးကြီးမားမား ပြောဆိုသံ မကြားရ။ အကယ်၍ အခက်အခဲရှိလာသည့်တိုင် မြို့တော်ဖြစ်သောကြောင့် လည်းကောင်း၊ မြို့တော်နှင့် အနီးအနားနှင့် တည်ရှိနေသောကြောင့် လည်းကောင်း အစစအရာရာ ပြည့်စုံမှုရှိ၍ တစ်နည်းမဟုတ် တစ်နည်းဖြင့် ဖြစ်စေ၊ သက်ဆိုင်ရာတာဝန်ရှိဌာနများ သိရှိကူညီပေးခြင်းဖြင့်ဖြစ်စေ အဆင်ပြေနိုင်စရာရှိသည်။ ထို့ကြောင့် နေပြည်တော်နယ်နိမိတ်၊ ပရိဝုဏ်အစပ်တွင် ရေအခက်အခဲဖြစ်နေကြောင်း မိတ်ဆွေတစ်ယောက်ဆီမှ ကြားလိုက်ရချိန်တွင် ယုံရခက်ခက် ဖြစ်သွားခဲ့ရသည်။ မိတ်ဆွေဖြစ်သူက မနေ့တစ်နေ့ကပင် သောက်ရေသန့်ဘူးများ သွားရောက်လှူထားပြီးဖြစ်ကြောင်း၊ အခုလည်း သုံးရေအခက်အခဲက ပို၍ကြီးမားနေကြောင်း သိရသဖြင့် အခြေအနေကို သွားရောက်မေးမြန်းရန် ထိုကျေးရွာသို့ သွားမည်ဟု ဆိုလာသောအခါ စိတ်ပါဝင်စားမှုရှိနေသော စာရေးသူ အဖော်လိုက်ပါသွားခဲ့သည်။

ကျေးရွာအမည်မှာ ငန်းစပ်ဖြစ်သည်။ နေပြည်တော်နယ်နိမိတ်အတွင်းတွင်ရှိသော ငန်းစပ်ကျေးရွာသည် စာရေးသူတို့ နေထိုင်ရာ ဝန်ထမ်းအိမ်ရာများမှ အဝေးကြီးတွင် တည်ရှိနေသည်မဟုတ်။ နေပြည်တော် မြို့မဈေးမှ တောင်ညိုလမ်းအတိုင်း ၁၅ မိနစ်၊ မိနစ် ၂၀ ခန့် ကားမောင်းသွားရောက်နိုင်သည့် အကွာအဝေးတွင်ရှိနေသည်။ မြို့မဈေးရှေ့မှ ပျဉ်းမနားတောင်ညိုလမ်းအတိုင်း အနောက်ဘက်သို့ မောင်းသွားလျှင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကို ကျော်သွားပြီးနောက် အတော်လှမ်းလှမ်းရောက်သည်နှင့် ဥတ္တရသီရိမြို့နယ်အတွင်းတွင် တည်ရှိသော ငန်းစပ်ကျေးရွာသို့ ရောက်ရှိသည်။ စာရေးသူတို့ ကားလေးသည် ကားလမ်းမကြီးမှ ဘယ်ဘက်သို့ ချိုးကွေ့လျက် ရွာထဲသို့ ဝင်ရောက်သွားခဲ့သည်။ ရွာမြေနီလမ်းဘေးတွင် ကားကိုရပ်ထားခဲ့ကာ လမ်းဆင်းလျှောက်၍ အိမ်များကို ကြည့်မိသည်။ နွေရာသီသဘာဝထုံးစံအတိုင်း ခြောက်သွေ့လွန်းစွာဖြင့် တည်ရှိနေသည်။ ရေတွင်းရှိသော အိမ်များတွင် ကော်ပုံး၊ သံပုံး၊ ခွက်အမျိုးမျိုး တန်းစီထားသည်ကို တွေ့ရသည်။ ထိုရေတွင်းအများစုမှာ ခန်းခြောက်လျက်ရှိပြီး အချို့သော ကန်အနည်းငယ်မှာလည်း တစ်နေကုန်ထိုင်စောင့်လျှင်ပင် ရေတစ်ပုံးစာရရန် မလွယ်ကူသည့် အခြေအနေဖြစ်နေသည်။ "ဟိုးတောင်ဘက် နှစ်ဖာလုံလောက်မှာ ဆင်လူးကန်ရှိတယ်လေ၊ အရင်နှစ်တွေကတော့ အဲဒီကန်က ရေပေးနိုင်တယ်။ ဒီနှစ်တော့ အဲဒီကန်လည်း ခန်းနေပြီလေ၊ ရွာထဲက ကန်တွေကတော့ အားလုံးလည်း ခန်းနေကြပြီ" ဟု မိတ်ဆွေဖြစ်သူကို နှုတ်ဆက်စကားဆိုနေသည့် ရွာသားအဘိုးတစ်ဦးက စာရေးသူဘက်ကို လှည့်ပြောပြသည်။



ငန်းစပ်ကျေးရွာ ပြည်သူများအတွက် အလှူရှင်များက ရေများလာရောက်လှူဒါန်းမှုကို တွေ့ရစဉ်

ငန်းစပ်ကျေးရွာသည် ဇလောင်းကျေးရွာအုပ်စုတွင် ပါဝင်သော ရွာတစ်ရွာဖြစ်သည်။ ဇလောင်းကျေးရွာအုပ်စုတွင် ငန်းစပ်၊ ဇလောင်းတောင်၊ ဇလောင်းမြောက်နှင့် နန်းချွန်ဟူ၍ ကျေးရွာလေးရွာ ပါဝင်သည်ဟု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ချိတ်ဆွဲထားသော မှတ်တမ်းများအရ သိရသည်။ အိမ်ခြေပေါင်း ၁၃၀၇ အိမ်ရှိပြီး လူဦးရေ စုစုပေါင်း ၄၇၁၁ ဦးရှိသည်။ ထိုကျေးရွာလေးရွာအနက် အိမ်ခြေအများဆုံးရှိပြီး လူဦးရေအများဆုံးရှိသည့် ကျေးရွာသည် ငန်းစပ်ရွာဖြစ်သည်။ ဇလောင်းကျေးရွာအုပ်စုတစ်ခုလုံး လူဦးရေ၏ ထက်ဝက်နီးပါးဖြစ်သည့် လူဦးရေ ၂၁၄၇ ဦး နေထိုင်သည့် ထိုကျေးရွာတွင် ရေအခက်အခဲကြုံနေရခြင်းဖြစ်သည်။ ဇလောင်းတောင်ကျေးရွာနှင့် ဇလောင်းမြောက်ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တူးထားသည့် ရေတွင်းများရှိနေပြီဖြစ်ကြောင်း၊ နန်းချွန်ကျေးရွာသည်လည်း လူဦးရေ ၃၀၉ ဦးနှင့် ရှိသည့်ရေတွင်းများအခြေအနေမှာ လုံလောက်မှုရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ပြောပြချက်အရ သိရသည်။ အခု ရေအခက်အခဲဖြစ်နေသည့် ငန်းစပ်ကျေးရွာတွင်လည်း ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မကြာမီ ရေတွင်းတူးတော့မည်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးကပင် ထပ်မံပြောပြသည်။ ရွာသားများအတွက် အားတက်စရာဖြစ်ခဲ့ပါသည်။ ထိုသို့အလားအလာကောင်းများကို တာဝန်ရှိသူထံမှ သိရှိရသော်လည်း စာရေးသူတို့ရောက်ရှိသွားချိန်တွင် (၁၀-၅-၂၀၁၆)ရက်နေ့ ငန်းစပ်ကျေးရွာထဲ၌ လတ်တလောကြုံတွေ့နေရသည့် ရေဒုက္ခအသံများကိုသာ အဆက်မပြတ်ကြားနေရလေသည်။

"မနေ့ကတော့ တစ်လီတာ ရေသန့်ဘူးလေးတွေ အလှူရှင်တွေ လာဝေတယ် ငါ့တူတို့ရယ်။ ကျေးဇူးတင်ပါတယ်။ သောက်ရေကတော့ နည်းနည်းချင်း ချွေတာသောက်လို့ရတာပေါ့။ အခုတော့ သောက်ရေထက် သုံးရေကတော်တော်ကြီးကို အခက်အခဲဖြစ်နေကြတယ်" ဟု ရွာထဲမှ လိုက်လာသော အဒေါ်ကြီးက အခြေအနေကို တတွတ်တွတ် ပြောနေသည်။

အခြေအနေအရပ်ရပ်ကို သိရှိရပြီးနောက် သဒ္ဓါ ကောင်းလွန်းသော မိတ်ဆွေက ရေဘောက်ဆာကား ငှားရမည့်ကိစ္စနှင့် ရေဝယ်ရမည့် အခြေအနေများကို သူအမြန်စုံစမ်းမည်ဟုဆိုကာ စာရေးသူနှင့် မိတ်ဆွေတို့ ငန်းစပ်ရွာမှ ပြန်လာခဲ့ကြသည်။ မိတ်ဆွေ၏ သဒ္ဓါတရားထက်သန်မှုနှင့် အစီအမံကောင်းမွန်မှုကြောင့် နောက်တစ်နေ့ (၁၁-၅-၂၀၁၆)ရက်နေ့ ၁၁ နာရီဝန်းကျင်တွင် သောက်ရေသန့်ဘူးကြီးများနှင့် သုံးရေဂါလန် ၄၀၀၀ ဆံ့ ရေဘောက်ဆာကားကြီး ငန်းစပ်ရွာသို့ ထပ်မံရောက်သွားခဲ့သည်။ ရေကားကြီး လာရောက်ချိန်တွင် ငန်းစပ်ရွာသားများ စိတ်ကျေနပ်ပျော်ရွှင်နေပုံကို ဓာတ်ပုံရိုက်၍ မိတ်ဆွေကသူ၏ ဖေ့ဘွတ်စာမျက်နှာတွင် တင်ထားရာ ဝမ်းသာပီတိဖြစ်မှုတို့မှာ ကူးစက်လာသကဲ့သို့ပင် စာရေးသူ ခံစားလိုက်ရသည်။ သို့အတွက် အခြားသူများပါ မိတ်ဆွေဖြစ်သူ၏ အလှူဒါနပီတိကို မျှဝေခံစားနိုင်စေရန်နှင့် တာဝန်ရှိဌာနများမှ အခြေအနေကိုသိရှိ၍ လိုအပ်သည့်အစီအစဉ်များ ဆောင်ရွက်နိုင်စေရန် လည်းကောင်း၊ သဒ္ဓါပေါက်၍ အလှူမြောက်ချင်သူများ ထပ်မံလှူဒါန်းနိုင်စေရန်လည်းကောင်း ကြေညာမောင်းခတ်ရေးသားတင်ပြအပ်ပါသတည်း။

## အရည်အသွေးအာမခံချက်မရှိသော သောက်ရေသန့်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

၂။ အောက်ဖော်ပြပါ သောက်ရေသန့်များမှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အရည်အသွေးစိစစ် ထောက်ခံထားသည့် သောက်ရေသန့်များမဟုတ်ကြောင်း တွေ့ရှိရပါသဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါသည်။

| စဉ် | သောက်ရေသန့်အမှတ်တံဆိပ် | လုပ်ငန်းလိပ်စာ |
|---|---|---|
| ၁။ | Smart သောက်ရေသန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၂။ | KK သောက်ရေသန့် | အမှတ် ၃/၅၀၊ (၆၃ × ၆၄) ကြား၊ အေးမေတ္တာလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၃။ | United Family သောက်ရေသန့် | ဇ-၅/၂၀၊ ခရေလမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ |
| ၄။ | အေးချမ်းသာ သောက်ရေသန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၅။ | Moon Face သောက်ရေသန့် | မင်းကွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၆။ | AZURE သောက်ရေသန့် | မဲကင်းကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ |
| ၇။ | Rain Cloud (မိုးတိမ်လွှာ) သောက်ရေသန့် | (၃၃ × ၃၄)လမ်းကြား၊ (၈၉ × ၉၀) လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| ၈။ | Than Lwin (သံလွင်) သောက်ရေသန့် | ဝေဇယန္တာလမ်း၊ ရတနာပုံတက္ကသိုလ်အနီး၊ တောင်သမန်ရွာ၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ |
| ၉။ | Prince သောက်ရေသန့် | ၆၀ × ၆၉လမ်း၊ မြဝတီမင်းကြီးလမ်း၊ လမ်းသွယ်(၁၆)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၁၀။ | ကြည်ရတနာ သောက်ရေသန့် | စက်ရုံ ခခ-၂/၄၆၊ (၅၈ × ၅၉) လမ်းကြား၊ အောင်ချမ်းသာလမ်းသွယ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| ၁၁။ | Mandalay သောက်ရေသန့် | ည ၁/၅၊ အကွက်(၅၈၉)၊ ထိန်ကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၁၂။ | Fresh pH 7 သောက်ရေသန့် | အမှတ်(၉၃၀)၊ ဒုဋ္ဌဝတီလမ်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၃။ | R Plus သောက်ရေသန့် | မ-၃၂/၇၉၊ (၅၆)လမ်းနှင့်(၄၂)လမ်းထောင့်၊ ရဲမွန်တောင်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |
| ၁၄။ | တိမ်စင်ကြယ် သောက်ရေသန့် | (၄၁)လမ်း၊ ဈေးအရှေ့ဘက်၊ ပင်မ(၁၀)၊ အကွက်(၃၉၀)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |
| ၁၅။ | Pure 7 သောက်ရေသန့် | အမှတ်(၄/၃၀၅)၊ ကာယ(၃)လမ်း၊ ကာယရပ်ကွက်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ အမှတ်(၂၅)၊ ကျောင်းကြီး-၂လမ်း၊ ကျောင်းကြီးရပ်ကွက်၊ ဂရုဏာကလေးများဂေဟာဝင်းအတွင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |

၃။ အစားအသောက်(သောက်ရေသန့်) ထုတ်လုပ်ရန်ထောက်ခံချက်မရှိဘဲ ဆက်လက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချကြောင်း စိစစ်တွေ့ရှိရပါက အမျိုးသားအစားအသောက်ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အရာထမ်းများ သမဝါယမမွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**သန်လျင် မေ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အရာထမ်းများ သမဝါယမမွမ်းမံသင်တန်း (၁/၂၀၁၆) ကို သမဝါယမတက္ကသိုလ်(သန်လျင်)၌ မေ ၂ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၅ ရက်တွင် သမဝါယမတက္ကသိုလ် (သန်လျင်) ဥတ္တရဆောင်ခန်းမတွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။




သင်တန်းဆင်းပွဲသို့ သမဝါယမတက္ကသိုလ်(သန်လျင်)မှ ဒုတိယပါမောက္ခချုပ်(စီမံ)၊ ပါမောက္ခ/ဌာနမှူးများ၊ သင်ကြားပို့ချသော ဆရာ၊ ဆရာမများ၊ သင်တန်းကြီးကြပ်မှုအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သောင်းမြင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဦးစီးအရာရှိများနှင့် ဦးစီးမှူးများဖြစ်ကြသော သင်တန်းသား ၂၆ ဦးနှင့် သင်တန်းသူ ၅၀၊ စုစုပေါင်း ၇၆ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် ကသ-၁ ဒေါ်မြနီလာရင် ဦးစီးအရာရှိ ဝန်ဆောင်မှုဌာနခွဲ ညွှန်ကြားရေးမှူးချုပ်ရုံးက ပထမဆု၊ ကသ-၁၀ ဦးစီးအရာရှိ စစ်ဆေးရေးဌာနခွဲ ညွှန်ကြားရေးမှူးချုပ်ရုံးက ဒုတိယဆု၊ ကသ-၂၂ ဒေါ်ချိုချိုမာ ဦးစီးအရာရှိ ငွေစာရင်းဌာနခွဲ ညွှန်ကြားရေးမှူးချုပ်ရုံးက တတိယဆု ရရှိခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

**✻ ကျောဖုံးမှ**

ဒါကြောင့် ဝန်ထမ်းတွေအတွက်ရော ပြည်သူတွေအတွက်ပါ ဆောက်လုပ်ပေးသွားမှာပါ" ဟု ၎င်းက ဆိုသည်။

လက်ရှိတွင်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ချမ်းမြသာစည်မြို့နယ်တွင် လုပ်သက် ၂၅ နှစ် အထက် ဝန်ထမ်းများ နေထိုင်ရန်အတွက် တန်ဖိုးမျှတအိမ်ရာများ တည်ဆောက်ပေးပြီး မြေညီထပ်တစ်ခန်းလျှင် ငွေကျပ် ၁၆၅ သိန်း၊ ပထမထပ် ငွေကျပ် ၁၅၅ သိန်း၊ ဒုတိယထပ် ငွေကျပ် ၁၄၅ သိန်းနှင့် တတိယထပ် ငွေကျပ် ၁၃၅ သိန်းတို့ဖြင့် အိမ်ခန်း ၄၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

## သစ်ပင်ခုတ်လှဲရာမှ သစ်ပင်ပိ၍ သေဆုံး

**ငဖဲ မေ ၁၆**

မင်းဘူးခရိုင် ငဖဲမြို့နယ် တောင်ပေါ်ဒေသ စွန်တက်ကျေးရွာတွင် မေ ၁၄ ရက် ညနေ ၆ နာရီက ကျေးရွာ၏ အရှေ့မြောက်ဘက် နှစ်မိုင်ခန့် တောင်ယာတောအတွင်း မောင်လှ (၃၄ နှစ်) တောင်သူ လင်းတဲကျေးရွာနေသူသည် တစ်ဦးတည်း သစ်ပင်ခုတ်လှဲရာမှ သစ်ပင်လဲကျပြီး သစ်ပင်ပိ၍ နေရာ၌ပွဲချင်းပြီး သေဆုံးခဲ့သဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်/မဟုတ် စစ်ဆေးအရေးယူဆောင်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# ရိုမေးနီးယား၌ ဒုံးကျည်စနစ်ဖြန့်ကြက်ထားမှုကြောင့် အမေရိကန်နှင့်ရုရှားတို့အခြေအနေတင်းမာနိုင်

**ဝါရှင်တန်  မေ  ၁၆**

ရိုမေးနီးယား၌ အမေရိကန်တို့က ဒုံးကျည်စနစ် ဖြန့်ကြက်ထားခြင်းသည် အမေရိကန်နှင့်ရုရှားတို့ကြား ဆက်ဆံရေးကိုပို၍ဆိုးရွားမည်ဟု မပြောနိုင်သော်လည်း နှစ်နိုင်ငံကြား ဆက်ဆံရေးတိုးတက်အောင်ဆောင်ရွက်ရာ၌ အခက်အခဲဖြစ်စေနိုင်သည်ဟု ကျွမ်းကျင်သူများက ပြောသည်။

ကြာသပတေးနေ့က အမေရိကန်တို့သည် ရိုမေးနီးယား၌ ဒုံးကျည်ကာကွယ်ရေးစနစ်များတည်ဆောက်ခဲ့ပြီး ယခုကဲ့သို့ပြုလုပ်ခြင်းမှာ ကာကွယ်ရေးစနစ်သက်သက်သာဖြစ်ပြီး ရုရှားကို ရည်ရွယ်၍ပြုလုပ်ခြင်းမဟုတ်ကြောင်း ဝါရှင်တန်ဘက်မှ ပြောသည်။

ရုရှားနှင့်တင်းမာသည့်ဆက်ဆံရေးရှိနေသည့်ကြား ယခုအမေရိကန်၏ ဒုံးကျည်စနစ်ဖြန့်ကြက်ထားမှုသည် နောက်ထပ်တင်းမာမှုများကို ဖြစ်စေသည်။ ၂၀၁၄ နှစ်လယ်က ခရိုင်းမီးယားဒေသကို ရုရှားတို့ဝင်ရောက်ခြင်းအပေါ် ဝါရှင်တန်က ကျူးကျော်မှုဟု၍ ပြောကြားခဲ့သည်။ ရုရှားတို့က ခရိုင်းမီးယားပြည်သူများ၏ ရွေးချယ်မှုဟု၍သာ တုံ့ပြန်ဖြေရှင်းခဲ့သည်။

**(ဆင်ဟွာ)**

# ဗြိတိန်ဝန်ကြီးချုပ်နှင့် ကောင်းမွန်သည့်ဆက်ဆံရေးမရှိနိုင်ဟု ဒေါ်နယ်ထရန့်ပြော




**နယူးယောက်  မေ  ၁၆**

အမေရိကန်သမ္မတလောင်း ဒေါ်နယ် ထရန့်က ၎င်းသာသမ္မတဖြစ်ခဲ့ပါက ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် ကောင်းမွန်သည့်ဆက်ဆံရေး မရှိနိုင်ဟု ပြောသည်။

ဗြိတိန်ဝန်ကြီးချုပ်သည် ဒေါ်နယ် ထရန့်ကို ဝေဖန်မှုများပြုလုပ်ခဲ့သည်။ အမေရိကန်နိုင်ငံအတွင်းသို့ မူဆလင်များဝင်ရောက်ခြင်းကို ယာယီပိတ်ပင်သည့် အဆိုပြုချက်နှင့်ပတ်သက်၍ ထရန့်သည် လူများကို သဘောထားကွဲလွဲစေပြီး မှားယွင်းသည့်လုပ်ဆောင်မှုများ ဆောင်ရွက်နေသည်ဟု ကင်မရွန်းက လွန်ခဲ့သောနှစ် ဗြိတိန်ပါလီမန်၌ ပြောခဲ့သည်။ ထိုစဉ်က ကင်မရွန်းသည် အကယ်၍ ထရန့်သာ ဗြိတိန်သို့ လာရောက်ခဲ့ပါက ထရန့်ကိုကြိုဆိုမည်မဟုတ်ဟု ပြောခဲ့သည်။

ထရန့်က “မစ္စတာ ကင်မရွန်းနဲ့ တွဲဖက်ပြီး လုပ်ငန်းတွေဆောင်ရွက်ဖို့ ကျွန်တော့်မှာဆန္ဒရှိပါတယ်။ ဒါပေမယ့် မစ္စတာကင်မရွန်းကတော့ ဆန္ဒရှိမှာ မဟုတ်လောက်ဘူး။

ပြဿနာတွေကို ကျွန်တော်နဲ့ အတူပူးပေါင်းပြီး ဖြေရှင်းဖို့ သူ့မှာ ဆန္ဒမရှိလောက်ဘူး”ဟု ရုပ်သံအင်တာဗျူးတစ်ခုတွင် ပြောသည်။

**(ရိုက်တာ)**

# ယီမင်နိုင်ငံတွင် ရဲဌာနပေါက်ကွဲမှုဖြစ် အိုင်အက်စ်တို့က ၎င်းတို့လက်ချက်ဟုဆို

**ဆာနား  မေ  ၁၆**

ယီမင်နိုင်ငံတောင်ပိုင်း ရဲစခန်းတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူနှစ်ဆယ်ကျော် သေဆုံးခဲ့သည်။ အိုင်အက်စ်တို့က ယခုဖောက်ခွဲမှုမှာ ၎င်းတို့၏လက်ချက်ဖြစ်သည်ဟု အွန်လိုင်းမှတစ်ဆင့် ကြေညာခဲ့သည်။

တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သည့် အဆိုပါပေါက်ကွဲမှု၌ ၂၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၅၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ယီမင်အစိုးရပိုင် မီဒီယာက ပြောသည်။ တောင်ပိုင်းပြည်နယ် မတ်ကလာ၌ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယီမင်နိုင်ငံမြောက်ပိုင်းကို ထိန်းချုပ်ထားသည့် သူပုန်များနှင့်ယီမင်အစိုးရတို့သည် ကူဝိတ်၌ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်လျက်ရှိသည်။

နှစ်ဖက်စလုံးမှ ပြည်တွင်းစစ် အဆုံးသတ်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။ သို့သော် သဘောထားကွဲလွဲမှုများကို ညှိနှိုင်းအဖြေရှာနိုင်ခြင်းမရှိဘဲ ငြိမ်းချမ်းရေးသဘောတူစာချုပ်တွင်လည်း လက်မှတ်ရေးထိုးနိုင်ခြင်းမရှိပေ။

အိုင်အက်စ်စစ်သွေးကြွများနှင့် အခြားသော အစွန်းရောက်အုပ်စုများသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ခြင်းမရှိပေ။ ၎င်းတို့သည် တိုက်ခိုက်မှုများကို မြှင့်တင်၍ သဘောထားကွဲလွဲမှုများ ပို၍ဖြစ်ပေါ်လာအောင် လုပ်ဆောင်လျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**

# အာဖဂန်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက် လေးနိုင်ငံ ပူးပေါင်းဆွေးနွေးပွဲ ပြုလုပ်မည်

**အစ္စလာမ္မာဘတ်  မေ  ၁၆**

အာဖဂန်နစ္စတန်၊ တရုတ်၊ ပါကစ္စတန်နှင့် အမေရိကန်တို့မှ ထိပ်တန်းသံတမန်များသည် အာဖဂန်နစ္စတန်၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် မေ ၈ ရက်တွင် အစ္စလာမ္မာဘတ်၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သံအမတ်များနှင့် အာဏာပိုင်များက တနင်္ဂနွေနေ့က ပြောသည်။

တာလီဘန်တို့က အာဖဂန်အစိုးရနှင့် တိုက်ရိုက်စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ရန် ငြင်းဆန်ပြီးကတည်းက လေးနိုင်ငံ ပထမဦးဆုံးအကြိမ်အဖြစ် တွေ့ဆုံခြင်းဖြစ်သည်။ လေးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအုပ်စုသည် ဖေဖော်ဝါရီလအတွင်း ကဘူးလ်မြို့၌ နောက်ဆုံးတွေ့ဆုံခဲ့ပြီး မတ်လပထမပတ်က ပြုလုပ်ခဲ့သည့် အစည်းအဝေးသို့ တက်ရောက်ရန် သူပုန်များကို ဖိတ်ခေါ်ခဲ့သည်။

တာလီဘန်တို့သည် အာဖဂန်အစိုးရနှင့် စားပွဲတစ်ဝိုင်းတည်းတွင် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် စိတ်မပါပေ။ အာဖဂန်အစိုးရက အဆိုပါကိစ္စနှင့်ပတ်သက်၍ ဖိအားပေးဆောင်ရွက်လျက်ရှိရာ ယခုပြုလုပ်မည့် ဆွေးနွေးပွဲမှာ အရေးပါအရာရောက်မည်ဟု ခန့်မှန်းရသည်။

တာလီဘန်တို့သည် ဧပြီ ၁၉ ရက်က ကဘူးလ်၌ အသေခံဗုံးဖောက်ခွဲမှုပြုလုပ်ခဲ့ရာ လူ ၆၄ ဦး သေဆုံးခဲ့ပြီး လူပေါင်း ၃၅၀ နီးပါး ဆိုးရွားစွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းလုပ်ရပ်သည် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ထိခိုက်စေသည်။

အာဖဂန်အစိုးရသည် လေးနိုင်ငံအုပ်စုအနေဖြင့် တာလီဘန်တို့ကို အရေးယူဆောင်ရွက်ရန် မျှော်လင့်ထားသည်။

**(ဆင်ဟွာ)**

# ဗင်နီဇွဲလား၌ အခြေခံစားသောက်ကုန်များလုယက်မှုဖြစ်



**ကရာကတ်  မေ  ၁၆**

ဗင်နီဇွဲလားနိုင်ငံ၌ လူအုပ်ကြီးက ဂျုံ၊ ကြက်သားအပါအဝင် အခြေခံပစ္စည်းများသာမက အတွင်းခံအဝတ်အစားများကိုပါ ခိုးယူလုယက်လျက်ရှိသည်။ အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပြတ်တောက်နေသည့်အတွက် ပစ္စည်းလုယက်မှုများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

လူပေါင်းများစွာတို့သည် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရရှိနိုင်ရေး ဈေးဝယ်စင်တာများ၏ရှေ့တွင် အချိန်အတန်ကြာ ကြာအောင်စောင့်ဆိုင်းနေရသည်။ ညအိပ်စောင့်ဆိုင်းဝယ်ယူနေရသည်။ ဈေးဆိုင်များတွင်ကုန်ပစ္စည်းများ ပြတ်လပ်မှု မှောင်ခိုဈေးကွက်၌ ဈေးအဆမတန်မြင့်တက်လာမှုတို့ကြောင့် လုယက်မှုများ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

တရားဝင်အချက်အလက်များမရှိသော်လည်း ဗင်နီဇွဲလားလူမှုပြဿနာများ စောင့်ကြည့်အစီရင်ခံရေးအဖွဲ့၏ ဖော်ပြမှုအရ လုယက်မှု ၁၀၇ ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဈေးဆိုင်များအတွင်း လူစုလူဝေးဖြင့် ပစ္စည်းများလုယက်မှုကို ဗီဒီယိုရိုက်ကူး၍ လူမှုကွန်ရက်များသို့ လွှင့်တင်မှုများ ရှိသော်လည်း တချို့ဗီဒီယိုများမှာ အတည်ပြုရန် ခဲယဉ်းလျက်ရှိသည်။

နောက်ဆုံးဖြစ်ပွားခဲ့သည့် လုယက်မှုမှာ လူပေါင်းများစွာတို့က မီးဖိုချောင်သုံးပစ္စည်းများ နှင့် ခေါင်းလျှော်ရည်များ သယ်ဆောင်လာသော ကုန်တင်ကားကို လုယက်ကြခြင်းဖြစ်သည်။

လူအုပ်ကြီးကို ထိန်းသိမ်းရန်ကြိုးစားသည့် လုံခြုံရေးအရာရှိ ခြောက်ဦးအပါအဝင် လူ ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသနိုင်ငံသားများ ကာကွယ်ရေးအရာရှိ လူးအစ်ကတ်စ်ထရေလ်လွန်က ပြောသည်။

**(ရိုက်တာ)**

# အကြမ်းဖက်လုပ်ရပ်များ၏ နောက်ကွယ်မှ ကြားဝင်စွက်ဖက်မှုများ

**သက်မွန်ဦး**

အရှေ့အလယ်ပိုင်းဒေသတွင် ပြည်ပတိုင်းပြည်များက စစ်ရေးကြားဝင်စွက်ဖက်မှုများသည် နောက်ကွယ်မှ အစွန်းရောက်အဖွဲ့များနှင့် အကြမ်းဖက်သမားများကွန်ရက်ကို မြှင့်တင်အားပေးရာရောက်နေသည်ဟု အီရန်နိုင်ငံက ပြောဆိုလိုက်သည်။

အကြမ်းဖက် လုပ်ရပ်များနှင့် ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဆွေးနွေးပွဲများပြုလုပ်ရာ ကုလသမဂ္ဂဆိုင်ရာ အီရန်သံအမတ်ကြီးဖြစ်သူ ဂလိုဟန်ဟော့ဆန်ဒက်ကနီက တီဟီရန်အနေဖြင့် အကြမ်းဖက်သမားများကို ဖိဖိစီးစီး တိုက်ထုတ်ပေးမည်ဖြစ်သည်ဟု ဆိုရင်း အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



အရှေ့အလယ်ပိုင်းဒေသ၌ ပြည်ပတိုင်းပြည်များမှ စစ်ရေး ကြားဝင်စွက်ဖက်မှုများသည် နောက်ကွယ်မှ အစွန်းရောက်အဖွဲ့များနှင့် အကြမ်းဖက်သမားများ ကွန်ရက်ကို မြှင့်တင်အားပေးရာရောက်နေသည်ဟု အီရန်နိုင်ငံက ပြောဆို

အီရန်လူမျိုး အသက်အရွယ် အပိုင်းအခြားမရွေး အထူးသဖြင့် လူငယ်များသည် အကြမ်းဖက်လုပ်ရပ်များကို ပယ်ချပြီး အာဖဂန်နစ္စတန်ရှိ တာလီဘန်များနှင့် အယ်လ်ခိုင်ဒါ စစ်သွေးကြွများ တိုက်ထုတ်ရှင်းလင်းရေးတွင် ထဲထဲဝင်ဝင် ပါဝင်လုပ်ဆောင်နေ ကြောင်း သိရသည်။ အကြမ်းဖက်သမားအုပ်စုများတွင် အာရေဗျကျွန်းဆွယ်ရှိ အယ်လ်ခိုင်ဒါအဖွဲ့များနှင့် အီရတ်၊ ဆီးရီးယားနှင့် ယီမင်တို့ရှိ အလားတူ အဖွဲ့အစည်းများလည်း ပါဝင်သည်။

အီရန်လူမျိုးများသည် အကြမ်းဖက်သမားများကို မြေပြင်တွင် တိုက်ထုတ် နေရုံမျှမက သဘောတရားရေးအရလည်း ဆန့်ကျင်နေကြောင်း၊ ဆိုလိုရင်းမှာ ပြည်သူလူထုကြားတွင် အကြမ်းဖက်အစွန်းရောက်သမားများကို တစ်ကမ္ဘာလုံး ဆန့်ကျင်ကြဆိုသည့် သတင်းစကားများဖြင့် လှုံ့ဆော်ပြောဆိုမှုများပြုလုပ်နေကြကြောင်း ဂလိုဟန်က ပြောသည်။

အစွန်းရောက် သမားများ၏ အကြမ်းဖက်လုပ်ရပ်များသည် လက်ရှိ အရှေ့အလယ်ပိုင်းဒေသ၌ ကြုံတွေ့နေရသော အခက်ခဲဆုံး စိန်ခေါ်မှုပြဿနာ တစ်ရပ်ဖြစ်နေသည်။ "ကမ္ဘာ့အစိတ်အပိုင်း တော်တော်များများမှာ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ ပျံ့နှံ့နေခြင်းကြောင့် ကမ္ဘာကြီးဟာ အကာအကွယ်မဲ့နေတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံအများထဲတွင် ဆီးရီးယားနှင့် အီရတ်သည် အခြားနိုင်ငံများနှင့်ယှဉ်လျှင် အစွန်းရောက်အုပ်စုများ ကျင်လည်ကျက်စားရာ ရက်စက်ယုတ်မာမှုနှင့် အရိုင်းအစိုင်းလုပ်ရပ်များ၏ ပင်မကျောရိုးသဖွယ်ဖြစ်နေပြီး အကြမ်းဖက်လုပ်ရပ်များကို တစ်ဦးချင်းစီသော်လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း ကမ္ဘာ့နေရာအသီးသီး၌ ကျူးလွန်နေကြသည်။ လက်ဘနွန်၊ နိုင်ဂျီးရီးယား၊ တူနီးရှား၊ လစ်ဗျား၊ ပါရီ၊ ဆန်ဘာနာဒီနို၊ ဘရပ်ဆဲလ်နှင့် အခြားဒေသတော်တော်များများတွင် အကြမ်းဖက်လုပ်ရပ်များ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့် လုပ်ဆောင်နေကြောင်း တွေ့မြင်နိုင်သည်။

Takfiri Ideology ခေါ် ဆွန်နီများ၏ အခြားမူဆလင်များအပေါ် အကြမ်းဖက်သည့် လုပ်ရပ်များသည် ယခုလက်ရှိ ရင်ဆိုင်နေရသော အဓိက ဒုက္ခအကျပ်အတည်းဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းမှ ဤရက်စက်ကြမ်းကြုတ်သော အပြုအမူများအပေါ် ဦးစားပေးအနေဖြင့် အာရုံစိုက် တိုက်ဖျက်သွားကြရမည်ဖြစ်ကြောင်း သံအမတ်ကြီးက ပြောကြားခဲ့သည်။

အဆိုပါ အယူဝါဒကို ထောက်ခံသူများသည် မူဆလင်နယ်မြေနှင့် အခြားဒေသများမှ နေရာတိုင်းရှိ လူငယ်များ၏ စိတ်ဓာတ်နှင့် နှလုံးသားထဲသို့ အမုန်းဒေါသ ခံယူချက်များ သွတ်သွင်းမွေးမြူပေးနေကြပြီး ကမ္ဘာတစ်ဝန်း မူဆလင်နိုင်ငံများရှိ ကျောင်းများတွင် အဆိုပါ အတွေးအခေါ်များ ဝင်ရောက်စေရန် ဝါဒဖြန့်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေသည်။

အယ်လ်ခိုင်ဒါများနှင့် တာလီဘန်များသည် ယင်းလုပ်ရပ်များ၏ ပထမဆုံး အောင်မြင်မှုအသီးအပွင့်များဖြစ်ကြပြီး ဒက်ရှ်နှင့် အယ်လ်နူဆရာအဖွဲ့များသည် နောက်ဆုံးဖြစ်လိမ့်မည်ဟု အီရန်သံအမတ်က ပြောဆိုသည်။ အကြမ်းဖက်တိုက်ခိုက်မှုများအားလုံး အစ္စရေးတို့နှင့် ဆက်နွှယ်ပတ်သက်ပြီး နယ်မြေသိမ်းပိုက်ခံထားရသော ပါလက်စတိုင်းလူမျိုးများ၏ သဘာဝကျကျ ခုခံတော်လှန်မှုကို ချေမှုန်းရန် အစ္စရေးတို့၏ ကြိုးပမ်းအားထုတ်မှုအပေါ်ကိုလည်း အီရန်သံအမတ်က ထိုးနှက်ပြောဆိုသည်။

**ကိုးကား -ပရက်စ်တီဗွီ**

## အော့ကလန်၊ လော့အိန်ဂျလိစ်နှင့် ကျန်စူး မြို့တော်ခေါင်းဆောင်များ ဆွေးနွေးပွဲကျင်းပ

**အော့ကလန် မေ ၁၆**

အမေရိကန်၊ နယူးဇီလန်နှင့် တရုတ်တို့မှ မြို့တော်ခေါင်းဆောင် သုံးဦးတို့သည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ပုံစံသစ်တစ်ခုကို တည်ဆောက်ရန် ဒုတိယ အကြိမ်မြောက် သုံးနိုင်ငံစီးပွားရေးဆိုင်ရာ အစည်းအဝေးတစ်ခုကို အော့ကလန်၌ မေ ၁၆ရက်တွင် ကျင်းပခဲ့သည်။

ရိုးရာတစ်ခုဖြစ်သည့် နယူးဇီလန်ရှိမူလတိုင်းရင်းသားများကို ကြိုဆိုပြီးနောက် အော့ကလန်မြို့စား လန်ဘရောင်းသည် အော့ကလန်၊ ကျန်စူးနှင့် လော့အိန်ဂျလိစ်မှ တက်ရောက်လာသော ကိုယ်စားလှယ်၇၀၀ကျော်ကို နှုတ်ခွန်းဆက်ခဲ့ပြီး ယင်းမြို့သုံးမြို့သည် စီးပွားရေးနှင့်လူမှုရေးတွင် အင်အားခိုင်မာလျက်ရှိကြောင်း ပြောခဲ့သည်။


ကိုယ်စားလှယ်များ အနေဖြင့် အဆင့်မြင့် နည်းပညာကဏ္ဍကို တိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရန်နှင့် မြို့တော်သုံးခုဖြစ်သည့် အော့ကလန်၊ လော့အိန်ဂျလိစ်နှင့် ကျန်စူးတို့တွင် ခိုင်မာ သောဆက်သွယ်မှုကို လုပ်ဆောင်နိုင်ရန် ဆန္ဒရှိကြောင်း ဘရောင်းက မိန့်ခွန်းတွင်ပြောခဲ့သည်။

နယူးဇီလန်မြို့ အော့ကလန်တွင် အမေရိကန်နှင့် တရုတ်မှ ခရီးသွားများ တိုးပွားလာသည်ကို မြင်တွေ့ရသည်မှာ သုံးနိုင်ငံကြား ခိုင်မာသောစီးပွားရေး တည်ဆောက်ရန် ဆန္ဒရှိနေမှုကို အထောက်အကူပြုနေကြောင်းလည်း ဘရောင်းကပြောခဲ့သည်။

နှစ်ရက်ကြာပြုလုပ်မည့် အစည်းအဝေးတွင် စီးပွားရေးတွဲဖက်မှုများ သင်ကြားခြင်း၊ မျှဝေခြင်းနှင့် သုံးဦး သုံးဖလှယ်ဟူသော အဓိပ္ပာယ်ကို ကောင်းစွာနားလည်ရန် ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောပြသည်။

သုံးနိုင်ငံကြား လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင် ရန် အနာဂတ်ဖွံ့ဖြိုးရေး မဟာဗျူဟာ များကို ဆွေးနွေးရာတွင် နိုင်ငံအသီးသီး သည် အပြန်အလှန်လေ့လာသင်ယူခဲ့သည်။ တရုတ်နိုင်ငံ ကျန်စူး၊ အမေရိကန်မှ လော့အိန်ဂျလိစ်နှင့် နယူးဇီလန်မှ အော့ကလန်၏ အောင်မြင်သော ပူးပေါင်းဆောင်ရွက်မှုသည် ညီအစ်မ နိုင်ငံများကြား အောင်မြင်သော ပူးပေါင်းမှု နမူနာတစ်ခုဖြစ်သည်။

**(ဆင်ဟွာ)**



## ပါရီ ရာသီဥတု သဘောတူညီချက်နှင့် ပတ်သက်၍ ဂျီ-၇ ဝန်ကြီးများ ဦးဆောင်ပါဝင်ရန် ကတိပြု

**တိုကျို မေ ၁၆**

ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများနှင့် ကိုယ်စားလှယ်များသည် လွန်ခဲ့သောနှစ်က သဘောတူညီခဲ့သည့် ရာသီဥတုအထိမ်းအမှတ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးဆောင်ဦးရွက်ပြုသွားမည်ဖြစ်ကြောင်း ဂျပန်၌ပြုလုပ်ခဲ့သော နှစ်ရက်ကြာ ဆွေးနွေးပွဲ ပြီးနောက် မေ ၁၆ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျပန်ပင်လယ်ကမ်းခြေဖြစ်သည့် တိုယာမမြို့တွင် ပြုလုပ်ခဲ့သောဆွေးနွေးပွဲ၌ တရားဝင်သတင်းထုတ်ပြန်ပြီးနောက် အဖွဲ့ဝင်များသည် ပါရီရာသီဥတုသဘောတူညီ ချက်တွင် ပါဝင်ပြီး ၂၀၂၀ မတိုင်မီ ကမ္ဘာကြီးပူနွေးလာမှုကို ကိုင်တွယ်ဖြေရှင်းရန် နှစ်ရှည်မဟာဗျူဟာများချမှတ်ရန် သဘောတူခဲ့သည်။

လွန်ခဲ့သော ဒီဇင်ဘာက ပါရီတွင်ပြုလုပ်ခဲ့သော ကုလညီလာခံတွင် နိုင်ငံပေါင်း ၂၀ နီးပါး သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီးနောက် ဂျီ-၇ အဖွဲ့ဝင်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများ ပထမဆုံးအကြိမ်အဖြစ်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

**(ကျိုဒို)**

# မင်းဘူးမြို့တွင် မိုးသက်လေပြင်းများတိုက်ခတ်၍ လူနေအိမ်နှင့်အဆောက်အအုံ အများအပြား ပျက်စီး

**မင်းဘူး မေ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် မေ ၁၅ ရက် ညနေ ၅ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် လူနေအိမ်များစွာ ပျက်စီးခဲ့ရကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းမှ နိဗ္ဗာန်ကျွန်း၊ ပဒေသာကျွန်း၊ လက်ခုပ်ပင်၊ ကြီးပင်ကန်(၁)နှင့်(၂)၊ ပင်လယ်သက်၊ မင်းရွာ၊ ပေကုန်း၊ မုတ္တော၊ကျောက်စစ်ပုံ၊ ကဒီး၊ မင်းလှကုန်း၊ ငွေသောင်၊ကျောင်းကုန်း၊ ပန်းလှသွား၊ စကု(၂)၊ ရွှေချောင်း၊ မုတ်ခဲ ၊ မြောင်းကြား၊ ဇရပ်ကြီး၊ ကံသစ်၊ ကံကုလား၊ ကျောက်စံ၊ ထုံးမကြီးနှင့် ကုလားပါးကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း ၂၅ ရွာတွင် စေတီပုထိုး ကိုးဆူ၊ လူနေအိမ် ၇၄ လုံး၊ စာသင်ကျောင်း တစ်ကျောင်း လဲပြိုပျက်စီးခဲ့သည်။ အမိုးလန်ပျက်စီးမှုမှာ လူနေအိမ် ၆၀၀ ခန့်၊ စာသင်ကျောင်း လေးကျောင်း၊ ဘာသာရေးအဆောက်အအုံ ကိုးခု၊ စေတီပုထိုး နှစ်ဆူ၊ အခြားအဆောက်အအုံ ၂၃ ခုအထိ ရှိခဲ့ပြီး မန်းကောက်ကျေးရွာတွင် မိုးကြိုးထိမှန်၍ လူတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

ကျောက်စစ်ပုံကျေးရွာတွင် ပြိုလဲပျက်စီးသည့်နေအိမ် ရှစ်လုံးနှင့် အမိုးလန်ပျက်စီးသည့်နေအိမ်အလုံး ၁၀၀ အထိ ရှိခဲ့၍ မင်းဘူးမြို့နယ်တွင် အများဆုံးပျက်စီးခဲ့သည့် ကျေးရွာဖြစ်သည်။ ကျောက်စစ်ပုံကျေးရွာနေ ပြည်သူတစ်ဦးက “လေတိုက်ခတ်တာ ညနေ ၅ နာရီကျော်လောက်က စတိုက်တာ၊ မိုးလည်းရွာလာတယ်။ လေကပြင်းလွန်းတော့ ရွာအရှေ့ပိုင်းကအိမ်တွေ အများဆုံးပျက်စီးသွားတယ်။ လေတိုက်ချိန် ၁၀ မိနစ်ပဲကြာတယ်။ နွားတင်းကုတ်တွေပြိုကျတော့ နွားအချို့ ထိခိုက်ဒဏ်ရာရတာတော့ရှိတယ်။ အသေအပျောက်တော့မရှိပါဘူး”ဟု ပြောသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်သဖြင့် ပျက်စီးခဲ့သောကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မေ ၁၆ ရက်တွင် သွားရောက်ခဲ့ပြီး ရှင်းလင်းရေးနှင့် လေဘေးသင့်ပြည်သူများ ယာယီနေထိုင်နိုင်ရေးတို့အတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**



လေပြင်းဒဏ်ကြောင့် ပျက်စီးသွားသော နေအိမ်တစ်အိမ်ကို တွေ့ရစဉ်

# စိုက်ပျိုးရေးဦးစီးဌာန စဥ့်ကိုင်မျိုးသန့်ခြံကို တရုတ်ကုမ္ပဏီသို့ လုပ်ပိုင်ခွင့် လွှဲပြောင်းပေးအပ်ခဲ့မှုအပေါ် ဒေသခံများ မကျေမနပ်ဖြစ်နေ

**စဥ့်ကိုင် မေ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (ယခင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန) လက်အောက်ရှိ မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စဥ့်ကိုင်မျိုးသန့်ခြံကို တရုတ်ကုမ္ပဏီတစ်ခုဖြစ်သော မြန်မာနယူးရောကုမ္ပဏီသို့ လုပ်ပိုင်ခွင့်လွှဲပြောင်းပေးအပ်ခဲ့မှုနှင့် ပတ်သက်၍ ဒေသခံတောင်သူလယ်သမားများအနေဖြင့် မျိုးကောင်းမျိုးသန့်များ ရရှိရန် ခက်ခဲသွားမည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးရေး မျိုးသန့်ခြံမှာ ၉၈ ဧက ကျယ်ဝန်းပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးမှ တောင်သူ ဦးကြီးများအတွက် ရောမင်း၊ မနောသုခ၊ ရွှေသွယ်ယဉ်၊ ဆင်းသုခစသည့် စပါးမျိုးများကို မျိုးသန့်မျိုးပွား၍ ထုတ်လုပ်ပေးနေသော ခြံကြီးတစ်ခြံဖြစ်ကြောင်း၊ ဆင်းရတနာ(၄) နှမ်းမျိုးနှင့် ရေဆင်း(၁၁) ပဲတီစိမ်းမျိုးကောင်းမျိုးသန့်များကိုလည်း ထုတ်လုပ်ပေးနေသောခြံကြီးဖြစ်ကြောင်း၊ ဒေသတွင်း လိုအပ်သလောက်ထုတ်လုပ်ပေးနိုင်ခြင်းမရှိသေးသော်လည်း ဒေသလိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းကျော်ကို ထုတ်လုပ်ပေးနေသောခြံကြီးဖြစ်ကြောင်း၊ ယင်းမျိုးသန့်ခြံကြီးကို ယခင်အစိုးရလက်ထက်က အာဏာမလွှဲပြောင်းမီ မတ်လတတိယ ဆယ်ရက်ပတ်အတွင်း တရုတ်ကုမ္ပဏီဖြစ်သော မြန်မာနယူးရောကုမ္ပဏီသို့ နှစ် ၂၀ စာချုပ်ဖြင့် ယခင်ဝန်ကြီးက လုပ်ပိုင်ခွင့် လွှဲပြောင်းပေးအပ် ခဲ့သဖြင့် ဒေသခံတောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်ရရှိရန် ခက်ခဲသွားမည် ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော့်ကိုတော့ မတ်လနောက်ဆုံးပတ်မှ ခေါ်ပြီး လက်မှတ်ထိုးခိုင်းလို့ လက်မှတ်ထိုးပေးခဲ့ရပါတယ်။ စာချုပ်ထဲမှာတော့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလဆိုပြီး Back Date နဲ့ ချုပ်ထားပါတယ်။ ငါးနှစ်စီခွဲပြီး နှစ် ၂၀ စာချုပ်နဲ့ ငှားရမ်းထားတာပါ။ တစ်ဧကကို တစ်နှစ်ငှားရမ်းခ တစ်သိန်းလေးသောင်းနှုန်းနဲ့ ပထမ ငါးနှစ် စာချုပ်ပြီး နှစ် ၂၀ အထိ ငှားရမ်းလုပ်ကိုင်ခွင့်ပြုထားတာတွေ့ရပါတယ်။ ဒေသခံတွေ မကျေနပ်ကြဘူးဆိုတာ ကြားသိရလို့ အခုတော့ ငှားရမ်းလုပ်ကိုင်ခွင့်ပြုတယ်လို့ မသုံးနှုန်းဘဲ အကျိုးတူပူးပေါင်းဆောင်ရွက်တယ်လို့ သုံးနှုန်းထားပါတယ်။

အခုလောလောဆယ်တော့ ကုမ္ပဏီအနေနဲ့လုပ်ငန်းစတင်ခြင်းမရှိသေးပါဘူး။ လာမယ့် မိုးစပါးရာသီချိန်မှာ ရောမင်း စပါးမျိုးများထုတ်လုပ်သွားမယ်လို့ သိရပါ တယ်။ ဖြန့်ဖြူးမှုအပိုင်းကိုတော့ ဘယ်လိုဆောင်ရွက်မယ်ဆိုတာ မသိရသေးပါဘူး”ဟု စဥ့်ကိုင်မျိုးသန့်ခြံမှ ခြံမန်နေဂျာ ဦးမျိုးလှိုင်က ရှင်းလင်းပြောပြ၍ သိရသည်။

“တစ်ဧက ငှားရမ်းခတစ်နှစ်စာလုံးမှ တစ်သိန်းလေးသောင်းပဲ ကျမယ်ဆိုရင် တရုတ်လက်အပါမခံပါဘူးဗျာ။ ကျွန်တော်တို့ ဒေသခံတောင်သူတွေစုပြီး လေလံဆွဲလိုက်ချင်ပါတယ်။ ကျွန်တော်တို့ အငှားလယ်စိုက်ရင် စပါးတစ်သီးကို တစ်ဧက ၁၈ တင်းနှုန်းသီးစားခ ပေးရပါတယ်။ နောက်တစ်သီးဆက်စိုက်ရင် နောက်တစ်သီးစာ ထပ်ပြီး သီးစားခပေးရပါတယ်။ တရုတ်တွေ၊ ‘ဝ’တွေ ကျွန်တော်တို့ဆီက လယ်ယာမြေငှားပြီး သခွားမွှေးစိုက်ရင် သူတို့ဆီက တစ်ဧကကို တစ်သီးစာငှားရမ်းခ နှစ်သိန်း၊ သုံးသိန်းရပါတယ်။ တရုတ်တွေက စိုက်ခြံကြီးကို ငှားပြီး အပြင်မှာလို ဖရဲတွေ၊ သခွားမွှေးတွေ စိုက်ပြီး ကျွန်တော်တို့အတွက် စပါးမျိုးသန့်တွေ၊ အခြားကောက်ပဲသီးနှံမျိုးသန့်တွေ မထုတ်တော့မှာကို စိုးရိမ်နေကြပါတယ်။ နောက်ပြီး ထုတ်လုပ်သမျှ စပါးမျိုးသန့်တွေကို ပြည်တွင်းတောင်သူတွေဆီ မဖြန့်ဖြူးဘဲ သူတို့ တရုတ်ပြည်ကို အကုန်တင်ပို့မှာကိုလည်း စိုးရိမ်နေကြပါတယ်။ ကျွန်တော်တို့ တောင်သူတွေအနေနဲ့ မျိုးကောင်းမျိုးသန့်ရဖို့ကို ဒီမျိုးသန့်ခြံကြီးကိုပဲ အားထားနေရပါတယ်”ဟု ဒေသခံတောင်သူကြီးတစ်ဦးက ၎င်း၏ အမြင်ကို ရှင်းလင်းပြောပြသည်။

စဥ့်ကိုင်စိုက်ပျိုးရေး မျိုးသန့်ခြံမှ ထုတ်လုပ်သော မျိုးသန့်စပါးမျိုးများကို မန္တလေးတိုင်းဒေသကြီးအတွင်း ပုသိမ်ကြီး၊ အမရပူရ၊ မတ္တရာ၊ တံတားဦး၊ ငါန်းဇွန်၊ တောင်သာ၊ မြင်းခြံ၊ နွားထိုးကြီးနယ်များမှ တောင်သူဦးကြီးများနှင့် စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးရှိ မြို့နယ်များမှ တောင်သူဦးကြီးများက နှစ်စဉ်အသုံးပြုနေကြကြောင်း စိုက်ပျိုးရေး မျိုးသန့်ခြံမန်နေဂျာက ဆက်လက်ရှင်းလင်းပြောပြသည်။

**အောင်မင်း(စဥ့်ကိုင်)**






**အယ်နီညိုကာလ သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သော မုန်တိုင်းဘေးအန္တရာယ်အကြောင်း အသိပညာပေးလက်ကမ်းစာစောင်များကို သရက်ခရိုင် ကံမမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒေသခံပြည်သူများအား မေ ၁၆ ရက်က ဖြန့်ဝေပေးစဉ်။** (ပညာပေး လက်ကမ်းစာစောင်များကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများသို့လည်း ဖြန့်ဝေပေးထားကြောင်း သိရသည်။)
**ကျော်ဇေယျဝင်း(ကံမ)**

# ရခိုင်အမျိုးသားနေ့ကို စစ်တွေမြို့တွင် ကျင်းပပြုလုပ်မည်

**စစ်တွေ မေ ၁၆**

၁၃၇၈ ခု ကဆုန်လပြည့်ကျော် ၁ ရက်နေ့တွင် ကျရောက်သည့်(၃)နှစ်မြောက် ရခိုင်အမျိုးသားနေ့ကို မေ ၂၂ ရက်နေ့တွင် စစ်တွေမြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရခိုင်အမျိုးသားနေ့ ကျင်းပပြုလုပ်နိုင်ရေးအတွက် ဦးဆောင်ကော်မတီတစ်ရပ်ဖွဲ့စည်းရန် အစည်းအဝေးကို စစ်တွေမြို့ လမ်းမကြီး ခိုင်သဇင်ပန်းခြံရှိ စစ်တွေ မြို့တော်ခန်းမ၌ မေ ၁၅ ရက် ညနေပိုင်းက ပြုလုပ်ရာ စစ်တွေမြို့မိမြို့ဖများ သမိုင်းသုတေသီများ၊ စာရေးဆရာကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ၂၁ ဦး ပါဝင်သော (၃) နှစ်မြောက် ရခိုင်အမျိုးသားနေ့ ကျင်းပရေးကော်မတီကို ဖွဲ့စည်းကာ ကျင်းပမည့် လုပ်ငန်းစဉ်များ ကို ချမှတ်နိုင်ခဲ့သည်။

“ကျွန်တော်တို့ ကော်မတီအနေနဲ့ (၃) နှစ်မြောက် ရခိုင်အမျိုးသားနေ့ကို ကျင်းပရာမှာ ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှာ သံဃာတော် ၁၈ ပါးပင့်ပြီးတော့ အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီး သိမ်တော်မှာ အရဏ်ဆွမ်းကပ်ပါမယ်။ နံနက်ပိုင်းမှာတော့ ဟောပြောပွဲတွေ ပြုလုပ်ပါမယ်။ ပြုလုပ်မယ့် အစီအစဉ်တွေကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့နဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ ပြည်နယ်ဝန်ကြီးချုပ်ကိုလည်း အခမ်းအနားသို့ တက်ရောက်ပေးဖို့ ဖိတ်ကြားသွားမှာပါ။ နောက်ဆက်တွဲ အစီအစဉ်တွေကိုတော့ လောလောဆယ် မသိရသေးပါဘူး”ဟု ကော်မတီအတွင်းရေးမှူး ဂေါ်ယာမြေစောဝင်းက ပြောပြသည်။

ရခိုင်အမျိုးသားနေ့သည် ၂၀၁၄ ခုနှစ် ရခိုင်အမျိုးသားညီလာခံ (ကျောက်ဖြူ) မှ ရခိုင်လူမျိုးတို့၏ အထွတ်အမြတ်ဆုံးထားရာဖြစ်သော မဟာမြတ်မုနိရုပ်ပွားတော်အား သွန်းလုပ်ပြီးစီးခဲ့သော မဟာသက္ကရာဇ် ၁၂၃ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်နေ့ကို အများသဘောတူ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အာရက္ခသြရသ**

# မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ပေး

**သုံးခွ မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲ၌ ဒေသခံ တောင်သူများအား မိုးစပါး စိုက်ပျိုးစရိတ် ချေးငွေများကို မေ ၁၆ ရက်က စတင်ထုတ်ပေးကြောင်း သိရသည်။

သုံးခွမြို့နယ် အောင်မင်းစိန်ကျေးရွာမှ တောင်သူများအား စတင်ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး တောင်သူ ၁၁၆ ဦး၏ လယ်မြေ ၉၆၂ ဧကအတွက် တစ်ဧကလျှင် စိုက်ပျိုးစရိတ် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် စုစုပေါင်း ချေးငွေ ကျပ် ၁၄၄၃ သိန်းကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ သုံးခွမြို့နယ်အတွင်း၌ တောင်သူ ဦးရေ ၁၇၀၀၀ ကျော်ရှိကြောင်းနှင့် အဆိုပါ တောင်သူများ၏ လယ်မြေများအတွက် ချေးငွေ ကျပ်သိန်းပေါင်း ၁၈၀၀၀၀ ခန့်ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



# သာကေတ (၄) မြောက်ရပ်ကွက်မီးလောင်

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၄)မြောက်ရပ်ကွက်၌ ယနေ့ နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ နေအိမ်လေးလုံးဆုံးရှုံး သွားကြောင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မီးလောင်တဲ့အချိန်ကတော့ နံနက် ၆ နာရီ ၂၅ မိနစ်ကပါ။ လောင်ကျွမ်းမှုဖြစ်ရတဲ့ အကြောင်းရင်းကတော့ စုံစမ်းဆဲပါ။ နှစ်ထပ်အုတ်ညှပ်အိမ်နှစ်လုံး၊ သစ်သားနှစ်ထပ်အိမ်တစ်လုံးနဲ့ တစ်ထပ်အိမ်တစ်လုံးမီးလောင်ဆုံးရှုံးသွားခဲ့ပါတယ်။ ဖြစ်ပွားတဲ့နေရာကတော့ (၄)မြောက်ရပ်ကွက်မြို့မ (၁၄) လမ်းအလယ်မှာဖြစ်ပါတယ်" ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်က ပြောသည်။

အဆိုပါမီးလောင်မှုကို မီးသတ်တပ်ဖွဲ့ဝင် သန္ဒေ ၁၀၀၊ အရန် ၅၀၊ မီးသတ်ယာဉ် ၂၀၊ အုပ်ချုပ်မှုယာဉ်နှစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ မိနစ် ၅၀ တွင် လုံးဝမီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ယခုနှစ်နွေရာသီမစတင်မီကပင် အပူရှိန်လွန်ကဲမှုကြောင့် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။

အဆိုပါမီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များအပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက အကူအညီပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကြံတိုင်းအောင်**

# ဘရိတ်ပေါက်သောယာဉ် ချောက်ထဲထိုးကျ တစ်ဦးသေဆုံး၊ ၁၂ ဦးဒဏ်ရာရ

**နေပြည်တော် မေ ၁၆**

ပခုက္ကူမြို့နယ် ဆိပ်ဖြူ-မြစ်ခြေကားလမ်း မိုင်တိုင်အမှတ်(၂၉) မြို့စိုးကျေးရွာအနီးတွင် မေ ၁၅ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ မြစ်ခြေနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ပခုက္ကူဘက်မှ မြစ်ခြေရွာဘက်သို့ ပခုက္ကူမြို့နေ ဟွန်းဒါးကျော် (၃၄နှစ်) မောင်းနှင်လာသော ၉၄/---- ထော်လာဂျီသည် ဘရိတ်ပေါက်ကာ လမ်း၏ဝဲဘက်ဘေး ပေ ၅၀ ခန့်အနက်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ပခုက္ကူမြို့နယ် ကြက်ရှာကျေးရွာနေ ကြက်ခလေး(ခ)ဦးဝင်းမြင့် (၆၀နှစ်)မှာ ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။

ယာဉ်မောင်းနှင့် ပခုက္ကူမြို့ မြို့မမြောက်ပိုင်းရပ်ကွက်နေ သန့်ဇင်မင်း (၂၈နှစ်)ပါ ၁၂ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ခရိုင်ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး မြစ်ခြေနယ်မြေရဲစခန်းက ယာဉ်မောင်းဖြစ်သူအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဗုံးသီးနှင့် ကျည်ဆန်များတွေ့ရှိ

**ကော့မှူး မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်း၌ ဗုံးသီးနှင့် ကျည်ဆန်များ တွေ့ရှိကြောင်း သိရသည်။

မောင်ဖြိုးလင်းကို သည် မေ ၅ ရက် နံနက် ၈ နာရီက သင်တန်းကျောင်းဝင်း အတွင်းရှိ ရေကန်သို့ ရေသွားခပ်စဉ် ရေကန်အတွင်း ငါးများပွက်နေသည်ကို တွေ့ရှိ၍ ကန်အတွင်းဆင်းကာ ငါးလိုက်ဖမ်းစဉ် ကြွပ်ကြွပ်အိတ်တစ်ထုပ်ကို စမ်းမိသဖြင့် ရေထဲမှဆယ်ပြီး ဖွင့်ကြည့်ရာ ကျည်ဆန်များဖြစ်နေသည်ကို တွေ့ရှိ၍ ဒုကျောင်းအုပ်ဆရာကြီး ဦးကျော်ဦးထံ အပ်နှံခဲ့ပြီး ဦးကျော်ဦးက မြို့နယ်တာဝန်ရှိသူများအား အကြောင်းကြားခဲ့ကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းမြင့်ဇော်နှင့် နယ်မြေခံတပ်က စစ်ဆေးရာ ၉၁ လက်ပစ်ဗုံးနှစ်လုံး (သံချေးတက်သုံးမရ)၊ G-3 ကျည်ဆန် ၂၀ တောင့် (သံချေးတက်သုံးမရ)၊ ကာဘိုင်ကျည် ၃၅ တောင့် (သံချေးတက်သုံးမရ)၊ ၉ မမ ကျည် ၇၃ တောင့် (သံချေးတက်သုံးမရ)တို့ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ယင်းကျည်ဆန်နှင့် ဗုံးသီးနှစ်လုံးကို သက်ဆိုင်ရာသို့ အပ်နှံရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

# မြိုင်ကြီးငူ-မဲသဝေါကားလမ်း၌ မှန်လုံယာဉ်တိမ်းမှောက်၊ ၂၂ ဦး ဒဏ်ရာရရှိ

**လှိုင်းဘွဲ့ မေ ၁၆**

လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ-မဲသဝေါကားလမ်း ဝါးပိုးတောင်ကုန်းအဆင်း ရန်ကုန်မှကျုံထောင်ရေတံခွန်သို့ ယာဉ်မောင်းဦးမိုးကြီး(ခ) အသေးလေး မောင်းနှင်သော 4C/----- မှန်လုံယာဉ်သည် မေ ၁၅ ရက် နံနက် ၈ နာရီခွဲခန့်က လမ်းဘေးထိုးကျ၍ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမော်တော်ယာဉ်ပေါ်တွင်ခရီးသည် ၃၀ ပါရှိပြီး ၂၂ ဦးဒဏ်ရာရရှိကာ မြိုင်ကြီးငူတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိရာ ၁၁ ဦးသည် ပြင်းထန်ဒဏ်ရာရရှိ (မစိုးရိမ်ရ)၊ ကျန် ၁၁ ဦးအား ဘားအံဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွှေတူးဖော်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**မိုင်းဖြတ် မေ ၁၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် တောညကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာနှင့် ဆွပ်ပန်းကျေးရွာကြားရှိ နမ့်လုံချောင်းအတွင်း ဖောင်များပေါ်၌ ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဒီဇယ်အင်ဂျင်စက်နှစ်လုံးနှင့်အတူ ဆက်စပ်ပစ္စည်းများကို မေ ၁၃ ရက် ညနေပိုင်းက ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဆိုက်ခေါင်ကျေးရွာနှင့် ဆွပ်ပန်းကျေးရွာကြားရှိ နမ့်လုံချောင်းအတွင်း တရားမဝင် ရွှေတူးဖော်နေကြောင်း သတင်းအရ မိုင်းဖြတ်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ခင်မောင်ဌေး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဖြိုးသူရအောင်နှင့် တပ်ဖွဲ့ဝင်များသည် သက်သေများအဖြစ် တောညကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးယောဟန်၊ ဦးလီတီး၊ ဦးဝင်းနိုင်တို့နှင့်အတူ သွားရောက်စစ်ဆေးရာ ရွှေတူးဖော်ရာတွင်အသုံးပြုသော ရွှေဖောင်နှစ်ဖောင်မှ မြင်းကောင်ရေ၂၅ ကောင်အားရှိ ဒီဇယ်အင်ဂျင်စက်တစ်လုံး၊ မြင်းကောင်ရေ ၂၀ အားရှိ ဒီဇယ်အင်ဂျင်စက်တစ်လုံးနှင့် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း ၂၂ မျိုးကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ သိမ်းဆည်းရမိသည့်ပစ္စည်းများအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဒုလ္လဘကိုရင်ငယ်တစ်ပါး ရေဆိပ်၌ရေချိုးစဉ် ရေနစ်သေဆုံး

**တနင်္သာရီ မေ ၁၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် သံဃာ့ဂုဏ်ရည်စာသင်တိုက်မှ ဒုလ္လဘကိုရင်တစ်ပါး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ချောင်းငယ်ရပ်ကွက် ကျောက်ပုံရေဆိပ်၌ သံဃာ့ဂုဏ်ရည်စာသင်တိုက်မှ ဒုလ္လဘ ကိုရင်တစ်ပါးဖြစ်သူ မောင်ဇေယျာမင်း (၁၅ နှစ်)သည် အခြားကိုရင်ငယ်များနှင့်အတူ ရေချိုးနေစဉ် ပျောက်သွားသဖြင့် မြို့ဦးဆရာတော် အရှင်ဇောတိကနှင့် ပြည်သူများက ပိုက်ကွန်များဖြင့် ဖြန့်ကြက်ရှာဖွေကြရာ ညနေ ၆ နာရီခန့်တွင် ရေနစ်သေဆုံးနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁-အယ်လ်)၊ ခြောက်လွှာ(ဘီ)၊ မျက်နှာမူလျှင်(ဘယ်)၊ (၁၂½×၅၀)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသူ ဒေါ်ထားထားလတ် ၁၂/ဥကတ(နိုင်)၀၈၁၇၆၃ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မျိုးသူ (စဥ်-၂၇၈၉၀) အထက်တန်းရှေ့နေ**
**ဦးသန်းဌေး (စဥ်-၂၈၃၅၅) အထက်တန်းရှေ့နေ**
**ဦးကျော်မြင့်ထွန်း (စဥ်-၃၉၂၈၂) အထက်တန်းရှေ့နေ**

**အမှတ် ၅၅၊ပထမထပ်၊ အခန်း၁၅-က၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး၊ဖုန်း-၀၉-၇၇၇၇၇၃၈၃၉၊ ၀၉-၇၃၁၈၉၉၃၂၊ ၀၉-၄၀၃၇၂၀၀၀၅**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၃၆၈/ဘီ ဟုခေါ်တွင်သော RC (၂)ထပ်၊ အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် (၁ခ ^၁၈၂)၊ ဧရိယာ ၀ ဒသမ ၀၉၈ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်စပ်လျဉ်း၍ သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံကို ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမြင့်လွင်(ခ)ချောင်ယူတပ် ၁၂/တမန(နိုင်)၀၇၇၀၀၀မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယင်းမြေနှင့် အဆောက်အအုံအား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းလွှဲပြောင်းခြင်းမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ ပြုလုပ်ခဲ့ပါက ကျွန်ုပ်တို့၏မိတ်ဆွေမှ ပြုလုပ်သူများ အပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုတင်သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမြင့်လွင်(ခ)ချောင်ယူတပ်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ရွှေ (စဥ်-၂၆၄၅)**
**ဒေါ်ဥမ္မာဆွေ (စဥ်-၄၆၀၁)**
**ဒေါ်မြတ်သီတာလွင် (စဥ်-၈၃၂၀)**
**တရားလွှတ်တော်ရှေ့နေများ**
**တိုက်အမှတ် ၅၆၃၊ ပထမထပ်၊ အခန်းအမှတ် ၂/၁၀၄၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## တနင်္သာရီတိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၄) လမ်းအထူးအဖွဲ့(၂၄) (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့(၂၄)၊ မြိတ်မြို့မှ ပြည်ထောင်စု(ငွေလုံး)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော အောက်ပါပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

(က) ကျောက်ရှယ်စုံ
(ခ) ကျောက်ရောမြေ
(ဂ) သဲ
(ဃ) စက်သုံးဆီ

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၄-၅-၂၀၁၆ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၆-၂၀၁၆ရက်(၁၇း၀၀)နာရီ
၄။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၉-၆-၂၀၁၆ရက် ၁၃း၃၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့(၂၄)၊ မြိတ်မြို့**
**ကန်ဖျားလမ်းမကြီး (ဘောလုံးကွင်းအရှေ့)**
**ဖုန်း-၀၅၉-၄၁၉၁၈**

## ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော် ရွှေပြားခတ်၊ ရွှေပြားကပ်၊ ကြေးပြားကပ်လုပ်ငန်းများဆောင်ရွက်ရန် လေလံကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အံ့ဖွယ်ကိုးစုံရွှေစည်းခုံ စေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ပြန်လည်ကပ်လှူမည်ဖြစ်ပါ၍ ဒုတိယအဆင့်အနေဖြင့် ကြာမှောက်၊ ကြာလှန်နှင့် စွဲတို့ကို ရွှေစင်ရွှေပြားဖြင့် ကပ်လှူပါမည်။ သို့ဖြစ်၍ ရွှေပြားခတ်လုပ်ငန်း၊ ရွှေပြားကပ်လုပ်ငန်း၊ ကြေးပြားကပ်လုပ်ငန်းများကို ဈေးပြိုင်လေလံစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

ဖော်ပြပါလုပ်ငန်းဆောင်ရွက်လိုသူများသည် လေလံလျှောက်လွှာကို ၂၈-၅- ၂၀၁၆ရက် ရုံးချိန်အတွင်း နောက်ဆုံးထားတင်ရန်နှင့် ၂၉-၅-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် လေလံပွဲကျင်းပမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လေလံပွဲအတွက် အသေးစိတ်စည်းကမ်းများကို စုံစမ်းလိုပါက ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**(ဂေါပကအဖွဲ့ရုံး ဖုန်း-၀၉-၂၀၄၃၅၄၈၊ ၀၉-၂၀၄၃၉၀၉)**

**ရွှေသင်္ကန်းတော်ကပ်လှူရေးကြီးကြပ်အဖွဲ့**
**ရွှေစည်းခုံစေတီတော်၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/9959 Mazda Bongo SKT 2T, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကံထွန်း ၁၄/မအမ(နိုင်)၁၈၅၃၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၆၉၁၉၃ Yes Sumbo 125 , MC ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကျော် ၉/အမရ(နိုင်)၁၄၀၇၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်၌ ရက် ၁၀၀ အတွင်း စီမံကိန်းဝင်တံတားကြီးလေးစင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်

**မုံရွာ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ တံတားကြီးလေးစင်းအား ပထမ ရက် ၁၀၀ ကာလအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တံတားအထူးအဖွဲ့(၂) (မုံရွာ)ထံမှ သိရသည်။

ရက် ၁၀၀ ကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းတံတား(မုံရွာ)၊ မြစ်သာတံတား(ကလေး၀)၊ ချင်းပြည်နယ်မှ ဗားရ်တံတားနှင့် မံဆောင်းတံတားများအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ချင်းတွင်းတံတား(မုံရွာ)က ပျက်စီးနေတဲ့ တံတားမီးတွေ ပြန်တပ်တယ်၊ ချဉ်းကပ်တံတား၊ ပင်မတံတား ပလက်ဖောင်းလက်ရန်းတွေ ဆေးသုတ်ခြင်း၊ ချဉ်းကပ်တံတားက E×pension joint ပြုပြင်ခြင်းလုပ်ငန်းတွေ ၅၀ ရာနှုန်းကျော် ပြီးစီးပြီဖြစ်ပါတယ်။ မြစ်သာတံတား (ကလေး၀)ကိုလည်း အလားတူ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိရာမှာ ၅၀ ရာနှုန်းကျော် ပြီးစီးပြီဖြစ်ပါတယ်။

ဒါ့အပြင် ချင်းပြည်နယ်က မံဆောင်းတံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတား ဆေးသုတ်တယ်၊ ကွဲအက်နေတဲ့ နေရာတွေကို ဂဟေဆက်တယ်။ ဗားရ်တံတားကိုလည်း ဆေးသုတ်ခြင်းလုပ်ငန်း၊ တောင်ကျရေလာစဉ်က တံတားတိုင်တွေ၊ သစ်တုံးတွေ တိုက်မိလို့ပွဲထွက်တဲ့ နေရာတွေကို ပြန်လည်ပြုပြင်ခြင်း၊ တံတားအပေါက်တွေ ပြုပြင်ခြင်းလုပ်ငန်း တွေ ၁၀၀ ရာနှုန်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ တံတားတွေ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေကို သတ်မှတ်စံချိန်စံညွှန်းနဲ့ အမီဖြစ်ရေး သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေးကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု တံတားအထူး အထူးအဖွဲ့(၂) (မုံရွာ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




**ဖိုးချမ်း-မုံရွာ**

# ရန်ကုန်မြို့ ယာဉ်ကြောရှုပ်ထွေးမှုအများဆုံးနေရာများ ရက် ၁၀၀ စီမံချက်ဖြင့် ရှင်းလင်း




**ရန်ကုန် မေ ၁၆**

လွန်ခဲ့သော သီတင်းပတ်မှစတင်ကာ ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှု အများဆုံးဖြစ်ပွားနေသည့်နေရာ ၆၀ ကျော်တွင် ရက် ၁၀၀ စီမံချက်အဖြစ် သီတင်းတစ်ပတ်လျှင် လေးနေရာနှုန်းဖြင့် ယာဉ်ကြောကျပ်တည်းမှုအနည်းဆုံးဖြစ်အောင်ရှင်းလင်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း တိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးမှာ ပုံမှန်အားဖြင့်တော့ ယာဉ်ထိန်း တပ်ဖွဲ့ဝင် ၁၀၀၀ နီးပါးက နေ့စဉ်နဲ့အမျှ ယာဉ်ကြောရှင်းလင်းမှုတွေ လုပ်နေတာပါ။ ဒါ့အပြင် လွန်ခဲ့တဲ့ သီတင်းပတ်မှစပြီး ရဲချုပ်က အင်အား ၅၀ တိုးပေးပြီး နေရာပေါင်း ၆၀ ကျော်ကို အထူးယာဉ်ကြောရှင်းလင်းရေး လုပ်ငန်းတွေကို လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ကိုဦးက လမ်း ၅၀ ယာဉ်ထိန်းတပ်ဖွဲ့ရုံး၌ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောသည်။

ယခုသီတင်းပတ်အတွင်း ယာဉ်ကြော ရှုပ်ထွေးမှုနေရာလေးနေရာဖြစ်သည့်ထောက်ကြန့်လမ်းဆုံ၌ ယာဉ်ထိန်းတပ်ဖွဲ့ဝင် ၁၅ ဦး၊ သံစျေးအနီး တွင် ၁၀ ဦး၊ မြေနီကုန်းတွင် ၁၀ ဦးနှင့် မင်္ဂလာစျေးတွင် ၁၅ ဦးဖြင့်ယာဉ်ကြောရှင်းလင်းရေး အထူးစီမံချက်အဖြစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အမြန်လမ်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအပါအဝင် သင်တန်းကျောင်းအသီးသီးမှ စေလွှတ်ထားသော သင်တန်းသားများအား လက်အချက်ပြစနစ်ကို စာတွေ့လက်တွေ့သင်ကြားပြသရင်း သောကြာနေ့တိုင်း ယာဉ်ကြောရှုပ်ထွေးမှုအများဆုံး နေရာများတွင် ယာဉ်ကြောရှင်းလင်းရေးကို ဆောင်ရွက်လျက်ရှိသည်။

တစ်ဖန်နေပြည်တော်မှ ပေးပို့သည့် ရှေ့ပြေးမော်တော်ယာဉ် ၁၀ စီးကို အသုံးပြုကာအဖွဲ့နှစ်ဖွဲ့ခွဲ၍ ယာဉ်ကြောရှုပ်ထွေးသည့်နေရာများတွင် ရွှေ့ပြောင်းသွားလာ ဆောင်ရွက်လျက်ရှိကြောင်း၊ အဓိက ရုံးကြီးငါးရုံးတွင်လည်း ရက် ၁၀၀ စီမံချက်အဖြစ် ရုံးရှိယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်ကြောရှုပ်ထွေးမှု အများဆုံးအချိန်ဖြစ်သည့် နံနက် ၈ နာရီမှ ၁၀ နာရီတစ်ကြိမ်၊ ညနေ ၄ နာရီမှည ၇ နာရီတစ်ကြိမ် အင်ပြည့်အားပြည့် အသုံးပြုကာ ရန်ကုန်မြို့ယာဉ်ကြောရှင်းလင်းရေးကို ထိထိရောက်ရောက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## ရက် ၁၀၀ စီမံချက် ကျန်းမာရေးစောင့်ရှောက်ရေး အခမဲ့ ကွင်းဆင်းဆောင်ရွက်

**တနင်္သာရီ မေ ၁၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ရက် ၁၀၀ ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်တွင် ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်း အခမဲ့ကွင်းဆင်းဆောင်ရွက်ခြင်း ပြည်သူ့အကျိုးပြုလုပ်ငန်းကို ချောင်းငယ်ရပ်ကွက် မြသီတာဘုရားကျောင်းဝင်းအတွင်း၌ မေလဒုတိယပတ်က ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်အောင် ဦးဆောင်သော သူနာပြုဆရာမများနှင့် အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးမိခင်များ၊ ကျန်းမာရေးကုသမှု လိုအပ်နေသော ဒေသခံပြည်သူ ကလေး-လူကြီး ၁၀၀ ကျော်အား အခမဲ့စမ်းသပ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး စက်ရေတွင်းများ ပြင်ဆင်ထိန်းသိမ်း



**ကျောက်ဆည် မေ ၁၆**

ကျောက်ဆည် မြို့နယ်အတွင်း အယ်နီညို ရာသီဥတုကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် စက်ရေတွင်း ၂၅ တွင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအား ရက် ၁၀၀ အတွင်း အမြန်ပြီးစီးနိုင်ရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ဖော်ဆောင်လျက်ရှိသည်။

"မြို့နယ်အတွင်းမှာ သောက်သုံးရေပြတ်တဲ့ရွာရယ်လို့ မရှိသလောက်ပါပဲ။ ဒါပေမယ့် သောက်သုံးရေ အပြည့်အဝရရှိရေး အတွက် တူးဖော်ပေးထားတဲ့ စက်ရေတွင်းတွေကို ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်တာပါ"ဟု မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်က ပြောသည်။

အဆိုပါဦးစီးဌာနက ယခုနှစ်တွင် သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေး အတွက် ရက် ၁၀၀ အတွင်း ကျေးရွာ ပေါင်း ၂၅ ရွာတွင် စက်ရေတွင်း ၂၅ခု ကို ပြင်ဆင်ခြင်း၊ ကျေးလက်တံတား တစ်စင်းကို သစ်သားတံတား တစ်စင်းမှ ကွန်ကရစ်တံတား အဖြစ် အဆင့်မြှင့်တင်ခြင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ရန်ကုန်-မန္တလေးအမြန်လမ်း၏ ၆ ရာခိုင်နှုန်းနှင့် တန်ဖိုးနည်းအိမ်ရာတို့ ရှေ့ဆက်ပြေးနေတဲ့ ရက် ၁၀၀

**သတင်းဆောင်းပါး-နိုင်လင်းကြည်**

“ကျွန်တော့်အိပ်မက်ကတော့ ကျွန်တော် ဆောက်လုပ်ရေး ဝန်ကြီးဖြစ်နေတဲ့အချိန်မှာ ရန်ကုန်-မန္တလေး အမြန်လမ်း တစ်ခုလုံးကို နိုင်လွန်ကတ္တရာခင်းနိုင်ဖို့နဲ့ တန်ဖိုးနည်းအိမ်ရာ ဆိုပေမယ့် သိန်း ၃၀၀ လောက်မှ ဝယ်လို့ရတာကို တတ်နိုင် သလောက် သိန်း ၁၀၀ အောက်ကို ရနိုင်သမျှ ဆောက်လုပ် ပေးသွားဖို့ ရည်ရွယ်ထားပါတယ်။ ဆောက်လုပ်ရေးဝန်ကြီး ဌာနအနေနဲ့လည်း ဆောင်ရွက်ပေးဖို့ရှိပါတယ်”ဟု ပြည်ထောင်စု ဝန်ကြီး ဦးဝင်းခိုင်က ပြောကြားခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လက်ရှိတွင် အစိုးရသစ်၏ ရက် ၁၀၀ စီမံကိန်းအဖြစ် လမ်းဦးစီးဌာနက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ရန်ကုန်ဘက်အပိုင်း ၁၀ မိုင်နှင့် နေပြည်တော်ဘက် အပိုင်း ၁၀ မိုင်ကို အဆင့်မြှင့်တင်မှုများ ပြုလုပ်လျက်ရှိပြီး တံတားဦးစီးဌာနကလည်း ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင်လမ်းများပေါ်ရှိ တံတား အဝင်၊ အထွက်လမ်းများကို GRADIENT ညှိ၍ ယာဉ်များချောမွေ့စွာ သွားလာနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် ၃၆၆ မိုင် ၃ ဖာလုံ ရှည်လျားသည်။ ရန်ကုန်-ပဲခူး-နေပြည်တော်-မန္တလေး စသည့် တိုင်းဒေသကြီးလေးခုနှင့် ဆက်စပ်လျက်ရှိပြီး မြို့နယ် ပေါင်း ၁၅ ခု၊ ကျေးရွာပေါင်း ၁၅၆ ရွာနှင့် ဆက်စပ်နေသည့် မြို့နယ်/ ခရိုင်ခွဲများသို့ သွားလာနိုင်သည့် လမ်းမကြီးတစ်ခုဖြစ်သည်။

“ပြည်သူလူထုစိတ်ဝင်စားတဲ့ လမ်းတစ်ခုအနေနဲ့ ပြောရ မယ်ဆိုရင် ရန်ကုန်-မန္တလေး အမြန်လမ်းပါ။ ဒီလမ်းကြီးက ၃၆၆ မိုင် အရှည်ရှိတယ်။ ဒီလမ်းကြီးကို စိစစ်လိုက်တဲ့အခါမှာ ၆ ရာခိုင်နှုန်းလောက်ကတော့ အင်ဂျင်နီယာသဘောတရားအရ အထူးပြုပြင်ဖို့လိုတယ်လို့ ကျွန်တော်တို့ ကောက်ချက်ချတဲ့ အတွက် အဲဒီ ၆ ရာခိုင်နှုန်းကို ရက် ၁၀၀ အတွင်းမှာ ဦးစားပေး ပြီးပြင်ပါမယ်။ ဒီလမ်းတွေကို ပဏာမအဆင့်အနေနဲ့ ငါးပေ လောက်ခွဲဖို့ ဆောင်ရွက်မယ်။ နောက်ပြီး အင်ဂျင်နီယာ သဘောတရားအရ ပြုပြင်သင့်တဲ့နေရာတွေ ကျွန်တော်တို့ပြုပြင် သွားပါမယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။



ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ ကုက္ကိုဝတံတား ထန်းတပင်ဘက်ကမ်း ချဉ်းကပ်တံတား ရေလယ်တိုင်များတွင် သံပေါင်ရက်မတင်ရန် ဆောက်လုပ်ရေးဝန်ထမ်းများ ဤသို့ဆောင်ရွက်ခဲ့သည်

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင် ရန်ကုန်- မန္တလေးအမြန်လမ်း၌ မိုင် ၂၀ အဆင့်မြှင့်တင်ခြင်း၊ အမြန်လမ်း ပေါ်တွင်ရှိသည့် တံတား ၁၃၈ စင်းအား အတက်အဆင်း ပြေပြစ် စေရန် ဆောင်ရွက်ခြင်းတို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တံတားအစင်းပေါင်း ၂၄၉၀ ခန့်တွင် တံတားနှင့် လမ်းအတက်အဆင်းပြေပြစ်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် အမြန်လမ်းမကြီးတွင်လည်း လမ်းလယ်ကျွန်း များကို လျှော့ချကာ ယာဉ်တိုက်မှုများ လျော့နည်းအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

“အထူးသဖြင့် ကရင်ပြည်နယ်နဲ့ မကွေးတိုင်းဒေသကြီးတို့ကို နိုင်လွန်ကတ္တရာခင်းစက်တွေ ပို့ပြီးတော့ ဘားအံနဲ့ မကွေးမြို့တို့မှာ နိုင်လွန်ကတ္တရာလမ်းကို ဆောင်ရွက်ပေးမယ်။ အရင်ရှိပြီးသား စက်ယန္တရားတွေအပြင် နောက်ထက် အစင်း ၈၀ လောက်အထိ တိုင်းဒေသကြီးနဲ့ ပြည်နယ်အကုန်လုံးကို ပို့ပေးထားတယ်”ဟု လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက ပြောသည်။

တံတားကြီးများတွင် တပ်ဆင်ထားရှိသည့် လျှပ်စစ်မီးများ သည် ပျက်စီးမှုများရှိနေခြင်းကြောင့် လျှပ်စစ်မီးများအားလုံး လင်းစေရန် စီမံမည်ဟုဆိုသည်။

ထို့အပြင် ချင်းပြည်နယ်အဝင် လမ်းနှစ်လမ်းဖြစ်သော ကလေး-ဟားခါးလမ်းနှင့် ဂန့်ဂေါ-ဟားခါးလမ်းတို့ကို လက်ရှိတွင် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ကလေး-ဟားခါးလမ်းမှာ တစ်ပတ်အတွင်း သွားလာနိုင်အောင် လုပ်ဆောင်နိုင်မည်ဖြစ်သော်လည်း ပျက်စီးမှုများသည့် ဂန့်ဂေါ- ဟားခါးလမ်းကိုမူ မိုးတွင်းကာလအပြီး ကတ္တရာလမ်းဖြစ်အောင် စီမံချက်ချ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့မှ အဖွဲ့များနှင့် ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ကာ လာမည့်နှစ်များတွင်လည်း ချေးငွေနှင့် နိုင်ငံတကာအကူအညီများရယူကာ လမ်းများတိုးတက် အောင် လုပ်ဆောင်သွားရန်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း နှင့် အဆိုပါ လမ်းမကြီးများအပြင် အတွင်းလမ်းများကိုလည်း တတ်နိုင်သမျှ လာမည့်နှစ်များအတွင်း ရန်ပုံငွေအခြေအနေပေါ် မူတည်ကာ ကတ္တရာလမ်းအဆင့်အဖြစ် တိုးမြှင့်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက ပြောကြား ခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဧပြီလ ၁ ရက်နေ့ မှ စတင်ကာတိုးဂိတ် ၃၀၂ ဂိတ်ရှိသည့်အနက် ၁၆၁ ဂိတ်အား လမ်း၊ တံတားအသုံးပြုခ ကောက်ခံတော့မည်မဟုတ်ကြောင်း ထုတ်ပြန် ကြေညာခဲ့သည်

ထို့အပြင် နာရီ ၁၀၀ ကြာသည်အထိ ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ သည့် ဂုတ်ထိပ်ယာဉ်ကြောကျပ်တည်းမှုကိုလည်း ဖြေရှင်းပေး ခဲ့ရသည်။ နောင်ချိုနှင့် ကျောက်မဲတို့တွင် LED ဖြင့် ဂုတ်တွင်း၌ ဖြစ်ပေါ်နေသည့်အနေအထားကို တောက်လျှောက်ဆိုသလို သတင်းအချက်အလက်များပေးခဲ့ခြင်းလည်း ပါဝင်သည်။

ရက် ၁၀၀ ကာလအတွင်းတွင် တံတားကြီးများကိုလည်း ကြံ့ခိုင်မှုစစ်ဆေးသွားမည်ဖြစ်ပြီး ယင်းသို့ ဆောင်ရွက်မည့် အကြောင်းနှင့် စပ်လျဉ်း၍လည်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် က “စစ်ဆေးတဲ့အခါမှာလည်း ပုံမှန်စစ်ဆေးတဲ့နည်းတွေလည်း သုံးသလို ခေတ်မီတဲ့နည်းစနစ်တွေလည်း သုံးမယ်။ အခု တံတားတွေစစ်ဖို့အတွက် ခေတ်မီယန္တရားတွေ ဝယ်ထားတာ ရှိပါတယ်။ တံတားအောက်ခြေတွေပါ ပိုမိုပြီးတော့ စနစ်တကျစစ် လို့ရမယ်”ဟု ပြောကြားသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကလည်း ရက် ၁၀၀ ကာလအတွင်း တိုက်ခန်းပေါင်း ၂၂၀၀ ခန့်ကို ရောင်းချသွား မည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ဆဲ အိမ်ရာစီမံကိန်းများအနက် ၉၀ ရာခိုင်နှုန်း အထိ ပြီးစီးနေပြီဖြစ်သည့် စီမံကိန်းသုံးခုမှာ ကနောင် တန်ဖိုးနည်း အိမ်ရာ၊ ယုဇန တန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)နှင့် ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ အပိုင်း(၃) တို့ဖြစ်ပြီး နောက်ထပ်တန်ဖိုးနည်း အိမ်ရာများကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဟု ဆိုသည်။



မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ထားသော လေးလမ်းသွား သာကေတတံတားသစ် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ မေ ၈ ရက်က ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်
(ဓာတ်ပုံ-ဆောက်လုပ်ရေး)

ယခင်က တန်ဖိုးနည်းအိမ်ရာဟုဆိုသော်လည်း အခြေခံ လူတန်းစားများအတွက် မဝယ်နိုင်သော ပမာဏဖြစ်သည်ဟု ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည်။

“တန်ဖိုးနည်းအိမ်ရာက တကယ်ဆောက်ကြည့်တော့ မနည်းဘူးဖြစ်နေလို့။ သိန်း ၃၀၀ တို့၊ ၆၀၀ တို့လည်း ဖြစ်နေတယ်။ ကျွန်တော်တို့မှာ ဘယ်လောက်ကုန်ကျသလဲဆိုတာ သေသေ ချာချာမသိဘူး။ ကျွန်တော်ကတော့ ရက် ၁၀၀ စီမံကိန်းထဲမှာ အဆောက်အအုံဌာနကနေပြီးတော့ ဆောက်ကြည့်မယ်။ ငါးထပ်အဆောက်အအုံတစ်ခု အခန်း ၄၀ လောက်ပါတယ်။ တစ်ခန်းကို ပေ ၄၀၀ လောက်ရှိတဲ့ အခန်းဆောက်ကြည့်မယ်။ အဲဒီမှာ သုံးရတဲ့ပစ္စည်းတွေ၊ စံချိန်စံညွှန်းတွေ၊ ဆောက်ရတဲ့ အချိန်ကာလတွေ၊ ကုန်ကျစရိတ်တွေ အားလုံးကိုတွက်ချက်ပြီးတော့ လုပ်သွားမှာပါ။ ကျွန်တော့်ရည်ရွယ်ချက်ကတော့ တတ်နိုင် သလောက် သိန်း ၁၀၀ အောက်ကို ရနိုင်သမျှ ဆောက်ပေးသွားမှာပါ။ အဲဒါမှာ နောက်ပိုင်းသိန်း ၁၀၀ နဲ့ရအောင် မဆောက်ပေးနိုင်ဘူး ဆိုတဲ့ကိစ္စကို ချေဖျက်ပေးလို့ရမှာပါ။ အဲဒီလို ဆောက်လို့ရတယ် ဆိုတာကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ဖို့ ရှိပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြား ခဲ့သည်။

*စာမျက်နှာ ၁၈ သို့*



ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်နေသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ တန်ဖိုးအသင့်အတင့် ရောဝတ်-ရတနာ အဆင့်မြင့်အိမ်ရာ စီမံကိန်းလုပ်ငန်းခွင် တစ်နေရာ
(ဓာတ်ပုံ-ဆောက်လုပ်ရေး)

**လက်ရှိတွင် ရန်ကုန်-မန္တလေး အမြန်လမ်းတွင် မိုင် ၂၀ အဆင့်မြှင့်တင်ခြင်း၊ အမြန်လမ်းပေါ်တွင်ရှိသည့် တံတား ၁၃၈ စင်းအား အတက် အဆင်းပြေပြစ်စေရန် ဆောင်ရွက်ခြင်းတို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တံတားအစင်းပေါင်း ၂၄၉၀ ခန့်တွင် တံတားနှင့် လမ်းအတက်အဆင်းပြေပြစ်ရန် ဆောင်ရွက်သွားမည်ဖြစ်**

**“တန်ဖိုးနည်းအိမ်ရာ ဆိုပေမယ့် သိန်း ၃၀၀ လောက်မှဝယ်လို့ရတာကို တတ်နိုင်သလောက် သိန်း ၁၀၀ အောက်ကိုရနိုင်သမျှ ဆောက်လုပ် ပေးသွားဖို့ ရည်ရွယ်ထားပါတယ်”**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

“ပြောင်းလဲချိန်တန်ပြီ” ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏ တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ် တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်း ဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ် လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ ပြည်သူက ကြည်ဖြူနေဆဲ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏ အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှစတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်း အလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူစုစည်းဖော်ပြ အပ်ပါသည်။



ပထမ ရက် (၁၀၀) စီမံချက်တွင် ပါရှိသည့် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၇၃) အတွင်း အဆင့်မြှင့်မှုလုပ်ငန်းဆောင်ရွက်နေမှုကို ဤသို့တွေ့ရသည် (ဓာတ်ပုံ-ဆောက်လုပ်ရေး)



သောက်သုံးရေရှားပါးသော ကျေးရွာများအနက် လာဘဝတီကျေးရွာသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ယာဉ်များဖြင့် ပြည်သူတို့က သောက်သုံးရေများ ဤသို့ လှူဒါန်းခဲ့သည် (ဓာတ်ပုံ-ဆောက်လုပ်ရေး)

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

*စာမျက်နှာ ၁၇ မှ*

"တကယ်တော့ Low Cost Housing လုပ်တဲ့အခါမှာ နှစ်ပိုင်းရှိတယ်။ အငှားစနစ်ရှိတယ်။ အရောင်းစနစ်ရှိတယ်။ ရန်ကင်းအိမ်ရာတို့၊ သုဝဏ္ဏအိမ်ရာတို့ဟာ အငှားစနစ်တွေဖြစ်တယ်။ လက်ရှိ ပြည်သူ့အိမ်ရာစီမံကိန်း တော်တော်များများက အငှားစနစ်တွေပါ။ နောက်တစ်ပိုင်းက အရောင်းစနစ်ပါ။ ရောင်းတော့ တချို့တတ်နိုင်တဲ့သူရှိတယ်။ တချို့ကျတော့ အလုပ်အကိုင်ရှိတယ်။ Deposit ပေးထားနိုင်တယ်။ ပြီးရင်တော့ လပေးစနစ်နဲ့ ရောင်းပေးပါဆိုပြီး ဒီလို စနစ်တွေလည်းရှိတယ်။ ဒီစနစ်တွေအကုန်လုံးကိုလည်း လေ့လာထားပါတယ်။ အကုန်ဆောင်ရွက်ပေးမှာပါ။ ဒီမှာအရေးကြီးတာက ဘဏ်တွေပါလာတယ်။ ဘဏ်တွေပါလာတဲ့အတွက် ဘဏ်ရဲ့ ပါဝင်ပတ်သက်မှုက ရှိမှုဖြစ်မယ်။ ဘဏ်ကသာ ငွေချေးတာတို့၊ ငွေကြေးထုတ်ပေးတာတို့ ဆောင်ရွက်ပေးလို့ရတယ်။ ကျွန်တော်တို့ စဉ်းစားထားတာကတော့ ကျွန်တော်တို့ဆီမှာ CHD ဆိုတဲ့ ဘဏ်တစ်ခုရှိတယ်။ အဲဒီဘဏ်ကနေ ဒီပုဂ္ဂိုလ်တွေကိုတော့ ကူညီပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်က အစကတည်းက ရှိပြီးသားပါ။ ပထမအဆင့်က ဒီလူတွေက ဒီဘဏ်မှာ ငွေစာရင်းဖွင့်ပြီး တော့ ငွေစုတဲ့စနစ်ကို စပြီး ဆောင်ရွက်ဖို့လိုပါတယ်။ ဒီဘဏ်ရဲ့ Member ဖြစ်ဖို့တော့ လိုတယ်။ အဲဒါဆို ဘဏ်က သူတို့နဲ့ လုပ်ငန်းလုပ်လို့ရတာပေါ့။ အဲဒါမျိုးစနစ်လေးတော့ စဉ်းစားထားပါတယ်"ဟု သူက ဆက်ပြောသည်။

အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လူဦးရေသိပ်သည်းမှုများပြားသည့် ရန်ကုန်မြို့ကို အဓိကဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။ သို့သော် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆောက်လုပ်ပေးရန် အစီအစဉ်များ ရေးဆွဲထားသည့်အပြင် နေပြည်တော်တွင်လည်း အိမ်ရာစီမံကိန်းဆောင်ရွက်ပေးရန်လည်း ရှိကြောင်း သိရသည်။

နေပြည်တော် ရွှေနံ့သာရပ်ကွက်တွင် ၄၀၀ စတုရန်းပေ ကျယ်ဝန်းသည့် စံနမူနာပြ အိမ်ရာစီမံကိန်းအဖြစ် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ်အတွင်း တည်ဆောက်ပြီးစီးနိုင်မည်ဟု ခန့်မှန်းထားသည်။



**နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် BOT စနစ်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်တော့မည့် မန္တလေး-ပြင်ဦးလွင်-ကျောက်မဲ လမ်းပိုင်းမှ ဂုတ်ထိပ်ကားလမ်းမကြီးကို တွေ့ရသည်**
(ဓာတ်ပုံ-ကျော်မိုးလွင်)

## မွန်ပြည်နယ်၌ ရက် ၁၀၀ စီမံချက် ရဲလုပ်ငန်းဆိုင်ရာ ပညာပေး

**မော်လမြိုင် မေ ၁၆**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ရက် ၁၀၀ အတွင်း ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မေလဒုတိယပတ်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးက အမှာစကားပြောကြားရာ တာဝန်ယူမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ တရားမျှတမှုရှိပြီး သာတူညီမျှဆက်ဆံသည့် လူ့အခွင့်အရေးများကို လေးစားလိုက်နာသည့် ရဲအဖွဲ့အစည်းအဖြစ် ကျစ်လျစ်ခိုင်မာစွာ တည်ထောင်ရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးဆွေဝင်းက ယနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ထိန်းချုပ်မှုကို ရှေးရှုသော ရဲလုပ်ငန်းမှ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းအသွင်သို့ ဒီမိုကရေစီစနစ်နှင့်အညီ ပြောင်းလဲရမည်ဖြစ်ကြောင်း၊ ယခု ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် အသိပညာပေးမှု၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုတို့သည် ရက် ၁၀၀ အတွင်းသာ ဆောင်ရွက်ရန်မဟုတ်ဘဲ စတင်အခြေတည်ဆောင်ရွက်ခြင်းဖြစ်ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

**ကျော်သန်း**



## ရက် ၁၀၀ စီမံချက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**အင်းတော် မေ ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနနှင့် အင်းတော်မြို့ အုပ်ချုပ်ရေးနှင့်အထောက်အကူပြုအဖွဲ့တို့ ပူးပေါင်း၍ ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အင်းတော်မြို့ အောင်ဇေယျရပ်ကွက် အခြေခံပညာရေတွင်းကုန်း စာသင်ကျောင်း၌ မေ ၁၄ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

အင်းတော်မြို့နယ်အတွင်းရှိ မော်တော်ဆိုင်ကယ်သက်တမ်းတိုးခြင်း "က" လိုင်စင်အသစ် လျှောက်ထားသူများ သင်တန်းပို့ချပြီး လိုင်စင်ထုတ်ပေးခြင်းတို့ကို နေ့ချင်းပြီးပြုလုပ်ပေးခဲ့သည်။

ခရိုင်ရုံး(စစ်ကိုင်း)ကညနမှ အင်းတော်မြို့တွင် မေ ၁၆ ရက် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် လည်းကောင်း၊ ကသာမြို့တွင် ကား၊ ဆိုင်ကယ်သက်တမ်းတိုးခြင်း၊ မောင်းလိုင်စင် "က" လိုင်စင်လျှောက်ထားသူများကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ မြို့နယ်များ၌ ဆောင်ရွက်ချက်များ

**မုံရွာ**

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရက် ၁၀၀ သစ္စာစီမံချက်အရ လုပ်ငန်းစဉ်သုံးရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချပြရှင်းလင်းပွဲကို မေ ၁၃ ရက်က မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရက် ၁၀၀ သစ္စာစီမံချက်အရ ဆောင်ရွက်မည့် လုပ်ငန်းစဉ်သုံးရပ်မှာ (၁)ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများကို ကွင်းဆင်းစာရင်းကောက်ခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်ခုခု ထုတ်ပေးခြင်း၊ (၂)အခြေခံကျောင်းများတွင်ရှိသည့် ကျောင်းသားကျောင်းသူများကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ထုတ်ပေးခြင်း (၃) ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ သက်ဆိုင်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**

---

**ဖျာပုံ**

ကျေးလက်နေအမျိုးသမီးငယ်များ အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်စေရန်ရည်ရွယ်လျက် ဖျာပုံမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရက် ၁၀၀ စီမံချက်အဖြစ် စက်ချုပ်ပညာရပ်များကို မေ ၁၅ ရက်မှစ၍ လူမှုဝန်ထမ်းဦးစီးဌာနသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိသည်။ အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ကျေးလက်ဦးစီးဌာနဦးစီးမှူး ဦးအောင်ဇော်လင်းက အမှာစကားပြောကြားပြီး သင်တန်းကာလ ၁၅ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

---

**မြိတ်**

အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားဦးစီးဌာနမှ မြိတ်ခရိုင်အတွင်းရှိ ဦးစီးဌာန ဝန်ထမ်းများအား ရက် ၁၀၀ သစ္စာစီမံချက်အနေဖြင့် နေရာအတည်တကျမရှိသည့် ပြောင်းရွှေ့နေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးမည့်လုပ်ငန်းများ ကို မေလဒုတိယပတ်က အမက(မြစ်ငယ်)ကျောင်းတွင် ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရှိရသည်။

ရက် ၁၀၀ သစ္စာစီမံချက်တွင် သာမန်ပြောင်းရွှေ့နေထိုင်သူများနှင့် ယာယီပြောင်းရွှေ့နေထိုင်သူများအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းများကို အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆွေမြင့်က မြိတ်ခရိုင်အတွင်းရှိ ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများစုစုပေါင်း ၃၀ အား ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မုံရွာမြို့တွင် မြို့သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မုံရွာ မေ ၁၆**

မြို့သန့်ရှင်းသာယာလှပပြီး အမှိုက်များကင်းစင်စေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မေ ၁၃ ရက် နံနက် ၆ နာရီအချိန်မှစတင်ပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

"စုပေါင်းသန့်ရှင်းရေးကို မုံရွာမြို့ ချင်းတွင်းမြစ်ကမ်း တစ်လျှောက်ရှိ အိုးဘိုတောင်ရပ်ကွက် ၁၀ ပေါက်တွဲ ရေတံခါးအနီးမှနေပြီး မြို့တောင်ဘက်ဖျား ကူးတို့ကုန်းမီးကင်းအထိ တိုင်း/ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ရပ်ကွက်အသီးသီးက လူမှုရေး အသင်းအဖွဲ့တွေပါဝင်တဲ့ ပူးပေါင်းအဖွဲ့တွေနဲ့ အပိုင်းအလိုက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေပါတယ်။ ဆည်မြောင်း၊ လမ်းဦးစီး၊ ကုမ္ပဏီအသင်းအဖွဲ့တွေ၊ အလှူရှင်တွေက အမှိုက်သယ်ယာဉ်နဲ့ယန္တရားတွေ ကူညီဆောင်ရွက်ပေးလျက် ရှိပါတယ်" ဟု မြို့နယ်ထွေ/အုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခုလို စုပေါင်းသန့်ရှင်းရေးတွေ ဆောင်ရွက်ကြတဲ့အတွက် မြို့အတွင်း အမှိုက်တွေကင်းစင်ပြီး သန့်ရှင်းသာယာလှပကာ မြို့နေလူထုတွေ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ မလိုလားအပ်တဲ့ ပြဿနာတွေ လျော့နည်းသွားမယ်။ နောက်တစ်ခုက အများပြည်သူတွေ မြစ်ကမ်းနားတစ်လျှောက်မှာ သန့်ရှင်းတဲ့လေကောင်းလေသန့်တွေရှူရှိုက်ရင်း စိတ်ကြည်နူးလန်းဆန်းစွာ အပန်းဖြေနိုင်မယ်"ဟု စုပေါင်းသန့်ရှင်းရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းတစ်ဦးက ပြောသည်။

**ဖိုးချမ်း-မုံရွာ**

# ပျူစာပါ ကျောက်အရိုးအိုးများ



**မောင်သာ**
**(ရှေးဟောင်းသုတေသန)**

**လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်က မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြပြီး ယခုအခါ ပျောက်ကွယ်နေပြီဖြစ်သည့် ပျူလူမျိုးများသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော လူမျိုးများဖြစ်ကြောင်း ကြွင်းကျန်ခဲ့သော ပျူမြို့ဟောင်းများနှင့် ပျူလူမျိုးများနေထိုင်ခဲ့သည့် နေရာများတွင်တွေ့ရှိရသော အထောက်အထားများက သက်သေထူလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်းရှိ ပျူမြို့ပြများအနက် ၂၀၁၃ခုနှစ် ဇွန်လတွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည့် သရေခေတ္တရာ၊ ဟန်လင်းနှင့် ဗိဿနိုးတို့သည် ရှေးဟောင်းသုတေသန ပညာရပ်အပါအဝင် ပညာရပ်နယ်ပယ်အသီးသီးတွင် အလွန်ထင်ရှားသကဲ့သို့ ပျူလူမျိုးများနှင့်ပတ်သက်သည့် အထောက်အထားများစွာ ကြွင်းကျန်နေသည့် နယ်မြေများလည်းဖြစ်သည်။**

မြန်မာနိုင်ငံမြောက်ပိုင်း ယခုဝက်လက်မြို့အနီးရှိ ဟန်လင်းသည် အေဒီတစ်ရာစုတွင် ပျူတို့၏ မြို့ပြနိုင်ငံတစ်ခုဖြစ်ခဲ့သော်လည်း အေဒီခုနစ်ရာစုနှင့် ရှစ်ရာစုတွင် ဟန်လင်းထက် မြို့ပြအရွယ်အစား နှစ်ဆပိုမိုကြီးမားသော သရေခေတ္တရာက ဟန်လင်းကို ကျော်လွန်လျက် ပျူမြို့ပြနိုင်ငံ ဖြစ်လာခဲ့သည်။

ပျူမြို့များတွင် မြို့ရိုးဟောင်းများ၊ စေတီပုထိုးများ၊ လက်မှုအနုပညာများ၊ ဆင်းတုတော်များ၊ ရုပ်ကြွများ စသည်ဖြင့် ပျူလူမျိုးများ၏ ယဉ်ကျေးမှုပစ္စည်းများကို တွေ့ရှိရမြဲဖြစ်သည်။ ပျူမြို့ဟောင်း သရေခေတ္တရာတွင် တွေ့ရှိရသည့် ရုပ်ထုရုပ်ကြွများ၊ ရွှေပေလွှာများ၊ ပုတီးစေ့များ၊ အိုးများစသည့် ပျူယဉ်ကျေးမှု အထောက်အထားများသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသကဲ့သို့ ပျူလူမျိုးများ အသုံးပြုခဲ့သည့် အရိုးအိုးများသည်လည်း ပျူများ၏ သဂြိုဟ်မြှုပ်နှံမှုဓလေ့များကို ဖော်ညွှန်းလျက်ရှိနေပေသည်။

ပျူလူမျိုးများသည် ကွယ်လွန်ချိန်တွင် ကြွင်းကျန်သောရုပ်ကလာပ်ကို မီးရှို့ကာ အရိုးပြာနှင့် ကွယ်လွန်သူများသုံးစွဲခဲ့သည့် အသုံးအဆောင်အချို့ကို အိုးအတွင်း ထည့်သွင်းပေးလေ့ရှိသည်။ ပျူမြို့ဟောင်းများတွင် အရိုးအိုးများကို တွေ့ရှိရသည့်အနက် သရေခေတ္တရာတွင်သာ တွေ့ရှိရသည့် ကျောက်အရိုးအိုးများမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကျောက်အရိုးအိုးများနှင့်အတူ မြေအရိုးအိုးများကိုလည်း သရေခေတ္တရာတွင် အများအပြားတွေ့ရှိခဲ့ရပြီး ပညာရှင်များက သာမန်ပြည်သူများသည် မြေအိုးများကို အသုံးပြုကြပြီး ကျောက်အိုးများကို မင်းစိုးရာဇာများကွယ်လွန်ချိန်တွင် သုံးစွဲခဲ့ကြသည်ဟု ယူဆခဲ့ကြသည်။

သရေခေတ္တရာတွင် ကျောက်ဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံများကို မတွေ့ရှိရသော်လည်း သဲကျောက်များဖြင့် ပြုလုပ်ထားသော အရိုးအိုးများအပါအဝင် ကျောက်ရုပ်ကြွများ၊ ကျောက်ဆစ်ရုပ်ပွားတော်များ၊ ဌာပနာတိုက်ဖုံး ကျောက်ချပ်များ၊ ကျောက်စာများကို တွေ့ရှိကြရသည်။ သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက အဆိုပါကျောက်များကို သရေခေတ္တရာ ပြင်ပတစ်နေရာရာမှ ယူဆောင်လာကြခြင်းဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့သည်။ ယင်းကျောက်များသည် ဂလူကိုနိုက်(Gluconite)၊ သလင်း (Quartz)၊ ဖယ်လ်စပါး (Feldspar)နှင့် လချေး(mica)စသည့် တွင်းထွက်များ ပါဝင်ဖွဲ့စည်းထားသည့် သံခေတ်ကြွယ် သဲကျောက်ကြမ်းများ ဖြစ်ကြသည်။

အချို့သော ကျောက်အရိုးအိုးများတွင် မှတ်တမ်းကမ္ပည်းစာများကို ရေးထိုးထားသည်ကို တွေ့ရှိကြရာ ပျူစာများရေးထိုးထားသည့် ကျောက်အိုးငါးလုံးကို သရေခေတ္တရာမှ ရရှိခဲ့သည်။ ယင်းကျောက်အိုးများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက စနစ်တကျ ထိန်းသိမ်းကာ သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တွင် သုံးလုံး၊ အမျိုးသားပြတိုက် (ရန်ကုန်)နှင့် အမျိုးသားပြတိုက်(နေပြည်တော်)တွင် တစ်လုံးစီကို အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ပြသထားသည်။

**သူရိယဝိကြမင်း အရိုးအိုး**

သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တွင် ပြသထားသည့် သီရိဝိကြမကျောက်အရိုးအိုးကို ၁၉၁၁ ခုနှစ်တွင် ကျောက်စာဝန် မစ္စတာတော်စိန်ခိုက သရေခေတ္တရာရှိ ဘုရားကြီး၏တောင်ဘက် ကိုက် ၂၀၀ အကွာမှ ရရှိခဲ့သည်။ အမြင့် ၁၀၀ စင်တီမီတာနှင့် လုံးပတ် ၂၃၀ စင်တီမီတာ ရှိသည်။ သဲကျောက်ဖြင့်ပြုလုပ်ထားသည့် ကျောက်အရိုးအိုးသည် အညိုရောင်ရှိကာ ကျောက်သားအထူသည် ၁၈ စင်တီမီတာ ဖြစ်သည်။ အရိုးအိုးသည် ထုလုံးရှည်(ဆလင်ဒါ)ပုံစံရှိ၍ အပေါ်တွင် လည်တိုင်ရှိသဖြင့် မူလက အဖုံးရှိခဲ့ဟန်တူသည်။ ပျူခေတ်အတွင်း အေဒီ ၆၈၈ ခုနှစ်ဝန်းကျင်တွင် ပြုလုပ်ခဲ့ဟန်ရှိကြောင်း ပညာရှင်များ ခန့်မှန်းထားသည်။

ကျောက်အရိုးအိုးပေါ်တွင် ပျူစာတစ်ကြောင်း ရေးထိုးထားရာ ပညာရှင်များက သက္ကရာဇ် ၅၀ နှစ်၊ ၅လ၊ သူရိယဝိကြမ၊ အသက် ၆၄ နှစ်တွင် ကွယ်လွန်သည်ဟု အဓိပ္ပာယ်ပြန်ဆိုထားသည်။ ခရစ်နှစ် ၆၈၈ ခုနှစ်ဟု သက္ကရာဇ်ဖလှယ်သည်။

**ဟရိဝိကြမင်း အရိုးအိုး**

သရေခေတ္တရာမြို့ဟောင်း ဘုရားကြီးတောင်ဘက်မှ ရရှိခဲ့သော ကျောက်အရိုးအိုးလေးလုံးအနက် တစ်လုံးဖြစ်သည်။ ၁၉၁၁-၁၉၁၂ခုနှစ်တွင် ကျောက်စာဝန် မစ္စတာတော်စိန်ခို တွေ့ရှိခဲ့သည့် ယင်းကျောက်အရိုးအိုးသည် အမြင့် ၉၂ စင်တီမီတာ၊ လုံးပတ် ၂၁၀ စင်တီမီတာနှင့် အထူ ၂၁ စင်တီမီတာ ရှိသည်။ ထုလုံးရှည်ပုံသဏ္ဌာန်ရှိကာ အညိုရောင်ဖြစ်ပြီး ကျောက်အရိုးပေါ်တွင် ပျူစာတစ်ကြောင်း ရေးထိုးထားသည်။ ယင်းစာကြောင်းကို ပညာရှင်များက သက္ကရာဇ် ၅၇ နှစ်၊ ၂ လ၊ ၂၄ ရက်၊ ဟရိဝိကြမ၊ အသက် ၄၁ နှစ်၊ ၇ လ ၊ ၉ ရက်တွင် ကွယ်လွန်သည်ဟု အဓိပ္ပာယ်ပြန်ဆိုသည်။ ခရစ်နှစ် ၆၉၅ ခုနှစ်ဟု သက္ကရာဇ် ဖလှယ်သည်။

**သိဟဝိကြမင်း အရိုးအိုး**

သိဟဝိကြမင်း ကျောက်အရိုးအိုးကိုလည်း ဘုရားကြီးတောင်ဘက်မှပင် ၁၉၁၁-၁၉၁၂ တွင် တွေ့ရှိခဲ့သည်။ အမြင့် ၆၂ စင်တီမီတာနှင့် လုံးပတ် ၁၅၀ စင်တီမီတာရှိသည်။ အရိုးအိုးတွင် မူလကျောက်အဖုံး ပါရှိသည်။ ကျောက်အိုးပေါ်တွင် ရေးထွင်းထားသည့်စာကြောင်းကို ပညာရှင်များက သက္ကရာဇ် ၄၄ နှစ်၊ ၉ လ၊ ၂၀ ရက်၊ သီဟဝိကြမ၊ အသက် ၈၀ နှစ်တွင် ကွယ်လွန်သည်ဟု အဓိပ္ပာယ်ပြန်ဆိုသည်။ ခရစ်နှစ် ၇၁၈ ခုနှစ်ဟု သက္ကရာဇ်ဖလှယ်သည်။ သိဟဝိကြမကျောက်အရိုးအိုးကို အမျိုးသားပြတိုက် နေပြည်တော်တွင် ပြသထားသည်။

**သူရိယဝိကြမင်း ဆွေမျိုးတော် အရိုးအိုး**

သရေခေတ္တရာမြို့ဟောင်းရှိ ဘုရားကြီးတောင်ဘက်မှပင် ၁၉၁၁-၁၉၁၂ တွင် ရရှိခဲ့သောအိုးမှာ သူရိယဝိကြမင်း ဆွေမျိုးတော် အရိုးအိုးဖြစ်သည်။ သရေခေတ္တရာရှိ သီရိခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသည့် သူရိယဝိကြမင်း ဆွေမျိုးတော်အရိုးအိုးသည် အမြင့် ၇၂ စင်တီမီတာ၊ လုံးပတ် ၂၄၀ စင်တီမီတာနှင့် အထူ ၂၁ စင်တီမီတာ ရှိသည်။ ကျောက်အိုးပေါ်မှ စာသားများ အနည်းငယ်မှိန်နေသော်လည်း ပညာရှင်များဖတ်ရှုနိုင်ခဲ့ကာ သက္ကရာဇ် ၃၀ နှစ်၊ သူရိယဝိကြမင်း ဆွေမျိုးတော်များကွယ်လွန်သည်ဟု ပညာရှင်များပြန်ဆိုသည်။ ခရစ်နှစ် ၆၆၈ ခုနှစ်ဟု သက္ကရာဇ်ဖလှယ်သည်။ ယင်းကျောက်အိုး၏အောက်ပိုင်းတွင် စာကြောင်း ၁၁ ကြောင်း ပါရှိသော်လည်း အလွန်မှေးမှိန်နေသဖြင့် ဖတ်ရှုပြန်ဆိုမှု မပြုလုပ်နိုင်ပါချေ။

**ဘုရားထောင်အရိုးအိုး**

ဘုရားကြီးအနီးမှ ကျောက်အရိုးအိုးလေးလုံးကို တွေ့ရှိခဲ့ပြီး နှစ် ၉၀ ကျော်အကြာ ၁၉၉၃ ခုနှစ် မတ်လ ၁၈ ရက်တွင် သရေခေတ္တရာမြို့ဟောင်းရှိ ဘုရားထောင်အနီးမှ ကျောက်အိုးတစ်လုံးကို ထပ်မံရရှိခဲ့သည်။ ရှေးဟောင်းသုတေသနဦးစီးဌာနက သရေခေတ္တရာ တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် တူးဖော်မှု ကုန်းအမှတ်(HMA 31)မှ အရိုးအိုးဟုယူဆရသည့် ကျောက်အိုးတစ်လုံးကို ရရှိခဲ့သည်။ ယင်းကျောက်အိုးသည် ဘုရားထောင်အိုးဟု အမည်တွင်ခဲ့ပြီး အမြင့် ၁၀၅ စင်တီမီတာနှင့် လုံးပတ် ၂၆၀ စင်တီမီတာ ရှိသည်။ ဘုရားထောင် ကျောက်အိုးပေါ်တွင် ပျူစာကြောင်းငါးကြောင်း ရေးထွင်းထားရာ စာလုံးရေ ၁၁၂၇ လုံးပါရှိသည့်အနက် ၇၇ လုံးမှာ ဖတ်၍မရဘဲ ကျန်စာလုံးရေ ၁၀၅၀ ကို ပညာရှင်များက ဖတ်ရှုနိုင်ခဲ့သည်။

ဘုရားထောင်အိုးကို တွေ့ရှိခဲ့သူ ဦးကျော်ဦးလွင်(ယခု ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)က ကျောက်အိုးကို ရရှိခဲ့ချိန်တွင် အိုးအတွင်း၌ ဆင်းတုတော်အကျိုးအပဲ့များကို တွေ့ရှိခဲ့ရကြောင်း ပြောပြခဲ့သည်။ ဘုရားထောင်အရိုးအိုးသည် ယခင်ရရှိထားသော ကျောက်အိုးလေးလုံးကဲ့သို့ပင် ထုလုံးရှည်ပုံသဏ္ဌာန် ဖြစ်သည်။

ဘုရားထောင်သည် သရေခေတ္တရာမြို့ဟောင်းအတွင်း ဆင်ဖြူကန်ရွာ၏ အရှေ့မြောက်ဘက် ကားလမ်းဘေးတွင် တည်ရှိသည်။ သရေခေတ္တရာတွင် ကျန်ရှိနေသည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများသည် ထူပခေါ် စေတီလုံးများနှင့် လိုဏ်ဘုရားများ ဖြစ်ကြရာ ဘုရားထောင်သည် လိုဏ်ဘုရား တစ်ဆူဖြစ်သည်။ ဂူဘုရားဟုလည်း ခေါ်သည်။ ဘုရားထောင်ကို အေဒီလေးရာစုမှ အေဒီကိုးရာစုအတွင်း ပျူယဉ်ကျေးမှုထွန်းကားခဲ့သော သရေခေတ္တရာတွင် တည်ထားခဲ့သည်။ ဘုရားထောင်သည် ပုဂံရှိ အချို့သောဘုရားများနှင့် တူညီလျက် ကုလားကျောင်းခံကာ တည်ဆောက်ထားသည်။ စေတီပန္နက်သည် ၃၈ ပေ ပတ်လည် စတုရန်းပုံဖြစ်ပြီး ကုလားကျောင်းသည် ၁၈ ပေမြင့်ကာ မျက်နှာလေးဖက်တွင် မုခ်ပေါက်များကို အုတ်များဖြင့် ပိတ်ထားသည်။ ဘုရားထောင်စေတီကို ရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၅၈ ခုနှစ်တွင် ထိန်းသိမ်းစောင့်ရှောက်ထားခဲ့သည်။

သရေခေတ္တရာတွင် ရှေးဟောင်းသုတေသန တူးဖော်မှုများဆောင်ရွက်ခဲ့ရာမှ ဖော်ပြခဲ့သော ပျူစာပါ ကျောက်ထွင်းအိုးငါးလုံးကို တူးဖော်ရရှိခဲ့သည်။ ကျောက်အိုးများတွင် ရေးထွင်းထားသည့် ပျူစာများအနက်မှ အချို့စာလုံးများကို Mr. C.O Blagden က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ ထိုအိုးများသည် သူရိယဝိကြမ၊ ဟရိဝိကြမ၊ သိဟဝိကြမမင်းတို့၏ အရိုးအိုးများဖြစ်ကြောင်းနှင့် ကျန်တစ်အိုးမှာ မင်းဆွေမျိုးတစ်ဦးဦး သို့မဟုတ် မင်းမိဖုရားတစ်ဦးဦး၏ အရိုးအိုးဖြစ်နိုင်ကြောင်း ပညာရှင်များက ကောက်ချက်ချခဲ့ကြသည်။

ဘုရားထောင်အရိုးကို တွေ့ရှိခဲ့ချိန်တွင် ယခင်တွေ့ရှိခဲ့သည့် ဘုရားကြီးအရိုးအိုးလေးလုံးနှင့် ဆက်စပ်ကာ သရေခေတ္တရာတွင် အုပ်စိုးခဲ့သည့် ပျူမင်းဆက်အချို့ကို ဖော်ထုတ်နိုင်ခဲ့သည်။ အိုးပေါ်တွင်စာကြောင်းငါးကြောင်း ရေးထွင်းထားပြီး ပညာရှင်များက ယင်းစာလုံးများမှ ဿြီဒ္ဒေဝဝိကြမဖံး ၊ ဿြီဟရိဝိ(ကြမဖံး) ၊ ဿြီသိဟဝိကြမဖံး၊ ဿြီသူရိယဝိကြမဖံး၊ ဿြီဗြိ ထုဝိ ကြမဖံး၊ ဿြီဇတြတ ဝိကြမဖံး၊ ဿြီ(အာ)ဒိတျဝိကြမဖံး ဟူသည့် အမည်ခုနစ်ခုကို ဖော်ထုတ်နိုင်ခဲ့သည်။ အမည်များအားလုံးသည် ဿြီနှင့် စကာဖံးနှင့် ဆုံးထားကြပြီး စာကြောင်းရေ (၁) မှ ဿြီဒ္ဒေဝဝိကြမဖံးနှင့် စာကြောင်းရေ(၆) မှ ဿြီဇ တြတ ဝိကြမဖံး တို့မှလွဲ၍ ကျန်အမည်များသည် သရေခေတ္တရာကိုအုပ်စိုးခဲ့သော ပျူဘုရင်များ၏ အမည်များဖြစ်ကာ သရေခေတ္တရာတွင် ဝိကြမမင်းဆက် အုပ်စိုးခဲ့ကြောင်း ဖော်ထုတ်ခဲ့ကြသည်။

သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက ထိုဘုရင်များ၏ အမည်များအား ဒ္ဒေဝဝိကြမကို နတ်ချစ်သူ၊ ဟရိဝိကြမကို ဗိဿနိုးနတ်မင်း၏လက်ရုံး၊ သိဟဝိကြမကို ခြင်္သေ့ကဲ့သို့ ရဲရင့်သူ၊ သူရိယဝိကြမကို နေကဲ့သို့တောက်ပသူ၊ ဗြိထုဝိကြမကို အမိနတ်မင်းစောင်မသူ၊ ဇတြတဝိကြမကို အမျိုးတကာထိတ်လန့်သူ၊ အာဒိတျဝိကြမကို နေမျိုးအသရေဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

ဘုရားကြီးမှတွေ့ရှိခဲ့သော ကျောက်အိုးများတွင် ရေးထွင်းထားသောစာများနှင့် ဘုရားထောင်ကျောက်အိုးပေါ်မှ စာများသည် အက္ခရာပုံစံ တူညီနေကြသည်။ ဘုရားကြီးအနီးမှ ရရှိခဲ့သော ကျောက်အိုးတစ်လုံးစီပေါ်တွင် ဘုရင်တစ်ပါးစီ၏ အမည်ကိုသာ ရေးထွင်းထားသဖြင့် ဘုရင်အမည်များကို ရှေ့နောက်စဉ်ရန် ခက်ခဲခဲ့သော်လည်း ဘုရားထောင်ကျောက်အိုးကို ရရှိသော အခါတွင် အိုးတစ်လုံးတည်းပေါ်တွင် ဘုရင်အမည်များကို သက္ကရာဇ်စဉ်နှင့် ရေးထွင်းထားသဖြင့် သရေခေတ္တရာတွင် အုပ်စိုးခဲ့သော ဝိကြမမင်းစဉ်ဆက်ကို ခန့်မှန်းနိုင်ခဲ့ပေသည်။

ဘုရားထောင်အရိုးအိုးပါ ပျူစာများအား သမိုင်းပညာရှင်များဖြစ်ကြသည့် ဆရာကြီး ဒေါက်တာသန်းထွန်း၊ ဦးစံဝင်းနှင့် ဦးငြိမ်းမောင်တို့က ဖတ်ခဲ့ကြသည်။ ဘုရားထောင်အရိုးအိုးပါ ပျူသက္ကရာဇ်များကို ခရစ်နှစ်သို့ပြောင်းလဲ၍ ဘုရင်တို့ ကွယ်လွန်ခဲ့သည့် ခုနှစ်များကို ဖော်ထုတ်ရာတွင် ဆရာဦးစံဝင်း၏ အလိုအရ ဟရိဝိကြမသည် ခရစ်နှစ် ၃၆၀ ခုနှစ် တွင်လည်းကောင်း၊ သိဟဝိကြမသည် ခရစ်နှစ် ၃၆၃ ခုနှစ်တွင်လည်းကောင်း၊ သူရိယဝိကြမသည် ခရစ်နှစ် ၃၈၃ ခုနှစ် တွင်လည်းကောင်း၊ အာဒိတျဝိကြမသည် ခရစ်နှစ် ၄၀၃ ခုနှစ်တွင်လည်းကောင်း ကွယ်လွန်ခဲ့သည်ဟု ဖော်ထုတ်ခဲ့သည်။

ပျူသက္ကရာဇ်များကို ခရစ်နှစ်နှင့်ဖလှယ်ရာတွင် ကျောက်စာဖတ်ခဲ့သူများသည် သကနှစ်ကို သက္ကရာဇ်ဟု အဖတ်မှားခဲ့သဖြင့် ၁၉၉၃ ခုနှစ်တွင် ဦးစံဝင်းဖတ်ခဲ့သည့်အတိုင်း ပြင်ဆင်ရမည်ဖြစ်ကြောင်း သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။ သကနှစ်သည် ခရစ်နှစ် ၇၈ ခုနှစ်တွင် စတင်ခဲ့သဖြင့် သကနှစ်ကို ခရစ်နှစ်ဖလှယ်ရန် ၇၈ ပေါင်းထည့်ပေးရသည်။

ယနေ့အချိန်အထိ သရေခေတ္တရာ တစ်နေရာတည်းတွင်သာ တွေ့ရှိခဲ့ရသည့် ကျောက်ထွင်းအိုးများသည် မြန်မာနိုင်ငံတွင် အခြေချခဲ့ကြသော ပျူလူမျိုးများ၏ သင်္ဂြိုဟ်မြှုပ်နှံမှုဓလေ့နှင့်အတူ ပျူအက္ခရာအချို့နှင့် သရေခေတ္တရာ မင်းဆက်အချို့ကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ယင်းကျောက်ထွင်းအိုးများအနက် ဘုရားကြီးမှရရှိခဲ့သည့် ကျောက်အိုးလေးလုံးကို အရိုးအိုးများဟု ယေဘုယျအားဖြင့် လက်ခံထားကြသော်လည်း ဘုရားထောင်ကျောက်အိုးသည် ပညာရှင်များအကြား အရိုးအိုးဟုတ်မဟုတ် ယူဆချက်များ ကွဲပြားခဲ့သည်။ အချို့က အရိုးအိုးဟု ယူဆသကဲ့သို့ အချို့ကလည်း အရိုးအိုးမဟုတ်ဘဲ အလှူမှတ်တမ်းတစ်ခုသာဖြစ်ကြောင်း ယူဆခဲ့ကြသည်။

ယင်းပျူအရိုးအိုးများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းကာ ပြည်သူများကို ပြသထားသည်။ ပျူယဉ်ကျေးမှု၊ ပျူစာပေ၊ ပျူသမိုင်း စသည်ဖြင့် ပျူလူမျိုးများအကြောင်းကို စိတ်ဝင်စားကြသူများသည် ပျူခေတ်လက်ရာ ကျောက်ထွင်းအရိုးအိုးများကို ရန်ကုန်နှင့် နေပြည်တော်ရှိ အမျိုးသားပြတိုက်များနှင့် သရေခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက်များတွင် သွားရောက်ကြည့်ရှုလေ့လာနိုင်ကြပေသည်။ ။



**ကိုးကား**

**တွံဖံး၊ ဒွတ္တဘောင် (ဒေါက်တာသန်းထွန်း)**

**Dating the Hpayahtaung Pyu Stone U**

# ပြည်ပနှင့်ချိတ်ဆက်နိုင်မှ SMEs လုပ်ငန်းများ တိုးတက်လာမည်

**ရန်ကုန် မေ ၁၆**

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း(SMEs) များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံရှိ SMEs လုပ်ငန်းများအနေဖြင့် ပြည်ပစီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားနိုင်မှ တိုးတက်အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပန်းသဇ္ဇာမျိုးက ပြောသည်။

"ကျွန်မတို့မြန်မာနိုင်ငံက SMEs လုပ်ငန်းအများစုက ပြည်ပနိုင်ငံတွေနဲ့ အချိတ်အဆက် မရှိကြဘူး။ ဒီလိုမျိုး ပြပွဲတွေလုပ်တယ်။ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေ တွေ့ဆုံနိုင်အောင် ပြပွဲတွေလုပ်တယ်။ ပြည်ပနိုင်ငံတွေက သူတို့ရဲ့ Product ထုတ်ကုန်တွေ လာပြတယ်။ နှစ်ဖက်ရောင်းဝယ်မှုတွေ ပြုလုပ်တယ်ဆိုတာက နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများ တိုးတက်မှုအတွက် အထောက်အကူဖြစ်စေနိုင်မှာ ဖြစ်ပါတယ်" ဟု ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ မေ ၁၃ ရက်က ပြုလုပ်သော ထိုင်းနိုင်ငံရှိ ဟိုတယ်အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်း ပြပွဲ(3rd HORECA Bizmatch Fair)၌ ပြောကြားသည်။ ယင်းကဲ့သို့ ပြပွဲများကို ထိုင်းနှင့်သာမက စင်ကာပူ၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဝန်ကြီးက ပြောသည်။

"ကျွန်မတို့ ဒီတွေ့ဆုံမှုကနေ နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်သွားနိုင်မှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံဟာ မြန်မာနိုင်ငံရဲ့အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း တိုက်ရိုက်ထိတွေ့လုပ်ဆောင်ခြင်းဖြင့် နှစ်ဖက်အကျိုး အမြတ်ရလဒ်တွေရရှိစေနိုင်မှာဖြစ်ပါတယ်"ဟု ထိုင်းနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားရေးမှူး မစ္စအေမာပွန်းဖူထရာကူးလ်က ပြောသည်။

အဆိုပါ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲသို့ ထိုင်းနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ ထိပ်တန်းကုမ္ပဏီကြီး ၁၉ ခုက ဟိုတယ်လုပ်ငန်းသုံးဆိုင်ရာပစ္စည်းများ လာရောက်ပြသခဲ့ရာ မြန်မာစီးပွားရေးလုပ်ငန်းရှင် များ စိတ်ဝင်တစား လာရောက်ကြည့်ရှုကြပြီး အသေးစိတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးနှင့်တကွ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။ ယင်းပြပွဲကို ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ ကူညီမှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**



## ပညာရေးကဏ္ဍတွင် အိုင်စီတီအသုံးပြုမှု စာတမ်းဖတ်ပွဲကျင်းပ

**မန္တလေး မေ ၁၆**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် SEAMEO Regional Centre For Higher Education and Development (RIHED) တို့ ပူးပေါင်း၍ Regional Seminar on SEA- HiEd 2016: Digitalisation Era for University Education စာတမ်းဖတ်ပွဲကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မေ ၁၃ ရက်က ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲသို့ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆီမီယို (SEAMEO)အဖွဲ့အစည်းမှ စာတမ်းရှင်များ၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်ပညာရေးကဏ္ဍကိုယ်စားလှယ်များ တက်ရောက်ကြပြီး အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ကိုရီးယားသမ္မတနိုင်ငံ National Institute for lifelong Education, Republic of Korea မှ President Dr.Youngwha Kee က ကိုရီးယားနိုင်ငံ၏ အဆင့်မြင့်ပညာရေးတွင် ICT အသုံးပြုမှုအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံအသီးသီးမှ စာတမ်းရှင်များက မိမိတို့နိုင်ငံအလိုက် အဆင့်မြင့်ပညာရေးကဏ္ဍတွင် ICT အသုံးပြုမှုနှင့်ပတ်သက်၍ စာတမ်းများကို ဖတ်ကြားခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးခွန်းများကိုလည်း စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဒေသခံပြည်သူများ အသုံးပြုနေသည့် မေတ္တာကန်ကို စုပေါင်းတူးဖော်

**မလှိုင် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဖက်တောကျေးရွာမှ ပြည်သူများ အသုံးပြုနေသည့် ရေကန်ဖြစ်သော ဖောင်တော်ဦးဘုန်းကြီး ကျောင်းဝင်းအတွင်းရှိ မေတ္တာကန်ကို မေ ၁၀ ရက်မှစတင်၍ ဒေသခံပြည်သူများ စုပေါင်းပြီး ပြန်လည်ပြုပြင်တူးဖော်ခဲ့ကြောင်း သိရသည်။

"ဒီကန်က ဒီနှစ်မှ ရေခန်းတာပါ။ အရင်နှစ်တွေက ရေပြတ်တယ်မရှိပါဘူး။ ပတ်ဝန်းကျင်ကျေးရွာတွေက ဒေသခံတွေ အမြဲအသုံးပြုနေတဲ့ကန် ဖြစ်ပါတယ်။ ရွာထဲမှာ ရေတွင်းတွေရှိပေမယ့်လည်း တချို့က ဒီကန်ရေကိုပဲ တကူးတက လာယူသုံးကြပါတယ်။ အများသုံးနေတဲ့ကန်ဖြစ်လို့ ရေပြတ်ချိန် ခုလိုစုပေါင်းဆယ်ယူရခြင်း ဖြစ်ပါတယ်။ ဒီအပြင် ငွေကြေးပြည့်စုံရင် ဆရာတော်ဦးဆောင်ပြီး ကန်ပေါင်ကျောက်စီဖို့လည်း စီစဉ်ထားပါသေးတယ်"ဟု လယ်ကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဦးက ပြောသည်။



အဆိုပါရေကန်မှာ ဘုရားပရိဝုဏ်အတွင်းမှ ကျရောက်သောရေများကိုသာ သိုလှောင်ထားသည့် ကန်ဖြစ်ပြီး ယခုအခါ ရေများခန်းခြောက်နေသဖြင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် လယ်ကြီး၊ ဖောင်ရိုးတော၊ ဖက်တော၊ ကြာကန်၊ ရွာတန်း၊ တဲတိုက်ကြီး စသည့် ကျေးရွာများမှ တစ်ရွာလျှင် ၁၀ ဦးနှုန်းဖြင့် ဆရာတော်ဦးဆောင်ပြီး မိုးမကျမီပြီးစီးအောင် ပြန်လည်ဆယ်ယူနေခြင်းဖြစ်သည်။

**အောင်ဌေး(မလှိုင်)**

## သဘာဝဘေးကြိုတင်ကာကွယ်ရေး သင်တန်းဖွင့်လှစ်

**ဆိပ်ဖြူ မေ ၁၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက စီစဉ်သည့် အယ်နီညို သဘာဝဘေးဆိုင်ရာ ကြိုတင်တားဆီးကာကွယ်ရေး ပညာပေးသင်တန်းကို မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ မေ ၁၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ဆိပ်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးမင်းဇော်က အယ်နီညိုရာသီဥတုကြောင့် မွေးမြူရေးတိရစ္ဆာန်များတွင် နောက်ဆက်တွဲ ဆိုးကျိုးများ ဘေးအန္တရာယ်များ မကျရောက်စေရေးအတွက် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် ဒုတိယဦးစီးမှူး ဒေါက်တာမြတ်ထန်ဝင်းတို့က သင်တန်းသားများအား အယ်နီညိုရာသီဥတုကြောင့် မွေးမြူရေးတိရစ္ဆာန်များတွင် ဖြစ်ပွားနိုင်သော နောက်ဆက်တွဲ ဆိုးကျိုးများနှင့် ဘေးအန္တရာယ်များ၊ ကာကွယ်ရေးနည်းလမ်းများ၊ မွေးမြူထားရှိသည့် တိရစ္ဆာန်များအတွက် အစားအစာ စနစ်တကျထိန်းသိမ်းရေးနည်းလမ်းများ၊ တိရစ္ဆာန်များအတွက် လိုအပ်သည့် အာဟာရဇေဒပြုလုပ်နည်းစသည်တို့ကို သင်ကြားပို့ချခဲ့သည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ မှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# ရွေ့လျားဆေးအဖွဲ့များက ကျေးရွာများသို့ကွင်းဆင်း၍ တီဘီဝေဒနာရှင်များ ရှာဖွေကုသ

**ကန့်ဘလူ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ကျေးရွာများသို့ ကွင်းဆင်း၍ တီဘီဝေဒနာရှင်များ ရှာဖွေဖော်ထုတ် ကုသပေးခြင်းကို ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး တီဘီတိုက်ဖျက်ရေးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး တီဘီတိုက်ဖျက်ရေးဌာနမှ ဒေါက်တာအောင်ကျော်စိုး ဦးဆောင်သည့် ရွေ့လျားဆေးအဖွဲ့(Mobile Team)များက ရောဂါသုံးမျိုးရန်ပုံငွေအစီအစဉ်



(3D Fund)ဖြင့် ကျေးရွာများအရောက် ကွင်းဆင်းပြီး ရှက်ပုန်းသီးတီဘီလူနာများ ရှာဖွေဖော်ထုတ်ခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

မေ ၆ ရက်က ကန့်ဘလူမြို့နယ် တောက္ကရုပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ တီဘီသံသယလူနာ ၁၅၄ ဦးကို ဓာတ်မှန်ရိုက်စစ်ဆေးပေးပြီး ၂၆ ဦးကို သလိပ်စစ်ဆေးပေးခဲ့ကာ သလိပ်ပိုးတွေ့လူနာတစ်ဦးအပါအဝင် စုစုပေါင်းလူနာ ၁၁ ဦးကို ဆေးကျွေးကုသခဲ့ကြောင်း မြို့နယ်တီဘီတိုက်ဖျက်ရေးဌာနမှ သိရသည်။ မေ ၂ ရက်မှ ၆ ရက်အထိအတွင်း မြို့နယ်အတွင်းရှိ မလယ်၊ ဇီးကုန်း၊ မဲသည်၊ ကိုးထောင်ဘို့၊ ချပ်သင်းနှင့် တောက္ကရုပ်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ စုစုပေါင်းတီဘီသံသယ လူနာ ၆၆၀ ဦးကို ဓာတ်မှန်ရိုက်စစ်ဆေးပေးနိုင်ခဲ့ပြီး ၂၁၉ ဦးကို သလိပ်ပိုးစစ်ဆေးပေးနိုင်ခဲ့ကြောင်းနှင့် ပိုးတွေ့လူနာ ကိုးဦးအပါအဝင် စုစုပေါင်းလူနာ ၆၇ ဦးကို တီဘီရောဂါရှင်အဖြစ် ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသပေးရာတွင် ကုသမှုလုပ်ငန်းများ အဆင်ပြေလွယ်ကူစေရေးအတွက် သက်ဆိုင်ရာ ကျေးရွာများရှိ ကျေးလက်ကျန်းမာရေးဌာန ဆရာမများက လူနာများကို ကြိုတင်ရှာဖွေရာတွင် ကျေးရွာအုပ်ချုပ်ရေး မှူးများနှင့် အဖွဲ့ဝင်များက ကန့်ဘလူမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံအုပ် ဒေါက်တာနေမိုးနှင့်ဝန်ထမ်းများ၊ တီဘီတိုက်ဖျက်ရေး ဆရာ ဆရာမများ နှင့် လူမှုရေးအဖွဲ့အစည်းများက လုပ်ဆောင်မှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## သတင်းတို

### သောက်သုံးရေရှားပါးသည့်ကျေးရွာများအရောက် သွားရောက်လှူဒါန်း

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်နေသော ကယန်းကြခူကျေးရွာနှင့် နွားလဝိုးစံပြကျေးရွာများသို့ ကယားပြည်နယ် ရဲတပ်ဖွဲ့က သောက်သုံးရေများကို မေ ၁၃ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ ကယားပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးကြီးမိုးမောင်သန်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင် ၉၀ တို့က ရေများလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ရေလှူဒါန်းရာတွင် ကယန်းကြခူကျေးရွာနှင့် နွားလဝိုးစံပြကျေးရွာများမှ လူဦးရေ ၁၀၀၀ နီးပါးအတွက် သောက်ရေသန့်ဘူး ၅၄၀ နှင့် ရေဂါလန် ၉၀၀၀ ကို လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# မိုးကြိုကာလ ရေကြောင်းဘက်ဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေး

**ကော့သောင်း မေ ၁၆**

မိုးလေဝသသတင်းများအရ များမကြာမီကာလတွင် ကျရောက်လာမည့် မုတ်သုံရာသီ၌ မြန်မာနိုင်ငံ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းများ ဖြစ်ပွားလာနိုင်ချေရှိသဖြင့် ရေလုပ်ငန်းလုပ်ကိုင်သူများ၊ ရေကြောင်းခရီးသွားလာမည့်ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရန် မိုးကြိုကာလ ရေကြောင်းဘက်ဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးပွဲတစ်ရပ်ကို ကော့သောင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ မေ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ပညာပေးဆွေးနွေးပွဲတွင် ကော့သောင်းခရိုင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းဦးက ခရိုင်အတွင်း ရေလုပ်ငန်းလုပ်ကိုင်သူများ၊ ရေကြောင်းခရီးသွားလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများ၊ ရေကြောင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သူများနှင့် ရေယာဉ်နှင့်ပတ်သက်သည့် အဖွဲ့အစည်းများ၊ ပြည်သူများသို့ မိမိတို့၏ လုပ်ငန်းသုံးရေယာဉ်များ ကြံ့ခိုင်မှုရှိရေး၊ ကျွမ်းကျင်ဝန်ထမ်းများ အသုံးပြုရေး၊ ရေယာဉ်များတွင် သတ်မှတ်ထားသည့် အသက်ကယ်အင်္ကျီနှင့် မီးသတ်ကိရိယာများပြည့်စုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေး၊ ကောင်းမွန်သည့် ဆက်သွယ်ရေးစနစ်များ ပြည့်စုံစွာတပ်ဆင်အသုံးပြုကြရေး၊ မိုးလေဝသ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရယူသိရှိပြီးမှ ရေယာဉ်ထွက်ခွာကြရေး၊ ခရီးသည်တင်ရေယာဉ်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တင်ဆောင်ထွက်ခွာကြရေး၊ ရေယာဉ်များ ဆိပ်ကမ်းဆိုက်ကပ်ထားစဉ်နှင့် ရေပြင်တွင် ခုတ်မောင်းနေစဉ် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက အရေးပေါ်ဆောင်ရွက်နိုင်ရန် နည်းလမ်းများကို အသိပညာပေးဆွေးနွေးခဲ့သည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် ရေယာဉ်နှင့်ပတ်သက်သည့်အဖွဲ့အစည်းများ၊ ပြည်သူများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ဆွေသဟာ
ကြိုက်တဲ့အချိန်ပြောပါ
နာရီတိုင်းမှာ
၅ မိနစ်စာ
အားလုံးကနှစ်သက်ကြလို့ ပုံစံသစ်နဲ့ ထပ်လာပါပြီ
၁၅၀၀ ကျပ်ဖြင့် နာရီတိုင်းမှာ ၅ မိနစ်စာကို ရယူဖို့
*555#
ဆွေသဟာရဲ့၅၅ မိနစ် အခမဲ့ပြော အစီအစဉ်သည် မိနစ် ၆၀ အတွင်း ဆက်တိုက် ဖုန်းခေါ်ဆိုမှု အားလုံးအတွက်ဖြစ်ပြီး အောက်ပါအတိုင်းသတ်မှတ်ထားပါသည်။
နာရီတိုင်းမှာ ငါးမိနစ်စာ ဝန်ဆောင်မှု ရယူခြင်းအတွက် ၁၅၀၀ ကျပ် ကျသင့်မည်ဖြစ်ပြီး တစ်ကြိမ်ရယူတိုင်း ရက် ၃၀ အသုံးပြုခွင့်ရရှိပါမည်။
ဤအစီအစဉ်ကို ပရိုမိုးရှင်းကာလအတွင်း အကန့်အသတ်မရှိ ရယူသုံးစွဲနိုင်ပါသည်။
မည်သည့်အချိန်တွင်မဆို နာရီတိုင်းမှာ ငါးမိနစ်စာ အစီအစဉ်ကို အသုံးပြုနိုင်ပါသည်။
ဖုန်းတစ်ခါခေါ်တိုင်း တစ်နာရီအတွင်းဆက်တိုက်ပြောဆိုမှုများအတွက် ပထမ (၅) မိနစ်စာအတွက်သာ ကျသင့်မည်ဖြစ်ပြီး နောက်ထပ်(၅၅) မိနစ်အထိ အခမဲ့ပြောဆိုနိုင်ပါသည်။
ဆက်တိုက်ခေါ်ဆိုမှု မိနစ် ၆၀ ထက် ကျော်လွန်သွားပါက ပုံမှန်နှုန်း ၁မိနစ် ၂၃ ကျပ် ကျသင့်မည်ဖြစ်ပါသည်။
ဤအစီအစဉ်သည် MPT ဖုန်းအချင်းချင်းခေါ်ဆိုရန် အတွက်သာဖြစ်ပါသည်။
ဆွေသဟာကို အခမဲ့စာရင်း ပေးသွင်းဖို့ "SWE" ဟု 1332 သို့ SMS ပေးပို့လိုက်ပါ။
ဤအစီအစဉ်ကို ၂၀၁၆ ခုနှစ် မေလ (၉) ရက်နေ့ မှ ထပ်မံမကြေညာခင် အချိန်ထိ အသုံးပြုနိုင်ပါသည်။
* ၂၀၁၆ ဧပြီလ ၁ ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday


AYA Credit Cards
Exclusive Deals & Discounts for Cardholders
AYA Bank
MPU
TUN TUN
Life is a Celebration
Golden Pot (MDY) 10% 10% 10% (Total Bill)
House of Singapura (YGN) 10% 10% 10% (Food Only)
Tom Yam Koong (MDY) 10% 10% 10% (Food Only)
I Bar Cafe (MDY) 10% 10% 10% (Food Only)
Café JJ (MDY) 10% 10% 10% (Food Only)
Cafe Inle (MDY) 10% 10% 10% (Total Bill)
Cafe Caesar (YGN) 10% 10% 10% (Total Bill)
Snow Factory (YGN) 10% 10% 10%
Tony Roma's Myanmar (YGN) 5% 10% 15% (Total Bill)
Café Summit (MDY) 5% 10% 10% (Food Only)
Fudo Cake (MDY) 5% 5% 10%
Koffee Korner (MDY) 5% 5% 10% (Food Only)
Nervin Cafe (YGN) 5% 5% 10%
Jasper House (YGN) 5% 5% 5% (Food Only)
The Manhattan Fish Market (YGN) 5% 5% 5%
30% off on desserts for all days with an order of regular A la carte
5% off on total bill from monday to friday
Bulgogi Brothers (YGN) 5% 5% 5% (Food Only)
Feel Group 5% 5% 5% (Only food and not including breakfast)
MIX Restaurant & Bar (YGN) 5% 5% 5% (Food Only)
Taste -1 & 2 (YGN) 5% 5% 5% (Food Only)
Ko's Kitchen (MDY) 5% 5% 5%
Thai 47 (YGN) 5% 5% 5% (Total Bill)
KKS B.B.Q (YGN) 5% 5% 5% (Total Bill)
Yummy Rotating Hotpot (MDY) 5% 5% 5%
5% 10% 20%
Warr Yeik Mon (YGN & MDY) 5% 5% 5%
SP Barkey (all outlets) 5%
Dinette Chinese & Thai Food (MDY) 5% 10% 15% (Food Only)
Fish & Co. (YGN) 5% (Total Bill)
Bur Dubai (YGN) 5% 10% 15% (Food Only)
SUZUKI (YGN & MDY) 5% 10% 10% (Total Bill)
Thai - Shan Restaurant (MDY) 5% 10% 10% (Food Only)
FATMAN (YGN) 5% 10% 10%
Vanilla Garden (MDY) 5% 5% 5% (Total Bill)
BIIO Cafe & Bistro Bar (YGN) 5% 5% 5% (Total Bill)
The Warehouse (YGN) 5%
Unique Bar & Restaurant (MDY) 5% 5% 10% (Food Only)
Nika (MDY) 5% 10% 15% (Only Food & KTV Rooms)
The Phayre's Gastronomy Bar (YGN) 3% 3% 3% 3% + daily promotion items
Dr. Parinya (MDY) 40% 40% 40%
My Princess Clinic (YGN) 5% 5% 5%
Image Hair & Beauty Spa (YGN) 15% 15% 15%
Clara International (YGN) 10% 10% 10%
Dr. Face (YGN) 5% 5% 5%
Queen Clinic
The Queen Clinic (YGN) 5% 5% 5%
Move Myanmar Gym (YGN) 5% 5% 5%
Yves Rocher Myanmar (YGN & MDY) 5%
Monument Books & Toys (YGN & MDY) 5%
MYOE GYI THU
Myoe Gyi Thu Silk & Kalaeatahan Slippers (YGN) 5% 5% 10%
Toe Nay Yar (MDY) 5% 5% 5%
B.COOL JEANS (YGN) 5% 5% 5%
Mama Bella Mum's Fashion (YGN) 5% 5% 5%
iora
Iora Ladies Wear (YGN & MDY) 5% 5% 5%
mDrive Mobile (YGN) 5% 5% 10%
Anycall
Anycall Mobile (all outlets) 5% 5% 10% (Only phones accessories)
Telemobile mobile phone centre
Telemobile (MDY) 5% 5% 5% (Only phones accessories)
e-city
e-city (all outlets) 5% 5% 10% (Only phones accessories)
Yee Shin Mobile (MDY) 5% 5% 5% (Only phones accessories)
Singtech (YGN) 5% 5% 5% (Only singtech phones & other accessories)
Gossip (MDY) Cafe & Restaurant 5% 5% 5%
mobile mother
Mobile Mother (MDY) 5% 5% 5% (phones sale, service & accessories)
YaDaNaR
Yadanar Beauty Salon (MDY) 10% 10% 10%
Vista Bar (YGN) 10% 10% 10% (Food only)
Dr. Fish (YGN) 10% 10% 10% Fish Spa & Foot Care
AYA Bank
အေယာဘဏ်
Terms & Conditions apply on all above offers. All information is correct at the time of printing. Terms & Conditions are applicable to all benefits, programmes and entitlements. For more information, please like our Facebook Page or visit our website.
www.facebook.com/ayabank
Silver
Gold
Platinum
www.ayabank.com.mm


ဒပ်(ဖ်) - ဆံကေသာကို ၁၀ဆ
ပိုမိုသန့်စွမ်းစေသည်
Dove
ပျက်စီးနေသော ဆံကေသာကို
ပြုပြင်ပေးမည့် No.1 ပညာရှင်
မြန်မာနိုင်ငံကို ရောက်ရှိနေပါပြီ။
Dove
Dove hairtherapy
DAMAGE SOLUTION
total damage treatment
conditioner
shampoo
total hair fall treatment
WITH TRICHAZOLE

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ZELS: Myanmar Pig Partnerdship Project အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းရှိ ဗက်တီးရီးယားဌာနစိတ်ငယ်၏ အခန်းလေးခန်း၊ စုစုပေါင်းအကျယ် (၉၇၆ စတုရန်းပေ)အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် ဝယ်ယူဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ၂၀-၅-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီမှစ၍ နောက်ဆုံးထား၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာများဝယ်ယူနိုင်ပြီး ၃၀-၅-၂၀၁၆ရက် ညနေ၄း၀၀နာရီ နောက်ဆုံးထား၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်။

**ရုံးအမှတ်(၃၆)၊ သုတေသနနှင့်ရောဂါထိန်းချုပ်ရေးဌာနခွဲ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၄၆၃၊ ၀၆၇-၄၀၈၁၉၈၊ ၀၉-၄၉၅၈၇၁၄**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ် 1T(C/RB)/PROCUREMENT/REINFORCED STEEL BAR/2016-2017**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော သံချောင်းလုံး (Reinforced Steel Bar)အရွယ်စုံ မက်ထရစ်တန်(၃၀၀၀)ကို ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးရုံး၊ ရန်ကုန်မြို့ရှိ တံတားလေး သိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၆-၅-၂၀၁၆ ရက် (ရုံးချိန်အတွင်း)
၃။ **သံချောင်းလုံးနမူနာ နောက်ဆုံးပေးပို့ရမည့်ရက်** - ၃၀-၅-၂၀၁၆ ရက် ၁၆း၀၀နာရီ
၄။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၅-၂၀၁၆ရက် ၁၆း၀၀နာရီ
၅။ **တင်ဒါဖွင့်မည့်ရက်** - ၁၄-၆-၂၀၁၆ရက် (တင်ဒါဖွင့်လှစ်မည့်အချိန်အား အကြောင်းကြားပါမည်။)
၆။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
၇။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၉-၈၆၃၄၅၃၄**

---

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## ကတ္တရာအရည်ပြည့်တန်(၁၅၀၀)ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ လမ်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သောကတ္တရာ အရည်ပြည့် တန်(၁၅၀၀)ဝယ်ယူမည်ဖြစ်ပါသဖြင့် တင်ဒါအောင်မြင်ပြီး ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်းဆောင်ရွက်မည်ဖြစ်ပါသည်-
(က) **တင်ဒါစတင်လက်ခံမည့်ရက်**- ၂၀-၅-၂၀၁၆ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၆-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁း၀၀ နာရီ
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင်၂၀-၅-၂၀၁၆ရက်မှစတင်၍ တင်ဒါပုံစံတစ်စုံလျှင်(၁၀၀၀၀ိ/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**ဌာနမှူး**
**လမ်းတံတားဌာန**

---

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
## တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော မြန်မာ့မီးရထားပိုင် မြို့ကွင်းတံတား၏ ၁-၆-၂၀၁၆ ရက်မှ ၃၁-၅-၂၀၁၉ အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၃)နှစ်လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား** - မြို့ကွင်းတံတား
(ခ) **ဈေးနှုန်းတင်သွင်းလွှာနှင့်စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ** - မန်နေဂျာ (သွားလာရေး/တိုင်း) အမှတ်(၉) တိုင်းရုံး၊ ဟင်္သာတမြို့
(ဂ) **အိတ်ဖွင့်တင်ဒါလေလံတင်သွင်းရမည့်နေ့ရက်နှင့်အချိန်** - ၂၅-၅-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ** - မန်နေဂျာ (သွားလာရေး/တိုင်း)၊ အမှတ်(၉) တိုင်းရုံး၊ ဟင်္သာတမြို့
(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်** - ၂၅-၅-၂၀၁၆ ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၀၀ နာရီ
(စ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ** - ပုသိမ်ဘူတာ အရေးကြီးပုဂ္ဂိုလ်နားနေခန်း

**မှတ်ချက်။** အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ၁၇-၅-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း မန်နေဂျာ (သွားလာရေး/တိုင်း)၊ အမှတ်(၉)တိုင်းရုံး၊ ဟင်္သာတမြို့တွင် ဝယ်ယူနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**
**အမှတ် (၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် (၀၁/၂၀၁၆-၂၀၁၇) (၃-၆-၂၀၁၆)**

## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် ပြည်ပရောင်းဌာနမှ သစ်မာ/ကျွန်းသစ်လုံးများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-
(က) **ရောင်းချမည့်ရက်** - ၃-၆-၂၀၁၆ ရက် (သောကြာနေ့)
(ခ) **ရောင်းချမည့်အချိန်** - မွန်းလွဲ ၁၃း၀၀နာရီ
(ဂ) **ရောင်းချမည့်သစ်အမျိုးအစားနှင့်တန်** - သစ်မာသစ်လုံး ၂၃၁၂လုံး ၃၃၅၂.၀၀၈တန်၊ ကျွန်းသစ်လုံး ၅၁၇လုံး ၂၇၀.၈၀၈ တန်၊
(ဃ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၉၀၁၀၇၃၅ နှင့် ၀၉-၄၃၂၀၂၅၄၄ သို့ စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

---

## ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)
## ဟောပြောပွဲကျင်းပမည်

| | |
|---|---|
| Title | : Road map for successful IPO |
| Main speaker | : U Thet Htun Oo(Senior Executive Manager, Yangon Stock Exchange) |
| Panel members | : U Win Thin (Patron, Commerce Graduate's Association) |
| | : U Moe Kyaw (Secretary Commerce Graduate's Association) |
| | : U Than Saw (MICPA EC Member) |
| Date & Time | : 22 May 2016 (Sunday) from 8:00 to 12:00 noon |
| Location | : OAG Training Hall |
| Contracts Phone | : U Aung Naing Tun - Ph:421102282 Office: 01-8610362, MICPA Office - Ph : 31718149 |

---

## ၂၀၁၆ခုနှစ် မြန်မာဟာဂျီလောင်းများ ဟဂ်ျစေလွှတ်ရေးကိစ္စ
## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆ခုနှစ် ဟဂ်ျစေလွှတ်ရေးကြီးကြပ်မှုကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၆ခုနှစ်အတွက် ဟဂ်ျခွဲတမ်းရရှိသည့် မြန်မာဟာဂျီလောင်း(၂၈၀)ဦးအား ဟဂ်ျခရီးစဉ်ပို့ဆောင်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားပြီး၊ ဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံး၏ 'မော်နာဇင်ကတ်'နှင့် 'ဟဂ်ျခွဲတမ်း'တရားဝင်ရရှိထားသော ခရီးသွားကုမ္ပဏီများမှ ချိပ်ပိတ်တင်ဒါများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။
၂။ (က) တင်ဒါစည်းကမ်းနှင့်ပုံစံများကို တစ်စုံလျှင်(၅၀၀၀)ကျပ်နှုန်းဖြင့် အမှတ် ၁၈၄ သုံးလွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဟဂ်ျစေလွှတ်ရေးကြီးကြပ်မှုကော်မတီရုံးခန်း)တွင် ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။
(ခ) တင်ဒါစည်းကမ်းနှင့်ပုံစံကို ၂၀-၅-၂၀၁၆ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ချိပ်ပိတ်တင်ဒါကို ၃၁-၅-၂၀၁၆ရက် မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ပုံစံဝယ်ယူသည့်ရုံးခန်းတွင်ပင် တင်သွင်းရပါမည်။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသော တင်ဒါများနှင့်စည်းကမ်းချက်နှင့် ညီညွတ်ပြည့်စုံမှုမရှိသော တင်ဒါများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
(ဂ) စိစစ်ရွေးချယ်ခံရသော တင်ဒါအောင်မြင်သော ခရီးသွားလုပ်ငန်းကုမ္ပဏီအား ၃၁-၅-၂၀၁၆ရက် ညနေ ၄း၀၀နာရီခန့်တွင် အတည်ပြုကြေညာသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ဟဂ်ျကြီးကြပ်ရေးကော်မတီ၏ ရွေးချယ်မှုသည် အပြီးသတ်အဆုံးအဖြတ်ဖြစ်ပါသည်။

**၂၀၁၆ခုနှစ် ဟဂ်ျစေလွှတ်ရေးကြီးကြပ်မှုကော်မတီ**

---

## CLAIMS DAY NOTICE
## M.V TRANS FUTURE 5 VOY:NO(426)

Consignees of cargo carried by M.V TRANS FUTURE 5 VOY: NO(426) are here by notified that the vessel will arrive on about 18-5-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## ဥယျာဉ်ခြံမြေရောင်းမည်

ရန်ကုန်မြို့နှင့်အနီးဆုံး၊ အမြန်လမ်း(၁၁)မိုင်မှကားနှင့် တိုက်ရိုက်သွားနိုင်သောဂုတ်ခြံ သုံးရေကန်ကြီး(၂)ကန်ပါရှိပြီး စိုက်ပျိုး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံထားရန် အကောင်းဆုံး ပိုင်ရှင်အမည်ပေါက် ဥယျာဉ်ခြံမြေ ၁၄၅ဒသမ၅ ဧကနှင့် R3လယ်မြေ(၅၀)ဧက(အခြားနည်း သုံးစွဲခွင့်လျှောက်လို့ရသည်)တို့အား ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။

**ဖုန်း-၀၉-၅၁၈၀၁၇၄၊ ၀၉-၇၉၄၉၂၈၆၉၉၊ ၀၉-၂၅၀၀၇၂၅၇၅**

---

**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်**
**အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်မှ ကုန်ကြမ်းသစ်လုံးခွဲသား (ကျွန်း/သစ်မာနှင့် အခြားသစ်) တန် ၁၂၁၄.၅၄၄ အား အသင်းဝင်များသို့ အောက်ပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-
(က) **ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)
(ခ) **ရောင်းချမည့်အချိန်** - မွန်းလွဲ ၂း၀၀နာရီ
(ဂ) **ရောင်းချမည့်နေရာ** - အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ UMFCCI Tower(7 Flr)၊ လမ်းမတော်မြို့နယ်
၂။ အသေးစိတ်အချက်အလက်များအား မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းချုပ် ဖုန်း-၀၉-၈၅၅၃၂၉၈နှင့် Email-mfpmf.5june@gmail.com တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သစ်လေလံစီမံခန့်ခွဲမှုဆပ်ကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကယားပြည်နယ်အစိုးရအဖွဲ့**
**ကယားပြည်နယ်အတွင်းရှိ အခြေခံကျောင်းများတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင် အခြေခံပညာကျောင်းများ၌တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | မြို့နယ် | လုပ်ငန်းအရေအတွက် |
|---|---|---|
| ၁။ | လွိုင်ကော် | ၉ |
| ၂။ | ဒီးမော့ဆို | ၁၄ |
| ၃။ | ဖရူဆို | ၂၉ |
| ၄။ | ရှားတော | ၄ |
| ၅။ | ဘောလခဲ | ၇ |
| ၆။ | ဖားဆောင်း | ၄ |
| ၇။ | မယ်စဲ့ | ၃ |
| ၈။ | မြို့နယ်အားလုံးအတွက် စာရေးခုံ ခုံမြင့် ၂၆၅ စုံ၊ ခုံနိမ့် ၁၉၉၉ စုံ | |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၅-၂၀၁၆ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၅-၂၀၁၆ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်သည်။
၃။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါသွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ပြည်နယ်ပညာရေးမှူးရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့
၄။ အသေးစိတ်သိရှိလိုသော အချက်များကို ဖုန်း-၀၈၃-၂၁၀၂၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ပြည်နယ်ပညာရေးမှူးရုံး၊ ကယားပြည်နယ်**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7J/4616 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သုနန္ဒာ(၁)လမ်း၊အမှတ်၇၁၁ နေ ကျွန်တော်ဦးအေးချို ၁၂/ဥကမ(နိုင်)၁၁၄၄၆၂သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ၁၉၉၆ခုနှစ် စာချုပ်အမှတ် ၃၄၀၀ဖြင့် တရားဝင်မှတ်ပုံတင်သုံးစွဲခဲ့ပါသည်။




ကျွန်တော်ဦးအေးချိုသည် အထက်ပါပန်းနုဝေ အဆင့်မြင့်ဖိနပ်များဟူသောအမည်နှင့် ကုန်အမှတ် တံဆိပ်အား အထက်ဖော်ပြပါပန်းခြင်းများကို ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ခဲ့ပြီး ရဟန်းစီး၊ ယောကျ်ား စီး၊ အမျိုးသမီးစီး၊ ကလေးစီးများကို ပန်းနုဝေ ကုန်အမှတ်တံဆိပ်ကို ဖိနပ်များတွင်ကပ်နှိပ်၍ ဖြန့်ချိ ဖြန့်ဖြူးခဲ့ပါသည်။

ကျွန်တော်၏ ပန်းနုဝေဖိနပ်များတွင်လည်း အောက်ခံဆိုးပြားများတွင် ပန်းနုဝေဟု မြန်မာ စာလုံးဖြင့်လည်းကောင်း၊ PNW ဟူ၍ အင်္ဂလိပ်စာလုံးအတိုကောက်ဖြင့်လည်းကောင်း၊ အသား တံဆိပ်များဖြင့် ပန်းနုဝေဖိနပ်များတွင် ထုတ်လုပ်ဖြန့်ချိရောင်းချနေခဲ့ပါသည်။

ယခုအခါတွင် ကျွန်တော်၏ ပန်းနုဝေဖိနပ်များကို မသမာသူများမှ ပန်းနုဝေဟု မြန်မာစာဖြင့် လည်းကောင်း၊ PNW ဟု အင်္ဂလိပ်စာလုံးအတိုကောက်ဖြင့်လည်းကောင်း၊ အသားတံဆိပ်များမပါရှိသော ဖိနပ်အောက်ခံဆိုးပြားများကို ပန်းနုဝေဖိနပ်များအောက်တွင် ကပ်လျက်ပြုလုပ်ရောင်းချ ဖြန့်ချိနေသူများကို တွေ့ရှိနေရပါသည်။

ထိုကဲ့သို့ ပြုလုပ်ရောင်းချနေသူများသည် မူလလက်ဟောင်း၊ ပန်းနုဝေ ဖိနပ်လုပ်ငန်းပိုင်ရှင် ဦးအေးချို၏ အကျိုးစီးပွားများကို ပျက်စီးစေသည်ဖြစ်ပါ၍ မည်သူကိုမဆို တွေ့ရှိပါက တည်ဆဲ ဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အထူးမေတ္တာရပ်ခံချက်**

ပန်းနုဝေဖိနပ်များ၏ အောက်ခံဆိုးပြားများပေါ်တွင် ပန်းနုဝေမြန်မာစာဖြင့်လည်းကောင်း၊ PNW ဟု အင်္ဂလိပ်စာလုံးအတိုကောက်ဖြင့်လည်းကောင်း မပါရှိသည့်ဖိနပ်များသည် အရေအသွေး မမီသည့် အတုအပဖိနပ်များသာဖြစ်ပါ၍ ဝယ်ယူရောင်းချသူ မိဘပြည်သူအပေါင်းမှ အရောင်းမှား အဝယ်မှား မဖြစ်စေရန် ပန်းနုဝေဖိနပ်လုပ်ငန်းပိုင်ရှင်ဖြစ်သူ ဦးအေးချိုမှ အထူးမေတ္တာရပ်ခံအပ်ပါသည်။

**ဦးအေးချို ၁၂/ဥကမ(နိုင်)၁၁၄၄၆၂**
**ပန်းနုဝေ ဖိနပ်လုပ်ငန်း(ရန်ကုန်မြို့)**




# အမြန်အလိုရှိသည်

တောင်ပေါ်သားရီရှင်း(စိုက်ပျိုးရေး)ကုမ္ပဏီလီမိတက်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိသည်။

**စာရင်းကိုင်ဝန်ထမ်း-** (၃)ဦး ကျား/မ

- စာရင်းကိုင်ဘွဲ့ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီး စာရင်းကိုင်သင်တန်းတစ်ခုခု အောင်လက်မှတ်ရှိရမည်။
- Computer Excel ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- စာရင်းကိုင်အလုပ်ကို အထူးစိတ်ပါဝင်စားပြီး ကြိုးကြိုးစားစား ဆောင်ရွက်လိုစိတ်ရှိရမည်။
- ခန့်အပ်ခံရပါက ကုမ္ပဏီတွင် အနည်းဆုံး(၁)နှစ်တာဝန်ထမ်းဆောင်ရမည်။
- လုပ်ငန်းအတွေ့အကြုံမရှိသေးသူများလည်းလျှောက်ထားနိုင်သည်။
- လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုပေါ်မူတည်၍ လစာပေးမည်။

**Sales & Marketing-** (၅)ဦး ကျား/မ

- ဘွဲ့ရ၊ အသက် ၂၈နှစ်မှ ၃၅ နှစ်အတွင်း ရှိသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိရမည်။ စကားပြောသွက်လက်ချက်ချာပြီး အဆင်ပြေစွာ ပြောဆိုနိုင်ရမည်။ အရောင်းအဖွဲ့များကို စိတ်အားတက်ကြွစွာဖြင့် ဦးဆောင်နိုင်စွမ်းရှိသူဖြစ်ပြီး အကျင့်စာရိတ္တကောင်းမွန်ရမည်။ နယ်သို့ခရီးသွားနိုင်ရမည်။

လျှောက်ထားလိုသူများသည် CVတွင် မျှော်မှန်းလစာဖော်ပြ၍ ဘွဲ့၊ အောင်လက်မှတ်မိတ္တူများနှင့်အတူ (၁)လအတွင်းရရှိထားသော စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့ပူးတွဲ၍ ကြော်ငြာပါရှိသည့်ရက်မှ ရက်သတ္တ(၂)ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

**တောင်ပေါ်သားရီရှင်း(စိုက်ပျိုးရေး)ကုမ္ပဏီလီမိတက်**
**အမှတ် (၉/၁၀)၊ ဘေဂျင်းလမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၆၈၃၃၆၈၊ ၆၈၃၃၂၇၊ ၆၈၃၃၂၉၊ ၆၈၀၆၂၅၊ ၆၈၃၄၁၂**

# အမြန်ရောင်းမည်

ရန်ကင်းမြို့နယ်၊ ပါရမီလမ်းမပေါ် ပေ၃၀×ပေ၆၀ မြေကွက်လွတ်။
**ဖုန်း- ၀၉-၅၀၆၇၇၀၀၊ ၀၉-၉၆၇၉၀၇၁၇၀**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊ မြေကွက်အမှတ် (၈ᵃ)၊ ဧရိယာ ၀ ဒသမ ၀၂၀ ဧကရှိ ဒေါ်ခင်နွဲ့ရီ (ပါ)၄ အမည်ပေါက်ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်နွဲ့ရီ (ပါ-၄) ၉/ပမန(နိုင်)၁၁၁၀၈၁ (ဘ) ဦးစိန်ချွန်းမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစိမ်းလဲ့လဲ့စိုး ၁၀/ရမန(နိုင်)၁၅၁၂၂၅ ၏ Passport (No.မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

# ELEVEN STAR BBQ & Car Washing

အသစ်ဖွင့်လှစ်မည့် ကျွန်တော်တို့ဆိုင်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

| | | |
|---|---|---|
| ၁။ မန်နေဂျာ | ၁ ဦး | ကျား |
| ၂။ အကြော်ဆရာ | ၁ ဦး | ကျား |
| ၃။ အကင်ဆရာ | ၁ ဦး | ကျား |
| ၄။ ဓားကိုင် | ၁ ဦး | ကျား |
| ၅။ Cashier | ၃ ဦး | မ |
| ၆။ ကားရေဆေးလုပ်ငန်း | ၃ ဦး | ကျား |
| ၇။ Waitress | ၅ ဦး | မ |
| ၈။ ကားရေဆေးလုပ်ငန်းအထွေထွေ | ၅ ဦး | မ |
| ၉။ လုံခြုံရေး | ၁ ဦး | ကျား |

အမှတ်စဉ်(၁)အတွက် ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။

အမှတ်စဉ်(၄)အတွက် ဘွဲ့တစ်ခုခုရရှိပြီး LCCI Level (2) အောင်မြင်သူဖြစ်ရမည်။

ကျန်ရှိသောအလုပ်များအတွက် သင့်တင့်သောပညာအရည်အချင်းရှိပြီး လုပ်ငန်းအတွေ့အကြုံ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ မှတ်ပုံတင်မူရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ CV Form နှင့်တကွ လိုအပ်သောစာရွက်စာတမ်း အပြည့်အစုံဖြင့် ၂၅-၅-၂၀၁၆ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**လိပ်စာ- အမှတ် (၂၃၂၂)၊ ၇ ဈေးလမ်း၊ စာရင်းစစ်ရုံးအနီး၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၅၀၁၅၁၀၈၊ ၀၉-၅၁၅၇၂၄၇၊ ၀၉-၄၂၃၇၀၁၆၂၉**
**နယ်မှလာရောက်သူများအတွက် နေထိုင်ရေးစီစဉ်ပေးပါမည်။**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၃၆၃၈၉ Honda 90 China M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်မြင့် ၉/ခမစ(နိုင်)၀၄၅၄၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/1646 Dump Truck (4x2) L ယာဉ်လက်ဝယ်ရှိသူ ဖြိုးဝေလျှံကုမ္ပဏီက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဦးထွန်းထွန်း၏ ၅-၅-၂၀၁၆ ရက်စွဲပါ ကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော မော်လမြိုင်မြို့၊ မောင်ငံရပ်၊ အောင်ချမ်းသာ(၁)လမ်းထိပ် အမှတ် ၁၂၅ နေ ဒေါ်ထွန်းမြင့်၊ ဒေါ်တင်တင်သိန်း၊ ဒေါ်တင်တင်သန်း၊ ဦးသက်ဝေ၊ ဦးဝင်းဌေး၊ ဒေါ်ချစ်သိန်း မောင်နှမတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ တောင်ဝိုင်းလမ်း၊ အမှတ် ၉၊ (အာမခံရုံးရှေ့) နေ ဦးထွန်းထွန်း၏ ၁၀/မလမ(နိုင်)၁၂၂၅၅၇ မှ ၅-၅-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၅ ပါ ကြော်ငြာချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။ သတင်းစာပါ ဦးထွန်းထွန်း စွပ်စွဲသကဲ့သို့ ၂-၃-၂၀၁၆ ရက် ညပိုင်း ၎င်း၏နေအိမ်သို့ ကျွန်ုပ်၏အမှုသည်များ ရောက်ရှိခဲ့ခြင်းလုံးဝမရှိပါ။ ကျွန်ုပ်အမှုသည်များ၏ မောင်အရင်းတော်စပ်သူ ဦးမျိုးမြင့်က ကျွန်ုပ်အမှုသည်၏ မိဘများပိုင်ဆိုင်သည့် အမွေပုံပစ္စည်းဖြစ်သော မော်လမြိုင်မြို့၊ အောင်တော်မူရပ်၊ ရုပ်လမ်း(လိပ်ကုန်းလမ်း)၊ အမှတ်(၃၁/အေ)၊ နှစ်ထပ်နေအိမ်နှင့် ၎င်းအိမ်တည်ရှိရာ မော်လမြိုင်မြို့နယ်၊ မောင်ငံရပ်ကွက်၊ ကွင်းအမှတ် ၆၇၊ ဦးပိုင်အမှတ် ၁၁၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၀ ဧကနှင့်ပတ်သက်၍ ၎င်းတစ်ဦးတည်းပိုင်အဖြစ်ရရှိရန် ဦးထွန်းထွန်းနှင့်ပူးပေါင်းပြီး ဆောင်ရွက်နေသည့်ကိစ္စအပေါ် မော်လမြိုင်ခရိုင်တရားရုံးတော်၌ ကျွန်ုပ်၏အမှုသည်များက တရားစွဲဆိုထားပါသည်။ ဦးထွန်းထွန်းနှင့် ဇနီးဒေါ်ငွေချစ်တို့က ယင်းပစ္စည်းများသည် ၎င်းတို့မှ ကျွန်ုပ်အမှုသည်များ၏ မိဘများအား လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ကျော်ကတည်းက ရောင်းချပြီးဖြစ်၍ ယခု ၎င်းတို့မိဘများ ကွယ်လွန်သွားပြီးဖြစ်သဖြင့် အမွေဆိုင်ပစ္စည်းဖြင့်ကျန်ခဲ့ကြောင်း ဦးမျိုးမြင့်မှ ၎င်းအား မမှန်မကန် စာချုပ်များတွင် လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ ယင်းအမှန်တရားများကို လက်မှတ်ရေးထိုးစာချုပ် ချုပ်ပေးမည်ဆို၍ ၎င်းတို့ဇနီးနှစ်ဦးစလုံး ၃-၃-၂၀၁၆ ရက် ညနေ ၃း၀၀နာရီခန့်က ကတိဝန်ခံချက်စာချုပ်ပေါ်တွင် လက်မှတ်ရေးထိုး လက်ဗွေပါနှိပ်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းသို့လက်မှတ်ရေးထိုးစဉ် ဦးထွန်းထွန်း ကိုယ်တိုင် စာချုပ်ဖတ်ရှုနေခြင်းအား ဖုန်းဖြင့်ရိုက်ကူးထားသည့် ဓာတ်ပုံများ၊ အသံဖိုင်၊ သက်သေခံချက်များလည်းရှိပါသည်။ ဦးထွန်းထွန်းမှ ယင်းသို့ သတင်းစာတွင် မမှန်မကန်ကြော်ငြာခဲ့ခြင်းနှင့်ပတ်သက်ပြီး ဆွေမျိုးအရင်းအချာတော်စပ်သူဖြစ်၍ ဦးထွန်းထွန်းအား အကျိုးအကြောင်း သွားရောက်မေးမြန်းရာ ဦးထွန်းထွန်းမှ ၎င်းဘာမှမသိကြောင်း၊ ဦးမျိုးမြင့်မှ ရန်ကုန်ခေါ်သွားပြီး စာရွက်(၁)ရွက်ပေါ်တွင် လက်မှတ်ရေးထိုးစေသဖြင့်၊ ရေးထိုးစေခဲ့ခြင်းသာဖြစ်ကြောင်း ပြောခဲ့ပါသည်။ မည်သို့ဆိုစေ ယင်းကြော်ငြာချက်မှာ ကျွန်ုပ်အမှုသည်များအဖို့ များစွာဂုဏ်သိက္ခာကျဆင်းစေပါသည်။ သို့ဖြစ်၍ ဦးထွန်းထွန်းအနေဖြင့် ၅-၅-၂၀၁၆ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ကြော်ငြာထားခြင်းအား အမြန်ဆုံး ရုပ်သိမ်းပေးရန်နှင့် မရုပ်သိမ်းပါက ကျွန်ုပ်၏အမှုသည်များက မလွှဲမရှောင်သာ ဥပဒေအရအရေးယူရမည်ဖြစ်ကြောင်း ဦးထွန်းထွန်းသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးဇော်ဦး LL.B (အထက်တန်းရှေ့နေ) (စဉ်-၃၈၄၈၂)**
**(ဒေါ်ထွန်းမြင့်၊ ဒေါ်တင်တင်သန်း၊ ဒေါ်တင်တင်သိန်း၊ ဒေါ်ချစ်သိန်း၊ ဦးဝင်းဌေး၊ ဦးသက်ဝေတို့၏ အထက်တန်းရှေ့နေ)**
**လိပ်စာ(H/၂၂)၊ မြို့ပတ်လမ်း၊ မဟာမြိုင်စာသင်ကျောင်းရှေ့၊ မြေနီကုန်းရပ်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၉-၄၂၅၂၇၉၈၀၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၇၊ မြေကွက်အမှတ် ၁၀၇၅/ခ၊ အကျယ်ပေ(၂၀×၆၀)၊ မြေအမျိုးအစား စလစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် ၁၀၇၅/ခ၊ အနော်ရထာလမ်း၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လှိုင်မြို့နယ်၊ (၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ ဒေါ်မာလာဟာ AF-၀၀၁၆၂၃ နှင့် ဦးမောင်မြင့် SLN-၀၃၈၄၇၉ အမည်ဖြင့်ချထားပေးခြင်းခံရပြီး ၎င်းတို့ထံမှ ၅-၂-၉၄ ရက်စွဲပါ အိမ်မြေအပြီးအပိုင်ရောင်းခြင်းစာချုပ်အရ မိခင်ဖြစ်သူ ဒေါ်သောင်းညွန့် TKI-၀၈၄၀၂၇ မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မိခင်ဖခင်တို့ကွယ်လွန်သဖြင့် ဦးနီအောင်နိုင် ၁၂/လမန(နိုင်)၁၁၅၂၉၂၊ ဒေါ်ခင်လေးနိုင် ၁၂/လမန(နိုင်)၀၈၃၄၄၉ တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကောင်းမြတ်ဇော် ဦးသန့်ဇော်**
**အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

၁။ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ဦးခင်မောင်နီ(ဘ) ဦးထွန်းကြည် ၅/ဝလန(နိုင်)၀၈၄၂၉၄ အမည်ပေါက် မြေကွက်အမှတ် (၄၀၆) နှင့် ဦးရန်နိုင်ဆွေ (ဘ)ဦးထွန်းကြည် ၅/ဝလန(နိုင်)၀၈၄၂၉၃ အမည်ပေါက် မြေကွက်အမှတ်(၄၀၇)တို့အား နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၂၅-၂-၂၀၁၁ရက်စွဲပါ စာအမှတ် ၄၂၅/၁၈-၁/ နပတ(မြေယာ)ဖြင့် နေရာချထားပေးသောမြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်များအား ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်ဖြိုးမြင့်မှ မြေပေးမိန့်မူရင်းများပျောက်ဆုံးသွားပါ၍ မိတ္တူမှန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မြေပိုင်ဆိုင်မှုအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးခင်မောင်နီနှင့် ဦးရန်နိုင်ဆွေအမည်ပေါက် မြေပေးမိန့်မူရင်းများအား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပန်းတနော်မြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၁၅၇နေ ကျွန်မဒေါ်ခင်မာဦး ၁၄/ပတန(နိုင်)၀၀၄၁၅၅ ၏ သမီးကြီး မနှင်းထိုက်စိုး ၁၄/ပတန(နိုင်)၁၀၅၂၂၈ သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးပြုလုပ်ခြင်း၊ ပြောဆိုဆုံးမမှုများအား နာခံမှုမရှိခြင်းကြောင့် ယခုကြော်ငြာသည့်ရက်မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ခင်မာဦး ၁၄/ပတန(နိုင်)၀၀၄၁၅၅**
**ပန်းတနော်မြို့**

## အမည်မှန်

ဦးမျိုးလှိုင်ဝင်း၏သား စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အလက(၄) တတိယတန်း(အောင်)မှ မောင်အေးချမ်းအောင်၏ အမည်မှန်မှာ မောင်အေးချမ်းမောင်ဖြစ်ပါသည်။ **မောင်အေးချမ်းမောင်**

## မသက်ဆိုင်တော့ပါကြောင်း

ကျွန်တော် မောင်မျိုးနိုင် ၁၂/ဒပန(နိုင်)၀၀၉၄၃၄ သည် မစုစုဝေ ၁၂/ဒပန(နိုင်)၀၀၈၃၈၇ နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း သူမနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မောင်မျိုးနိုင်**
**၅၈၊ နဝဒေးလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံ**

SWEETY HOME®
Living Mall (Hlaing)

စပရင်မွေ့ရာ၊ ပရိဘောဂ၊
မင်္ဂလာခန်းဝင် ပစ္စည်းအမျိုးမျိုးနှင့်
မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး
တို့ကို တစ်နေရာတည်းတွင်
စုံလင်စွာဝယ်ယူရရှိနိုင်ပါသည်။

အမှတ် (၈၂)၊ ရွာမကျောင်းလမ်း၊ လှိုင်မြို့နယ်
Hot Line - 09 9779 19555

NOW OPEN
— 15-5-2016 (SUN) —

UP TO 10% OFF

Promotion Date - 15th ~ 31st May

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ် ၅၂၊ စီးပွားဇုန်အကွက်၊ ဦးပိုင်အမှတ် E-၂၆၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိမြေအား ဦးနေမျိုးအောင်က ၎င်း၏အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ဝန်ထမ်း အလိုရှိသည်

Advanced Media Group တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အမြန် အလိုရှိပါသည်။

(၁) ယာဉ်မောင်း ကျား (၂) ဦး
(လမ်းမတော်မြို့တော်နှင့်အနီးတစ်ဝိုက်တွင်နေထိုင်သူအားပို၍ဦးစားပေးမည်)

(၂)· အရောင်းဝန်ထမ်း ကျား/မ (၃)ဦး
(Tyre လုပ်ငန်းတွင်ကျွမ်းကျင်စွာလုပ်ကိုင်နိုင်သူဖြစ်ရမည်)

စိတ်ပါဝင်စားသူများCVတစ်စုံနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် (၈၈)၊ ရွှေတောင်တန်းလမ်း (အလယ်)၊ လမ်းမတော်မြို့နယ်။
ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၃၀၁၁၂၄ ၊ ၀၁ ၂၃၀ ၁၁၂၅ ။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၉၄၃၃၉ Yamaha Tricker M/C ယာဉ်လက်ဝယ်ရှိသူ ဦးရာဇာမင်းခန့် ၉/အမဇ(နိုင်)၀၄၂၃၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်လွှာခေါ်သည့် ကြော်ငြာစာ

၁။ ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးစောချစ်လွန်း ၃/ဘအန(နိုင်)၀၁၇၄၉၉ ကိုင်ဆောင်သူ ဘားအံမြို့နယ် အမှတ်(၃)ရပ်ကွက်၊ အမှတ် ၁၃၊ ဇမာကြီးချောင်းကွင်း အကွက်ပိုင်မြေကွက်အမှတ် ၂၅/၃ ဧရိယာ ၀ဒသမ ၀၄၉ဧကအား မြေငှားဂရန်မြေအဖြစ် အသုံးပြုရန် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် မြေစာရင်းပုံစံ ၁၀၅/၁၀၆ ရေးဆွဲနိုင်ရေးအတွက် လျှောက်ထားခြင်းကိစ္စအား အများပြည်သူသိစေရန် ကြော်ငြာလိုက်ပါသည်။

၂။ အခြားတစ်စုံတစ်ယောက်က ယခု လျှောက်ထားခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဘယ်အကြောင်းကြောင့် ကန့်ကွက်တင်ပြရခြင်းဖြစ်ကြောင်း ဖော်ပြပါမြေနှင့်ပတ်သက်သော အထောက်အထားအပြည့်အစုံဖြင့် ၂၇-၅-၂၀၁၆ ရက်(သို့မဟုတ်) ထိုနေ့ရက်မတိုင်မီ ကန့်ကွက်လွှာတင်သွင်းရမည်ဖြစ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**ဘားအံမြို့**

## သွာနုတ္တရသားအဖြစ်သတ်မှတ်ပြီး အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃင်္န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်မွန်အိမ်ရာ၊ တိုက်အမှတ်(၅)၊ အခန်းအမှတ် ၀၀၁ နေ (ဦးအေးသိုက်-ကွယ်လွန်)-ဒေါ်သန်းသန်းဝင်း ၁၂/သဃက(နိုင်)၀၆၅၃၁၁ ၏သား မောင်ဝင်းဝဏ္ဏဦး ၁၂/သဃက(နိုင်)၀၃၇၈၈၇ သည် မိခင်၏ဆိုဆုံးမသည်ကို နားမထောင်သည့်အပြင် မိခင်အား စိတ်ဆင်းရဲအောင် အမျိုးမျိုးလုပ်သည့်အပြင် ရန်သူသဖွယ်ပြုမူဆက်ဆံလာသည့်အတွက် ယနေ့မှစ၍ မောင်ဝင်းဝဏ္ဏဦးအား သွာနုတ္တရသားအဖြစ်သတ်မှတ်၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဝင်း**
**၁၂/သဃက(နိုင်)၀၆၅၃၁၁**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအနောက်ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် ၆/၈၊ မြေတိုင်းအမှတ် ၄၆/ဘီ၊ ဒဂုံ၊ မြေကွက်အမှတ် ၁၅၃၊ ဂရန်ရှိမြေပိုင်မြေ၊ အကျယ်ဧရိယာ ၁ ဒသမ ၂၀၈ ဧကမြေနှင့်ပတ်သက်၍ မစ္စဂျနီဖာအင်န်ရီချီ၊ မစ္စတာပီတာဒေးဗစ်မာတင်၊ မစ္စတာစတီး(ဗ်)ကားလ်မာတင်နှင့် အများသိရှိစေရန် ကြေညာခြင်း

၁။ အထက်ဖော်ပြပါ မြေနှင့်အိမ်သည် ML Martin အမည်ပေါက်သော်လည်း ML Martin ၏မြေး ၉ ဦးအနက် Mr.Basil Peter Martin မှလွဲ၍ ကျန် ၈ ဦးစလုံးသည် နိုင်ငံခြားသို့ အပြီးအပိုင်ထွက်သွားသော နိုင်ငံခြားသားများဖြစ်ကြပါသည်။ ထို့အပြင် ML Martin ၏ မြစ်များဖြစ်ကြသည့် မစ္စဂျနီဖာအင်န်ရီချီ (P P No.N-8389892)၊ မစ္စတာပီတာဒေးဗစ်မာတင် (PP No.M-9620027)၊ မစ္စတာစတီး(ဗ်)ကားလ်မာတင် (PP No.M-2101868)တို့သည်လည်း နိုင်ငံခြားသို့ အပြီးအပိုင်ထွက်ခွာသွားကြသည့် နိုင်ငံခြားတွင်နေထိုင်သည့် နိုင်ငံခြားသားများဖြစ်ပါသည်။ သို့ဖြစ်၍ ၎င်းတို့သည် မြန်မာနိုင်ငံရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအပေါ်တွင် တစ်စုံတစ်ရာ ပြောဆိုအရေးဆိုပိုင်ခွင့်မရှိတော့ပါ။ ၁၉၈၇ ခုနှစ် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းလွှဲပြောင်းခြင်း(ကန့်သတ်ရေး)ဥပဒေအရ နိုင်ငံခြားသို့ အပြီးအပိုင်ထွက်ခွာသွားသူတို့၏ ပိုင်ဆိုင်ခွင့်မှာ ချုပ်ငြိမ်းသွားပြီဖြစ်သည်။

၂။ ဒေါ်တင်တင်အေးသည် မြန်မာနိုင်ငံသားဖြစ်ပြီး Mr.Basil Peter Martin ၏ တရားဝင်ဇနီးဖြစ်သဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသည် ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၆(က)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အဆိုပါမြေကို အမွေဆက်ခံခွင့်ပြုကြောင်း ၁-၃-၂၀၁၆ ရက်စွဲပါအမိန့်ဖြင့် အမိန့်ချမှတ်ထားပြီးဖြစ်ပါသည်။

၃။ ထို့ကြောင့် ဒေါ်တင်တင်အေးကဲ့သို့ မြန်မာနိုင်ငံသားဖြစ်ပြီး အမွေဆက်ခံခွင့်လျှောက်ထားခဲ့သူမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက် အဖွဲ့အစည်းမှ ဥပဒေအရ ပိုင်ဆိုင်ခွင့်ရရှိမည်မဟုတ်ပါ။

၄။ သို့ပါသောကြောင့် အဆိုပါမြေနှင့်ပတ်သက်၍ ဥပဒေအရ အခွင့်အရေးမရှိသည်ကို သိလျက်နှင့်ဖြစ်စေ၊ မသိရှိ၍ဖြစ်စေ အဆိုပါမြေလွှဲပြောင်းမည့်ကိစ္စကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ကန့်ကွက်ခြင်း၊ ယင်းသို့ပြုလုပ်ရန် အားပေးခြင်းများကို ဆက်လက်ဆောင်ရွက်နေမည်ဆိုပါက မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုမဆို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်အေး**
**(ဘ) ဦးချစ်စိန်**
**၁၂/မဂတ(နိုင်)၀၄၇၉၄၅**

## မန္တလေးမြို့တွင် တာဝန်ထမ်းဆောင်ရန်

အောင်မြင်တိုးတက်နေသော ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ခန့်အပ်ရန် ရိုးသား၍ ကြိုးစားအလုပ်လုပ်ကိုင်လိုသော အရည်အချင်းမြင့် (ကျား/မ) ဝန်ထမ်းကောင်းများအလိုရှိသည်။ ဝန်ထမ်းများအတွက် အတွေ့အကြုံသစ်များစွာနှင့် အနာဂတ် အလားအလာကောင်းများ လစာကောင်းနှင့် ဘဝအခြေအနေကောင်းများ ရရှိပါမည်။

ကိုယ်ရေးရာဇဝင်၊ မျှော်မှန်းလစာ၊ အရည်အချင်း(၄င်းစာရွက်စာတမ်းမိတ္တူများ)၊ လျှောက်ထားရသည့် ရည်ရွယ်ချက်နှင့် ရည်မှန်းချက်အပြည့်အစုံ စသည်တို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| **(၁) အထွေထွေမန်နေဂျာ** | **ကျား/မ** | **၁ ဦး** |
| **(၂) မန်နေဂျာ** | **ကျား/မ** | **၃ ဦး** |

အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။ ခေါင်းဆောင်မှုအရည်အချင်းမြင့်မား၍ လုပ်ငန်းများတိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်စွမ်းရှိရမည်။ Warehousing & Distribution Centre လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

| | | |
|---|---|---|
| **(၃) Warehouse Operation** | **ကျား** | **၁၀ ဦး** |
| **(၄) Warehouse Documentation** | **မ** | **၅ ဦး** |
| **(၅) Logistics Officer** | **ကျား/မ** | **၅ ဦး** |
| **(၆) Logistics Assistant** | **ကျား/မ** | **၅ ဦး** |

အမှတ်စဉ်(၃)မှ (၆)- ဤလုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံ လုံးဝမရှိသူများ၊ တက္ကသိုလ်တက်ရောက်နေသည့် ထူးချွန်လူငယ်များလည်း လျှောက်ထားနိုင်ပါသည်။

**အမှတ် ၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ၀၁-၀၁ ဒဂုံတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၁-၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၄၄၁၃၈၊ ၅၄၄၃၄၀၊ ၅၄၄၃၄၁**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၉၊ မြေကွက်အမှတ် ၄၇/ခ၊ မြေကွက်တည်နေရာ ၄၇/ခ၊ ဓနုဖြူပန်းခြံလမ်း၊ ၆/၁၂ ရပ်ကွက်၊ ရွှေပြည်သာ ဦးသန်းဦး(ISN-၁၆၀၇၇၂) အမည်ပေါက်ပါမစ်မြေအားအမည်ပေါက် ဦးသန်းဦး (ISN-၁၆၀၇၇၂)ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ရီရီလွင် ၁၂/အစန(နိုင်)၀၀၆၇၅၀မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ရန်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုဒ်ဦး၊ ရေတွင်း၊ ရေကန်၊ရေစင် ဒါယကာကြီး
ဗိုလ်မှူးကြီးမြင့်လွင် (ငြိမ်း)
(ကြည်း / ၈၆၁၅) တပ်ထိန်းချုပ် (ငြိမ်း)

ချစ်သောဒယ်ဒီ မိသားစုနှင့် ခွဲခွာသွားသည်မှာ (၁၇.၅.၂၀၁၆) တွင် (၁)နှစ်တိတိ ပြည့်ခဲ့ပါပြီ။ ဒယ်ဒီ့အားရည်စူး၍ ဆရာတော်ကြီးများအား လစဉ် ဆွမ်း၊ သင်္ကန်း၊ နဝကမ္မအလှူငွေများ လှူဒါန်းခြင်း၊ ယနေ့ (၁)နှစ်ပြည့်သည့် နေ့တွင် ဗဟန်း၊ မဟာစည်သာသနာ့ရိပ်သာ၌ အာရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခြင်း စသည့် ကုသိုလ်ကောင်းမှုများကို အမျှပေးဝေပါတယ်။

မြင့်မြတ်ရာ ဘုံဘဝမှ ကြားနိုင်၊ မြင်နိုင်၊ သိနိုင်ပြီး ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓု အနုမောဒနာ ခေါ်ဆို၍ အဆင့်ဆင့် မြင့်သည့်ဘုံဘဝသို့ တက်လှမ်းနိုင်ပါစေ။

ဒယ်ဒီရေ . . . အမျှ . . . အမျှ . . . အမျှ

ဇနီး - ဒေါ်ခင်အုန်းမြင့် (ကျောင်းအုပ်-ငြိမ်း)
သမီး - မမြင့်မြတ်မွန်

---

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ အမှတ် ၁၆၃၊ ဦးပိုင် ၂၉/၂၊ ကွင်းအမှတ် ၄၃/၁ကန့်ကူး ရပ်ကွက်ရှိ အလျား ၆၀ပေ×အနံ ၃၀ပေရှိ မြေကွက်ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးအားဆီ ၁/မကန(နိုင်)၀၁၇၀၁၂ ကွယ်လွန်သွားသည့်အတွက် ၄င်း၏ တရားဝင်ဇနီးဖြစ်သူ လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်လာမူဆား ၁/မကန(နိုင်)၀၇၅၆၉၅မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သူဖြစ်ကြောင်း ကြေညာပါသည်။ ထို့ပြင် ဒေါ်လာမူဆားမှ အထက်ပါအိမ်ခြံမြေနှင့်ပတ်သက်၍ ၄င်း၏အမည်ပေါက် ပြောင်းလဲခြင်းပြုလုပ်မည်ဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့် ကန့်ကွက်ရက်ကျော်လွန်ပြီးမှ လာရောက်ကန့်ကွက်ချက်များအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းတင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၅၇)**
**၁၀၇၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့**

---

**ဦးသိန်းဟန် (ထားဝယ်)**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၁၀၂၆/ကနေ (ဒေါ်ခင်ကြည်)၏ခင်ပွန်း၊ ဦးလှအောင်-ဒေါ်အေးအေးသန်း၊ (ဦးမြင့်ဦး)-ဒေါ်ညွန့်ညွန့်သန်း၊ ဦးဇော် ဝင်း-ဒေါ်နွယ်နွယ်အေးတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်၁၀ယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီ တွင် ကွယ်လွန်သွားပါသဖြင့်ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီ မှ၁၀နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဒေါက်တာ ဒေါ်ကြည်ကြည်ချစ်**
**(မိခင်နှင့်ကလေးကျောင်း ကျန်းမာရေးဆရာဝန်ကြီး အငြိမ်းစား)**
**လက်ထောက်ညွှန်မှူး (ငြိမ်း)**
**အသက် (၉၁)နှစ်**

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးအောင်ကြည် (ရေ)၁၀၅၀၏ ချစ်လှစွာသော ဇနီး၊ သားသမီး သုံးယောက်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၅-၅-၂၀၁၆ရက် နံနက် ၇း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

**ဒေါ်သန်းစိန်**
**(ကျုံ့ဒရယ်)**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၃၃၈နေ (ဦးချမ်းမြ-ဒေါ်သောင်းရင်)တို့၏သမီး၊ ဦးကြီးမြင့်၏ဇနီး၊ ဦးသန်းဦး-ဒေါ်လှဲလှဲဝင်း၊ ဒေါ်သင်းသင်းဆွေ၊ဦးတင်အောင်လွင်-ဒေါ်မေဇင်မော်၊ ဒေါ်သင်းသင်းထွေးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၅-၅-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၅း၄၅နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးမောင်လှ**
**အသက်(၈၇)နှစ်**

စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်၏ ဖခင်ဦးမောင်လှသည် ၁၃-၅-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၃း၄၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူးနှင့်ဝန်ထမ်းများ**
**အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ)**

---

**ဒေါ်စိန်စိန်မြင့်**
**စီမံကိန်းအရာရှိ၊ စက်မှုစားကုန်(ငြိမ်း)**
**MEHS ကျောင်းသူဟောင်း**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့နေ (ဦးကျော်မြင့်လေး)-ဒေါ်ရင်ရင်နွဲ့တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ရပ်ကွက်၊ ယင်းမာ၂လမ်း၊ ၁၃၂/၂နေ (ဗိုလ်မှူးသက်ဆွေ)-ဒေါ်ယဉ်ယဉ်မြင့်(ဒဂုံ-၁၊ ငြိမ်း)တို့၏ညီမ၊ ဦးအေးမြင့်(ရုပ်/သံ ငြိမ်း)-ဒေါ်စုစု၊ ဒေါ်လှလှမြင့်(PISM/CISM)၊ ဦးစိုးမြင့်(ရာဇာဥပဒေ)-ဒေါ်ခင်ကြူကြူလှိုင်၊ ဒေါက်တာဇော်မြင့် (FRIENDLY HOST TOURISM)၊ (ဒေါက်တာတင်ဦး)-ဒေါက်တာဖြူဖြူမြင့်(St Theresa College BKK)၊ ဦးအောင်မျိုးမြင့်-ဒေါ်မို့မို့ဝင်းတို့၏အစ်မ၊ တူ၊ တူမ ကိုးယောက်တို့၏အဒေါ်သည် ၁၅-၅-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (တောင်ဥက္ကလာပနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ဦးတင်ထွဋ်(အတွတ်)**
**စိန့်ဂျွန်းကျောင်းသားဟောင်း**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်၅၊ (၂/၃/၄-လွှာ)၊ အာသာဝတီလမ်းနေ (ဦးလှရွှေ-ဒေါ်ခင်ထွေး)တို့၏သား၊ ဦးအောင်တင်၊ ဦးအောင်ခင်-ဒေါ်အေးမြင့်၊ ဦးအောင်ဖြိုး-ဒေါ်ခင်မျိုး ဆန်း၊ ဦးတင်ထွန်း-ဒေါ်စန်းအေးရီ(အ ထက၆၊ အလုံ)၊ ဦးသိန်းဌေး-ဒေါ်ညွန့် ညွန့်ကြည်၊ ဦးတင်ဦး-ဒေါ်မေမေသန်းတို့၏အစ်ကို၊ တူ၊ တူမကိုးယောက်တို့၏ ဘကြီးသည် ၁၅-၅-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁း၂၀နာရီတွင် လမ်းမတော်မြို့နယ်၊ အမှတ် ၁၃၊ ၁၄လမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (လမ်းမတော်မြို့နယ်၊ အမှတ် ၁၃၊ ၁၄လမ်းနေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမောင်နှမများ**

---

## မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ကွင်းအမှတ် မ-၆၇(၂)၊ဦးပိုင်အမှတ်(၂)(၃)ဂရန်မြေကွက်များနှင့်စပ်လျဉ်း၍ ဒေါ်မြနှင်းဝေ(ခ)မဝေ ပါ(၂)ဦးနှင့်

## အများသိရှိစေရန် ကြေညာခြင်း

အထက်ပါမြေကွက်များနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး၏ တရားမကြီးမှုအမှတ် ၅၃/၂၀၁၅ တွင် ဦးမျိုးဆွေသိမ်း ပါ(၂)သည် ဒေါ်မြနှင်းဝေ(ခ)မဝေ ပါ(၃)ဦးအပေါ် ၈-၁-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း ၂၀(က)အရ ငြင်းချက်ထုတ်ရန် သမ္မန်စာ၌ **သင့်အပေါ် ဦးမျိုးဆွေသိမ်း ပါ(၂)မှ ၁၄-၆-၂၀၁၁ရက်ပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ရုံး၏ တရားမကြီးမှု အမှတ် ၃၇၀/၂၀၁၁၏ စီရင်ချက်နှင့် ဒီကရီအရ အပေါင်ရွေးနုတ်လိုမှု မှတ်ပုံတင်အရောင်း စာချုပ်အမှတ် ၁၁၁၇/၂၀၁၁၊ မှတ်ပုံတင်အရောင်းစာချုပ်အမှတ် ၁၁၀၈/၂၀၁၁ နှင့် မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာအမှတ် ၈၂၁၃/၂၀၀၇ နှင့် မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာအမှတ် ၈၂၁၄/၂၀၀၇ တို့ကို ပယ်ဖျက်ပေးစေရန်နှင့် အချင်းဖြစ်မြေကွက်ပေါ်ရှိ အဆောက်အအုံများကို ဖျက်သိမ်းဖယ်ရှားပြီး၊ အချင်းဖြစ်မြေကွက်များကို တရားလို၏ လက်ဝယ်သို့ လက်ရောက်ပေးအပ်စေလိုမှု**ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်ကြောင်း ဖော်ပြပါရှိခဲ့ရာ ယင်းအမှုနှင့်စပ်လျဉ်း၍ တရားရုံးတော်မှ အမိန့်တစ်စုံတစ်ရာ မချမှတ်မီကာလတွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ကွင်းအမှတ် မ-၆၇(၂)၊ ဦးပိုင်အမှတ် (၂)(၃) ဂရန်မြေကွက်များနှင့် စပ်လျဉ်း၍ မည်သူမဆို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပိုင်ခွင့်မရှိပါ။ အကယ်၍ ပြုလုပ်ဆောင်ရွက်လာပါက ပြုလုပ်သူ၏တာဝန်သာ ကျရောက်မည်ဖြစ်ကြောင်း သဘောရိုးဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးဆွေသိမ်း ပါ(၂)**
**လွှဲအပ်ချက်ပေးသူ**

**လွှဲအပ်ချက်အရ-**
**ဦးခင်မောင်ကြီး တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၈၉)**
**ဖုန်း-၀၉-၅၀၉၅၉၇၆**
**ဦးသန်းဦး တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၂၉)**
**ဖုန်း-၀၉-၇၉၈၅၀၈၅၄၅**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဒေါက်တာဦးဇော်ထွန်း**
**Chairman**
**(Pinlon Group of Hospitals)**
**ပင်လုံဆေးရုံ၊ ရွှေဂုံတိုင်ဆေးရုံ၊ ဥတ္တရသီရိဆေးရုံ-နေပြည်တော်**
**Universal Medical Centre Co.,Ltd**
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ဓမ္မစကြာကျောင်းနေ ဦးဇောတိကနှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ မေခလမ်း(အေဒီလမ်း)၊ ၁၄ စီနေ ဒေါ်ခင်သန်းမြင့်တို့၏သား၊ သုံးခွမြို့နေ (ဦးရွှန်ကီး)-ဒေါ်ခင်အုန်းတို့၏သားသမက်၊ ဦးဇော်မင်းသိန်း-ဒေါ်အေးအေးငြိမ်းတို့၏မောင်၊ ဦးအောင်ကျော်စိုး-ဒေါ်ရင်ရင်ထွေးတို့၏အစ်ကို၊ ဒေါက်တာဒေါ်ဌေးဌေးကြည်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းမြတ်၊ မစိမ်းလဲ့ရည်တို့၏ ဖခင်သည် ၁၅-၅-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၀၀း၁၅ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြူလှူကင်(ခ)ဒေါ်စိန်စိန်**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)လမ်း၊ အမှတ် ၆၆(တတိယထပ်-ယာ)နေ ဦးကြူဖောင်းစိန်-(ဒေါ်ထောင်ကင်းဟာ)တို့၏သမီး၊ ဗိုလ်မှူးစိန်မောင်-ဒေါ်ခင်နှင်းရီတို့၏ သမီးချွေးမ၊ ဦးခင်မောင်စိုး၏ဇနီး၊ မသူဇာစိုး (B.E,Civil)၊ မခင်စန္ဒာစိုး(B.Arch Final Year,နည်းပညာတက္ကသိုလ်၊ သန်လျင်)တို့၏မိခင်သည် ၁၂-၅-၂၀၁၆ရက် နံနက် ၆း၃၀ နာရီတွင် စိန့်ဂျွန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာ ဦးဇော်ထွန်း**
**Chairman**
**(Pinlon Group of Hospitals)**
**SSCဆေးရုံ၊ ပင်လုံဆေးရုံ၊ ဥတ္တရသီရိဆေးရုံ(နေပြည်တော်)**
**Universal Medical Centre Co.,Ltd.**
**အသက်(၅၅)နှစ်**

Pinlon Group of Hospitals,SSCဆေးရုံ၊ ပင်လုံဆေးရုံ၊ ဥတ္တရသီရိဆေးရုံ(နေပြည်တော်)၊ Universal Medical Centre Co.,Ltd.၏ Chairman ဒေါက်တာဦးဇော်ထွန်းသည် ၁၅-၅-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Lion Myanmar Int'L, Co.,Ltd မိသားစု**

---

**ဦးရဲဝင်းခိုင်(ခ)ကိုသက်**
**MD. Red Tiger Company**
**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၆ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်၇၃နေ (ဦးတင်ဦး-ဒေါ်စောရင်)တို့၏သား၊ (ဦးတင်ဟန်)-ဒေါ်ကြင်ထွေးတို့၏သားသမက်၊ (ဦးဌေးဝင်း-ဒေါ်နွဲ့မြင့်ခင်)ထူးသန့်သစ်ခွဲ စက်နှင့်သစ်ဆိုင်၊ ဦးရဲဝင်းထိုက်၊ ဒေါ်ခင်ဆွေဦး၊ ဒေါ်ကြည်ကြည်နွယ်၊ ဦးအောင်နိုင်-ဒေါ်ခိုင်ခိုင်နွယ် (တောင်ပင်လယ်နဂါးကုမ္ပဏီ)တို့၏မောင်၊ ကိုသက်မင်းစံ-မမဋ္ဌူကျော်တို့၏အစ်ကို၊ မချောစုသွယ်၊ မစောယုနဒီတို့၏ဖခင်၊ ဒေါ်အေးအေးမြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄-၅-၂၀၁၆ရက် ညနေ ၄း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက် ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်ကြီးငြိမ်းကိုကိုဟန်**
**အသက်(၃၅)နှစ်**

တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ၊ သတ္တုဗေဒ အင်ဂျင်နီယာဌာနမှ သူငယ်ချင်း ဗိုလ်ကြီးငြိမ်းကိုကိုဟန်သည် ၁၃-၅-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်နည်းပညာတက္ကသိုလ်**
**အမှတ်စဉ်(၇)ဗိုလ်လောင်းသင်တန်းမှ သူငယ်ချင်းများ**



# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## ရန်ကုန်-မန္တလေးအမြန်လမ်း၏ ၆ ရာခိုင်နှုန်းနှင့် တန်ဖိုးနည်းအိမ်ရာတို့ ရှေ့ကပြေးနေတဲ့ ရက် ၁၀၀

သတင်းဆောင်းပါး-နိုင်လင်းကြည် စာ-၁၆၊ ၁၇

# တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးရန်စီစဉ်နေသော်လည်း မြေနေရာအခက်အခဲဖြစ်



မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ရောင်းချပေးခဲ့သည့် တန်ဖိုးမျှတ အိမ်ရာများ

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး မေ ၁၆**

မန္တလေးမြို့၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ငွေကျပ်သိန်း ၁၀၀ အောက် တန်ဖိုးနည်းအိမ်ရာများဆောက်လုပ်ပေးရန် စီစဉ်နေသော်လည်း လတ်တလောအခြေအနေတွင် မြေနေရာအခက်အခဲဖြစ်ပေါ်နေကြောင်း သိရသည်။

အခြေခံလူတန်းစားပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် တန်ဖိုးနည်းအိမ်ရာများဆောက်လုပ်ရန် စီစဉ်နေသော်လည်း မြေနေရာအခက်အခဲကြောင့် မြို့၏ဆင်ခြေဖုံးရပ်ကွက်များတွင် မြေကွက်ရှာဖွေနေကြောင်း တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပြောကြားသည်။

"လူနေတိုက်ခန်း အရေအတွက်များများလုပ်ချင်ပေမယ့် မြေကရှားနေတော့ မြေကွက်တွေဝယ်ဖို့လိုက်ရှာနေပါတယ်။ မြို့တော်စည်ပင်နဲ့ တိုင်းဒေသကြီးအစိုးရဘက်က မြေနေရာပေးမယ်ဆိုရင် အဆင်ပြေနိုင်တယ်။ ငွေကျပ် သိန်း ၁၀၀ အောက် တန်ဖိုးနည်း တိုက်ခန်းတွေဖြစ်တဲ့အတွက် အခန်းတော့ကျဉ်းသွားမယ်။ အခုခေတ် အိမ်ငှားဈေးကလည်း ငါးသောင်းကနေ တစ်သိန်းကြားရှိနေတော့ ဝန်ထမ်းတွေနေရေးတော်တော် ဒုက္ခရောက်ရတယ်။

*စာမျက်နှာ ၉ ကော်လံ ၄* ✻

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနထုတ်ပြန်ချက်အရ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။ (မြန်မာ့အလင်း)

## မြန်မာအမျိုးသမီးဘောလုံးအသင်း တရုတ်(တိုင်ပေ)အသင်းကို ရှုံး

**ရန်ကုန် မေ ၁၆**

အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဂျပန်နိုင်ငံတွင် လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီက တရုတ်(တိုင်ပေ) လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းတွင် မေဇင်နွယ်(ဂိုး)၊ ဇင်မာထွန်း၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ခင်သန့်ဝေ၊ ရူပါခိုင်၊

*စာမျက်နှာ ၁၄ ကော်လံ ၅* ❍

ဂျပန်နိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားနေသည့် မြန်မာအမျိုးသမီးအသင်း
ဓာတ်ပုံ-ဘောလုံးအဖွဲ့ချုပ်



